
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၅၀၁၄၆၇၁၂၀၇
မျက်နှာဖုံးခွင့်ပြုချက် ၅၀၀၂၅၅၀၂၀၈

ပထမအကြိမ်၊ ၂၀၀၈ ခုနှစ်၊ မေလ
အုပ်ရေ ၅၀၀

**အဖုံးပန်းချီ**
သိန်းရွှေကြည်၊ Sun

**ထုတ်ဝေသူ**
ဦးကိုကိုမြင့် (သိန်းမင်းစာပေ)
အမှတ် ၆၃၊ ဩဘာလမ်း၊ ကျောက်မြောင်း
တာမွေ။

**အတွင်းပုံနှိပ်သူ**
ဦးကျော်စိန် (ကျောက်စိမ်းအော့ဖ်ဆက်)
၁၇၁၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်။

**အဖုံးပုံနှိပ်သူ**
ဦးကျော်စိန် (ကျောက်စိမ်းအော့ဖ်ဆက်)
၁၇၁၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်။

တန်ဖိုး ၁၀၀ ကျပ်

**ကွန်ပျူတာ**
**Dream City**

# ဆုံခွင်

## မိုဓာလျှန်းဝေ

မည်သူ့ကိုမျှ မရည်ရွယ်ပါ။ အမှားအယွင်းနှင့် တိုက်ဆိုင်မှုရှိလျှင် ခွင့်လွှတ်ပါရန်။

ထာဝရလေးစားချစ်ခင်လျက်
မိုဓာလျှန်းဝေ

www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန်အရေးသုံးပါး**

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး

တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး

အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄) ရပ်**

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄) ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# အခန်း (၁)

အရပ်လေး မနိမ့်မမြင့် ကိုယ်လုံးကျစ်ကျစ် သွယ်လျသော ခန္ဓာကိုယ်ပေါ်တွင် သားနားသော ဝတ်စုံကို ဝတ်ထားသော အိမ်စည်ဆိုသော မိန်းကလေးက သူငယ်ချင်းနှင့် ရယ်မောစွာ စကားပြောနေသည်။

"ဟဲ့ ... အိမ်စည် နင့်အဒေါ် သဘောတူထားတဲ့သူနဲ့ ဘယ့်နှယ့်လဲ အဆင်ပြေလား"

"ဟင့်အင်း ..."

"ဘာဖြစ်လို့လဲ"

"ငါမှ သူ့မကြိုက်တာ"

"ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"အို ... မချစ်လို့ပေါ့၊ ပြီးတော့ သူ့အကြည့်တွေက သိပ်ပြီး ရဲတင်းတယ်၊ ဘာကြောင့်မှန်းမသိဘူး၊ သူ ငါ့ကို အဲလိုကြည့်တိုင်း ကြက်သီးထတယ်"

"ပိုက်ဆံချမ်းသာပြီး ရုပ်ရည်လည်း မဆိုးပါဘူး"

"သူချမ်းသာတာ ဘာလုပ်ရမှာလဲ။ လူကိုမြင်ရင် အစိမ်းလိုက် ဝါးစားမှာ ကျနေတာပဲ"

"အိမ်စည်ရယ် နင်က တော်တော်ရယ်စရာ ကောင်းတာပဲ"

"ရယ်စရာကောင်းတယ် လုပ်မနေနဲ့၊ ပြန်ကြရအောင်"

"နင်ကလည်း စားလို့သောက်လို့ပြီးတာနဲ့ ပြန်ချင်ပြီလား"

"အေးလေ ပြန်ချင်ပြီ"

"နေပါဦး ငါ လာတွေ့တဲ့ဧည့်သည်မှ မလာသေးတာ"

"ဒီနေ့ရော လာမှာပါ"

"ချိန်းထားတာပဲဟာ ပြီးတော့ သူက ဒီဟိုတယ်မှာ တည်းတာပဲ လာမှာပေါ့"

ထိုသို့ပြောနေစဉ်မှာပဲ မြတ်ထွေးရဲ့ဧည့်သည်က ဝင်လာသည်။

"ဟော ... ဟိုမှာ လာပြီ"

"ဒါဆို နင်သွားတွေ့တော့ ငါ ဒီမှာပဲ ထိုင်နေမယ်"





"ကောင်းပြီ"

အိမ်စည်နှင့် မြတ်ထွေးက တိုးရစ်(စ)ဂိုက်နှစ်ယောက်ဖြစ်ကြသည်။ နှစ်ယောက်စလုံး ပြင်သစ်ဘာသာကို ကျွမ်းကျင်ကြပြီး ကမ္ဘာလှည့် ခရီးသည်တွေထဲမှာ ပြင်သစ်တွေက သူတို့နှစ်ယောက်ကို အငှားများသည်။

တိုးရစ်(စ)ဂိုက် အေဂျင်စီတစ်ခုမှာ နှစ်ယောက်သား အတူတကွ အလုပ်လုပ်နေကြသည်။

မြတ်ထွေးက သာမန်တိုးရစ်(စ)ဂိုက် ဖြစ်ပေမယ့် အိမ်စည်က ဓာတ်ပုံရိုက်ပါ ကျွမ်းကျင်သူပါ။ ဓာတ်ပုံရိုက် ကျွမ်းကျင်ပြီး ထိုအလုပ်ကို အသက်မွေးဝမ်းကျောင်း လုပ်စားနိုင်သည်ထိ တတ်ကျွမ်းသည်။

ဒွန်(ပ)ပါသော အကောင်းစား ကော်နီကာ ကင်မရာတစ်လုံးကိုလည်း ပိုင်ဆိုင်ထားသည်။ အဒေါ်နှင့်အတူနေသော တိုက်ခန်းမှာလည်း ဖလင်ကူးသည့်၊ ဆေးသည့်အခန်း လုပ်ထားသည်။

ဖလင်ကို ကိုယ်တိုင်ကူးပြီး ကိုယ်တိုင်ဆေးသည့်ပညာကိုလည်း တတ်ကျွမ်းထားသည်။ မြတ်ထွေးက သူ့ဧည့်သည်တွေနှင့် လေပေးဖြောင့်နေသည်။

အိမ်စည်က လော်ဘီဧည့်ခန်းထဲမှာ ထိုင်ရင်း အကြည့်ကို ဝေ့ဝဲလိုက်သည်။ သူ့အကြည့်က တစ်ယောက်တစ်ချိန်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ကောင်းသော ယောကျ်ားနှစ်ဦးထံသို့ ရောက်သွားသည်။

တစ်ယောက်က ဝတ်ကောင်းစားလှတွေနှင့် သပ်ရပ်နေသလို၊ နောက်တစ်ယောက်က ဂျင်းဘောင်းဘီ တီရှပ်ခပ်နွမ်းနွမ်းနှင့်ပါ။ ရုပ်ရည်ချင်းက သန့်ပြန့်သော်လည်း ဝတ်စားပုံက ကွာခြားနေသည်။

အိမ်စည်က တောင်းမှာအကွပ် လူမှာအဝတ်ဆိုသောစကားကို လက်ခံထားသူ ဖြစ်သည်။ အဒေါ်ဖြစ်သူကလည်း အရေအတွက်ထက် အရည်အချင်းကို ဦးစားပေးသူပါ။

အထည်အရေအတွက် နည်းချင်နည်းပါစေ အဆင့်အတန်းရှိရှိ ဝတ်စားမှ ကြိုက်သူပါ။

အဒေါ် အပျိုကြီးရဲ့ လက်ပေါ်တွင် ကြီးသူပီပီ အဒေါ်ပုံသွင်းသည့်အတိုင်း ပုံစံဝင်နေသည်။ ရယ်မောပြောဆိုနေကြသော သူတို့နှစ်ယောက်ကိုကြည့်ရင်း ဟိုတယ်ဝင်ပေါက်ဆီသို့ အကြည့်ရောက်သွားသည်။

"ဟင် ..."

စိုးသိန်းဆိုသော သူ့အဒေါ် သဘောတူထားသောသူကို တွေ့လိုက်သည်။

"ဒုက္ခပါပဲ၊ ငါ့ကိုမြင်ရင် တောက်တဲ့ကပ်နေတော့မှာပဲ"

သူ့ထံမှ အကြည့်ကိုလွှဲပြီး ညှော်ခန်းထဲကို အကြည့်ပို့လိုက်





ည်။ ဆောဆောက လူနှစ်ယောက်က ထိုင်ခုံကို ခွာနေကြပါပြီ။

အိမ်စည်ရဲ့ ခေါင်းထဲကို အတွေးတစ်ခု ရောက်လာသည်။

ိုအတွေးသည် သင့်တော်သည် မသင့်တော်သည်ကို မစဉ်းစား

ဘဲ ထိုသူနှစ်ယောက်ထံသို့ ခပ်သွက်သွက် လျှောက်သွားသည်။

ဒေါက်ဖိနပ်နှင့် ခပ်သွက်သွက်လျှောက်သွားပုံက ရုပ်မဆိုး

ဲ ကြည့်ကောင်းနေသည်။

ထိုသူနှစ်ယောက်ရဲ့ရှေ့ကို ဇွတ်ခနဲ ရောက်သွားသဖြင့် ိုသူနှစ်ယောက်က သူ့ကို အံ့ဩစွာ ကြည့်နေသည်။ သားသား ားနားသူရဲ့ လက်မောင်းကို ကိုင်လိုက်သည်။

"ခဏလေး ကျွန်မရဲ့ချစ်သူလို ဟန်ဆောင်ပေးပါ"

"ဟာ ..."

ထိုသူက အလန့်တကြား သူ့လက်ကို ရုပ်လိုက်သည်။ သူ့ဘေးက စုတ်တီးဒုတ်ဖတ်နဲ့သူက သူ့ကိုကြည့်ရင်းကနေ ရုတ်တရက် သူ့ရဲ့ပခုံးကို ဖက်လိုက်သည်။

"ရတယ်၊ ဒီကိစ္စမျိုး ကိုယ်က ကျွမ်းတယ်"

အိမ်စည်က ရှန်းမည်ကြံပြီး လှမ်းအကြည့် စိုးသိန်းက သူ့ထံကို မြင်ပြီ၊ သူ့ထံသို့ ခပ်သုတ်သုတ် လျှောက်လာသည်။

သူ့ရဲ့ မျက်နှာက နီရဲပြီး ဒေါသတွေ အုံလိုက်ကြွနေသည့် ပုံစံပါ။



www.burmeseclassic.com

www.burmeseclassic.com



"အိမ့်စည် ဒါ ဘာလုပ်တာလဲ"

အိမ်စည်က ယခုမှ သူ့ကိုတွေ့သည့်ပုံစံနှင့် အံ့သြဟန် ပြလိုက်သည်။

"ဟင် ... ကိုစိုးသိန်းပါလား"

"မင်း ဘာလုပ်တာလဲလို့ မေးနေတာ"

"ဒါ ကျွန်မရဲ့ချစ်သူလေ"

"ဘာ ..."

စိုးသိန်းရဲ့မျက်နှာက ဒေါသကြောင့်ရော ခံပြင်းစိတ်ကြောင့်ပါ နီရဲသွားသည်။

"အစတည်းက ကျွန်မပြောသားပဲ၊ ကျွန်မမှာ ချစ်သူရှိတယ်ဆိုတာ ရှင်မှ မယုံတာ"

"တောက် ... မင်းအဒေါ်နဲ့ စာရင်းရှင်းမယ်"

"ကောင်းပါပြီ စောင့်နေမယ် လာခဲ့ပါ"

အိမ်စည်ကို ယောကျ်ားပျို့နှစ်ယောက်က မှင်တက်မိစွာကြည့်နေပြီး ဒေါသတကြီး ထွက်သွားသော စိုးသိန်းကိုပါ ကြည့်မိသည်။

"ဘာတွေလဲဟာ ရှုပ်လိုက်တာ"

သားနားစွာ ဝတ်ထားသောသူက အိမ်စည်ကို ကြည့်ပြီး အထင်သေးစွာ ရှုတ်ချလိုက်သည်။





"လာ ကျော်ရှင်း သွားမယ်၊ ဟိုတယ်ထဲမှာ သူများတွေနဲ့ ရှက်စရာကြီး"

သားနားစွာ ဝတ်ဆင်ထားသူက ကျော်ရှင်းဆိုသောသူကို ပြောလိုက်သည်။ ကျော်ရှင်းက အိမ်စည်ကို အထင်သေးသော လှောင်ပြုံးများနှင့် ကြည့်နေသည်။

"အဲ့ဒါပေါ့ဗျာ စကားပုံရှိင်းရှိင်း ပြောရရင် ယိုသူမရှက် မြင်သူရှက်ပေါ့"

အိမ်စည်က ကျော်ရှင်းဆိုသောလူ၏လက်ကို သတိလက်လွတ်ကိုင်ထားမိသည်ကို ထိုသူက ခါချလိုက်သည်။

"လာ သွားစို့"

နှစ်ယောက်သား အိမ်စည်ကို အရှက်မရှိ တန်ဖိုးမရှိသော ပိန်းမဆိုသောအကြည့်နှင့် ကြည့်သွားသည်မို့ အိမ်စည်ရဲ့ ရင်ထဲမှာ ခံပြင်းစွာ တဆစ်ဆစ် နာကျင်နေသည်။

ကျောခိုင်းသွားသော ကိုယ်လုံးတောင့်တောင့် မြင့်မြင့်မားမား သူတို့နှစ်ယောက်ကို ကြည့်ရင်း ဒေါသဖြစ်လွန်းသဖြင့် ပြေးလိုက်ပြီး ရန်တွေ့လိုက်ချင်သည်။

မြတ်ထွေးက အဝေးကနေ အိမ်စည်လုပ်သမျှကို စကားပြောရင်း လှမ်းကြည့်နေသည်။ ဥေ့သည်ရဲ့စကားကို ဖြတ်လို့မရသေး၍ အိမ်စည်ထံသို့ ရောက်မလာနိုင်သေးပါ။



www.burmeseclassic.com

www.burmeseclassic.com



"အိမ်စည်တစ်ယောက် ဘာတွေ လျှောက်လုပ်နေတာလဲ မသိဘူး"

အိမ်စည်က တစ်ယောက်တည်း ခပ်ကုပ်ကုပ်နှင့် ကျန်ရစ်ခဲ့သည်။ သူ့မျက်နှာလေးမှာ ဒေါသရော ညှိုးနွမ်းမှုတွေပါ ရောထွေးနေသည်။

မြတ်ထွေးရဲ့ ဧည့်သည်တွေ သူတို့အခန်းဆီသို့ ထွက်သွားတော့မှ မြတ်ထွေးက သူ့အနား ရောက်လာသည်။

"ဟဲ့ ... အိမ်စည် ဘာဖြစ်နေတာလဲ"

"ဒေါသတွေ အချောင်းလိုက်ထွက်နေတယ်"

"ဘယ်မှာလဲ အချောင်းလိုက် မမြင်ပါလား"

"ဒီမှာ စိတ်ရှုပ်နေတာနော်၊ လာနောက်မနေနဲ့"

"ဘာတွေဖြစ်နေတာလဲ၊ ကိုစိုးသိန်းကြီးကို မြင်လိုက်သလိုပဲ"

"သလိုပဲမဟုတ်ဘူး နင် မြင်ကိုမြင်လိုက်တာ"

"ဘာတွေဖြစ်နေတာလဲ၊ ဟိုလူနှစ်ယောက်ကရော ဘာလဲ၊ နင့်ကို ဘာပြုလို့ စက်ဆုပ်စရာအကြည့်နဲ့ ကြည့်သွားတာလဲ"

"အင်း ... ပြောရရင်တော့ သူတို့အလွန် မဟုတ်ပါဘူးလေ"

"ဘာဖြစ်တာလဲ ရှင်းစမ်းပါဦး"

"ဒီလိုဟယ် ငါတစ်ယောက်တည်း ထိုင်နေတုန်းကို စိုးသိန်း





လာတာမြင်တယ်။ ချက်ချင်း ငါ စိတ်ထဲ ဘာဖြစ်သွားလဲ သိဘူး။ အဲ့ဒီနှစ်ယောက်နားသွားပြီး သားသားနားနားလူရဲ့လက်ကို ဖက်လိုက်တယ်"

"ဟယ် အိမ်စည်ရယ်၊ နင် ဘယ်လိုဖြစ်တာလဲ။ ဒီလောက် ရှက်နည်းတဲ့အလုပ် နင် တစ်ခါမှ မလုပ်ဖူးပါဘူး"

"ဟုတ်တယ်. ကိုစိုးသိန်းကိုမြင်တော့ သူ့ကို စိတ်ပျက်သွားစေချင်လို့ ဟိုလူကို ငါ့ရည်းစားအဖြစ် ဟန်ဆောင်လိုက်တာ"

"ဟင် ... ဟုတ်လား၊ သေသေချာချာ ငါ့ကို ပြောပြစမ်းပါ"

"ကိုစိုးသိန်းကိုမြင်တော့ သူ့လက်မောင်းကို ငါ ဖက်လိုက်တယ်လေ၊ ဟိုက ကြောင်စီစီဖြစ်နေတုန်း ကိုစိုးသိန်းက အနားရောက်လာပြီး ဒေါသတကြီးနဲ့ မေးတယ်။ ငါကလည်း အဲ့ဒါ ငါ့ချစ်သူလို့ ပြောလိုက်တာပေါ့"

"ဟယ် ... အဲ့ဒါကို ဟိုလူက ငြိမ်ခံနေလား"

"သူတို့လည်း အံ့သြပြီး ကြောင်သွားမှာပေါ့။ ကိုစိုးသိန်းက ဒေါသတကြီး ထွက်သွားတော့မှ ငါ့ကို သူတို့ အပြတ်နှိပ်ကွပ်တာပေါ့"

"ဘယ်လို နှိပ်ကွပ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အပေါ်စားမိန်းမရှုပ်လို့ အကြည့်နဲ့ရော အပြောနဲ့ပါ ပြောသွားကြတာလေ"

"ဟယ် ရှက်စရာကောင်းလိုက်တာ"

"ဟုတ်တယ်၊ ရှက်လွန်းလို့ လဲသေချင်တယ်၊ ဒါပေမဲ့ ဟိုပုဂ္ဂိုလ်ကြီးနဲ့ ဝေးရမှာဆိုတော့ တန်ပါတယ်လေ"

"အဲဒီလူတွေက နင့်ကို တော်တော်အထင်သေးသွားမှာပဲနော်"

"သေချာတာပေါ့၊ ဒါပေမဲ့ သူတို့နဲ့ နောက်ထပ် တွေ့စရာလည်း အကြောင်းမရှိပါဘူး"

"မတော်တဆ တွေ့ခဲ့ရင်ရော"

"ထင်ချင်သလိုထင်ပါစေပေါ့ ငါ ဂရုမစိုက်ပါဘူး၊ အရေးကြီးတာက မလိုချင်တဲ့ ဟိုလူကြီး အဝေးလွင့်သွားဖို့ပဲ"

"နင့်အဒေါ်နဲ့ ပြဿနာတက်မှာပေါ့"

"တက်လည်း တက်ပါစေ၊ ဒီလူကို ငါ လုံးဝ မယူနိုင်ဘူး"

"မချစ်ဘဲနဲ့တော့ မယူပါနဲ့ဟာ၊ မိန်းမဘဝက ရှုံးပြီးရင်းရှုံးနေမှာ"

"ဟုတ်တယ်၊ သူချမ်းသာတာ ငါက ဘာလုပ်ရမှာလဲ"

"သူ့ပိုက်ဆံ နင် သုံးလို့ရတာပေါ့"





"ချစ်မနှစ်သက်တဲ့လူကို ဘဝတစ်ခုလုံးပေးပြီးမှ ရတဲ့ပိုက်ဆံ မလိုချင်ပါဘူးဟာ"

"အေး ... အဲဒါလည်း ဟုတ်တာပဲ"

"မြတ်ထွေ ရော၊ မီးစာတစ်ဖက် ရေမှုတ်တစ်ဖက် လုပ်နေနဲ့ ပြန်ကြမယ်"

"အေး ... ပြန်မယ်လေ"

သူငယ်ချင်းနှစ်ယောက် ဆီဒိုးနားဟိုတယ်ထဲမှ ထွက်ခဲ့ကြသည်။ အငှားကား ကိုယ်စီဖြင့် အိမ်ပြန်လာခဲ့ကြသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

တိုက်ခန်းတံခါးကို ခေါက်လိုက်စဉ် အဒေါ် ဒေါ်ခင်သိန်းက တံခါးဖွင့်ပေးသည်။

"မောင်သိန်းစိုးနဲ့ မတွေ့ခဲ့ဘူးလား"

"ဘာလဲ သူအိမ်လာသွားသေးလို့လား"

"မလာဘူး ဖုန်းဆက်တာနဲ့ အိမ်စည်ရှိတဲ့နေရာကို ပြောလိုက်တာ"

"ဪ..."

"လာသွားလား"

"ဟုတ်ကဲ့"

"ဒါဆို သူနဲ့တွေ့လိုက်တယ်ပေါ့"

"လာသွားတာပဲ တွေ့တာပေါ့ ဒေါ်လေးရယ်"





"မျက်နှာကြီးလည်း ရှစ်ခေါက်ချိုးနဲ့ ဘယ်လိုဖြစ်နေတာလဲ"

"အဲ့ဒီလူကို ကြည့်မရဘူး"

"ဒီလောက်ပြည့်စုံတဲ့လူကို ဘာလို့ ကြည့်မရတာလဲ"

"အိမ်စည်မှ သူ့ကို မချစ်တာ၊ ကြည့်မရတာ မဆန်းပါဘူး ဒေါ်လေးရယ်"

"ကြည့်မရလည်း သူ့ကို ညည်း လက်ထပ်ရမယ်၊ ငါလည်း ကျန်းမာရေး မကောင်းဘူး၊ ငါ တစ်စုံတစ်ခု ဖြစ်သွားရင် ညည်းတစ်ယောက်တည်း ထားခဲ့ရမှာ စိတ်မချဘူး"

"အိမ်စည်က လူကြီးဖြစ်နေပါပြီ၊ ကိုယ့်ကိုယ်ကို စောင့်ရှောက်နိုင်တယ်"

"မိန်းမပျိုလေး တစ်ယောက်တည်းနေလို့ သင့်တော်မလား"

"မြတ်ထွေးရှိတာပဲ ဒေါ်လေးရယ်"

"မြတ်ထွေးကလည်း မိန်းမပျိုလေးလေ၊ ဘာထူးလို့လဲ"

"အိမ်စည်နဲ့ မြတ်ထွေး နှစ်ယောက် ပေါင်းလိုက်ရင် ယောကျ်ားတစ်ယောက်ကို ကောင်းကောင်းနိုင်ပါတယ်"

"ပြောလိုက်ရင် ဆင်ခြေချည်းပဲ"

"ဒေါ်လေးက အလကား စိတ်ပူနေလို့ ပြောရတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ညည်းက အတတ်ကျူးနေတော့ ကျုပ်ကပဲ အရှုံးပေးပါတယ်"

ဒေါ်ခင်သိန်းက ခပ်ငေါ့ငေါ့ ပြောပြီး ထွက်သွားသည်။ အိမ်စည်က အခန်းထဲဝင် အဝတ်အစားလဲလိုက်ပြီး ခေတ်ပုံကူးရန် အမှောင်ခန်းထဲ ဝင်လိုက်သည်။

ပြီးခဲ့သည့်အခေါက် ညည့်သည်တွေနှင့် တောင်ကြီး၊ အင်းလေးကို လိုက်သွားစဉ် ရိုက်ခဲ့သော ပုံအချို့ကို ကူးမည်ဖြစ်သည်။

တံချို့ကမ္ဘာလှည့်ခရီးသည်တွေက သည်ပုံမျိုးတွေကို ခရီးမသွားခင်ပြလျှင် အလွန်သဘောကျပြီး သွားချင်စိတ်ကို ပိုနှိုးဆွသလို ဖြစ်သည်မို့ အိမ်စည်က ငွေကုန်ကြေးကျခံပြီး ဂိုက်ကာအယ်(လ)ဘမ် လုပ်ထားခြင်းပါ။

စိုးသိန်းက အလွန်မကျေမနပ်ဖြစ်ပြီး ဒေါ်ခင်သိန်းတို့ထံ ရောက်လာသည်။ ဒေါ်ခင်သိန်းက တံခါးခေါက်၍ ဖွင့်ပေးစဉ် သုန်မှုန်နေသော စိုးသိန်းရဲ့မျက်နှာကိုမြင်ပြီး တစ်ခုခုပဲဟု စိတ်ထဲထင့်ခနဲ ဖြစ်သွားသည်။

"အိမ်စည် ပြန်ရောက်ပြီလား ဒေါ်လေး"

"အေး ... ရောက်ပြီကွယ်"

"သူ့ကို ခေါ်လိုက်ပါ"

စိုးသိန်းက ဆက်တီမှာ ဝင်ထိုင်ရင်း မျက်နှာထားတည်





တည်နှင့် ပြောလိုက်သည်။

"ဘာဖြစ်လို့လဲကွယ်"

"မျက်နှာစုံညီ ရှင်းရမှာမို့လို့ပါ။ သူ့ကိုသာခေါ်လိုက် ဒေါ်လေး"

ဒေါ်ခင်သိန်းက သူ့ရဲ့ ဝဖိုင့်သော ကိုယ်လုံးကြီးကို ခပ်သွက်သွက်သယ်ပြီး အိမ်စည်ရှိနေသော အမှောင်ခန်းတံခါးကို ခေါက်လိုက်သည်။

"အိမ်စည် ထွက်ခဲ့ဦး"

"ဒီမှာ အလုပ်လုပ်နေတယ်၊ ဘာလုပ်မလို့လဲ ဒေါ်လေး"

"မောင်သိန်းစိုး ရောက်နေတယ်၊ အမြန်ထွက်ခဲ့"

"ဟိုက် ဒီလူကြီး ဒေါသပုံပွားပြီး ချက်ချင်း လိုက်လာပြီကိုး ...

ကောင်းပါတယ်၊ မြန်မြန်ရှင်းလိုက်တာပဲ အေးတယ်"

အခန်းပြင်ထွက်လာခဲ့သည်။ ဧည့်ခန်းကို တိုက်ရိုက်ထွက်လာခဲ့သည်။ မျက်နှာလေး တည်တည်နှင့် ကုလားထိုင်အလွတ်တစ်လုံးမှာ ဝင်ထိုင်လိုက်သည်။

"ပြောစရာရှိတာ ပြောပါ ကိုစိုးသိန်း"

"ပြောမလို့ပဲ လာခဲ့တာ၊ ဒေါ်လေး ရှေ့မှာပဲ မင်းကို မေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"မေးပါ"

"စောစောကလူက မင်းရဲ့ချစ်သူ ဟုတ်လား"

"ဟုတ်တယ်"

"အစက မင်းမှာ ချစ်သူမရှိပါဘူး"

"ရှိပါတယ်၊ မပြောချင်လို့ ရှင့်ကို လက်မခံနိုင်ဘူးလို့ပဲ ငြင်းခဲ့တာလေ"

"အိမ်စည် ညည်း ဘာတွေပြောနေတာလဲ"

"ဒီနေ့ သူ့ရည်းစားနဲ့ ပွေ့ဖက် စကားပြောနေတာ ကျွန်တော် တွေ့ခဲ့တယ်"

"ဟင် .. "

ဒေါ်ခင်သိန်းရဲ့ မျက်လုံးကြီးက အံ့သြလွန်း၍ ဆန်ခါကြီးလို ဝိုင်းသွားသည်။

"အိမ်စည် ညည်း ဘာတွေလုပ်နေတာလဲ"

"လူတွေရှိတာတောင် သူတို့နှစ်ယောက် နေပုံက သိပ်အတင့်ရဲတယ်။ ဒီလို မိန်းမမျိုးကို ကျွန်တော် လက်မထပ်နိုင်ပါဘူး"

"နေ ... နေကြပါဦး၊ ဒေါ်လေး ပြောပါရစေ"

"ကျေးဇူးတင်ပါတယ် ကိုစိုးသိန်း၊ ဒီလို နားလည်ပြီး နောက်ဆုတ်သွားတာ အကောင်းဆုံးပါပဲ"





"ဒေါ်လေး ကျွန်တော် ပြန်မယ်၊ ဒေါ်လေးတူမကို သူ့ရည်းစားနဲ့ပဲ ပေးစားလိုက်ပါတော့"

သိန်းစိုးက ဒေါသတကြီး ထွက်သွားသည်။ အိမ်စည်ရဲ့ နေပုံထိုင်ပုံကိုကြည့်ပြီး အိမ်စည်က အပျိုစင်တစ်ယောက်မှ ဟုတ်သေးရဲ့လားဟု သံသယဖြစ်သွားသည်။

သူက မိန်းမတစ်ယောက်ကို ခြောက်ပြစ်ကင်း သဲလဲစင်ကို လိုချင်၍ အိမ်စည်ကို ရွေးလိုက်ခြင်းပါ။

လက်မထပ်မီ အိမ်စည်ရဲ့အကြောင်းကို သိ၍ သူ သိပ်ကံကောင်းသည်ဟု တွေးသည်။

"တော်သေးတယ်၊ ငါက နွားမရှုံ့ပိတ်နဲ့ တွေ့မလို့"

အန္တရာယ်တစ်ခုကနေ သီသီလွတ်၍ သူ ကံကောင်းလေစွဟုတွေးပြီး ကိုက်ပေါ်မှ ဆင်းလာသည်။ ဒေါ်ခင်သိန်းက အိမ်စည်ကို စားတော့ ဝါးတော့မည့် မျက်လုံးတွေနှင့် ကြည့်နေသည်။

"ပြောစမ်း ဘာတွေဖြစ်ခဲ့လဲ"

"အိမ်စည်ရဲ့ ချစ်သူနဲ့ အတူရှိနေတုန်း သူမြင်သွားတယ်"

"လူပုံလယ်မှာ ညည်းအရှက်မရှိ ဘာလုပ်နေတာလဲ။ မောင်စိုးသိန်းက အမြင်မတော်တာတွေ့လို့ ပြောသွားတာနေမှာ"

"ဒေါ်လေးရယ် တော်ပါတော့ နားငြီးလို့ သေတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အိမ်စည်နော် ထလုပ်လိုက်ရ သေတော့မယ်။ ဒီလောက် ပြည့်စုံတဲ့လူ ရှာပေးတာကို စိတ်ပျက်အောင် လုပ်လိုက်တယ်"

"အိမ်စည်မှ မကြိုက်တာ"

"ဒါဆို ညည်းကြိုက်တဲ့လူ ခေါ်ခဲ့လေ ငါ သဘောတူရင် လက်ထပ်ပေးမယ်"

"ဟိုက် အဲ့ဒါမှ ဒုက္ခပဲ၊ ဘယ်သူ့ကို ခေါ်ပေးရမှာလဲ"

အိမ်စည်က စိတ်ထဲက အလန့်တကြားနှင့် ညည်းတွားလိုက်သည်။

"ဟဲ့ ... ပြောနေတယ်လေ၊ ခေါ်ခဲ့လို့"

"ခေါ်ခဲ့ပါ့မယ် ဒေါ်လေးရယ်၊ ဒါပေမဲ့"

"ဒါပေမဲ့ ဘာဖြစ်လဲ"

လိမ်ဆင်လေးတစ်ခုကို ပြုလုပ်ရန် အိမ်စည်က ဉာဏ်နီဉာဏ်နက်တွေ ထုတ်လိုက်သည်။

"ဟို ... သူက အလုပ်အရမ်းများနေတာ"

"အလုပ်အရမ်းများလည်း နာရီဝက် တစ်နာရီလောက် အချိန်ရတာပဲ လာတွေ့ခိုင်းလိုက်"

တွေးရင်းနှင့် အကောင်းဆုံး အကြံဉာဏ်ကို အိမ်စည်က ရလိုက်သည်။

"ဒီလို ဒေါ်လေးရဲ့ သူက နိုင်ငံခြားကို သွားတော့မလို့





အားမှာမဟုတ်ဘူး"

"ဘာနိုင်ငံခြားကိုသွားမှာ ဟုတ်လား၊ ဒါဆို ညည်းကရော"

"ခဏသွားမှာပါ၊ အလုပ်ကိစ္စနဲ့လေ ပြန်လာတော့မှ ဒေါ်လေးနဲ့ အေးအေးဆေးဆေး တွေ့ပေးမယ်နော်"

"ညည်းဟာက ဟုတ်ရဲ့လား"

ဒေါ်ခင်သိန်းက မသင်္ကာသော မျက်လုံးတွေနှင့် အိမ်စည့်ကို ကြည့်လိုက်သည်။

"ဟုတ်ပါတယ် ဒေါ်လေးရဲ့"

"နေစမ်းပါဦး၊ သူနဲ့ ဘယ်တုန်းက တွေ့သွားတာလဲ။ နာမည်လည်း ပြောဦးလေ"

"ရော် ... ခက်ပြီ"

အိမ်စည်က ရင်ထဲမှာ ထိတ်သွားပြီး အပြေးအလွှား စဉ်းစားရင်း ဆီဒိုးနားကအဖြစ်ကို သတိရလိုက်သည်။

သူ့ရဲ့ပခုံးကို ဖက်လိုက်သူကို ကျော်ရှင်းဟု ခေါ်သံကြားလိုက်သည်ပဲ။

"ဟဲ့ ... ကိုယ့်ရည်းစားနာမည်ကို ဒီလောက်တောင် တွေးနေရလား"

"ကျော်ရှင်းပါ ဒေါ်လေးရဲ့"

"ညည်းကိုကြည့်လေ ငါ မယုံလေပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်ဆို ဒေါ်လေးရယ်"

"ငါ မြတ်ထွေးကို မေးကြည့်မယ်"

"အင်း ... ညနေကျ မေးကြည့်၊ သူ့အခု ညှော်သည်တွေနဲ့ ဖုန်းဆက်လို့ မရဘူး"

"အင်း ... မေးကြည့်မယ်၊ မဟုတ်လို့ကတော့ နာပြီသာမှတ်"

"ဟုတ်ပါတယ် ဒေါ်လေးပြောချင်တာ ဒါပဲမဟုတ်လား၊ အိမ်စည် အလုပ်တွေရှိသေးတယ်"

ဒေါ်ခင်သိန်း စကားရှည်နေမှာစိုးပြီး အိမ်စည်က အမြန်ဆုံး အမှောင်ခန်းထဲသို့ ဝင်လိုက်သည်။ ဟန်းဖုန်းကို ယူသွားပြီး အမှောင်ခန်းထဲကနေ မြတ်ထွေးထံ ဖုန်းဆက်လိုက်သည်။

"မြတ်ထွေးရေ အိမ်မှာ ပြဿနာတက်နေပြီ"

"ဘာဖြစ်လို့လဲ"

"စိုးသိန်း ရောက်လာတယ်။ ငါ့မှာ ရည်းစားရှိလို့ သူ မယူနိုင်ပါဘူး ပြောသွားတယ်။ ငါက လူရှေ့မှာ အရှက်နည်းတဲ့ လုပ်ရပ်ကို လုပ်တယ်လို့ ပြောသွားတယ်"

"ဒါဆို နင့်ကို ကောင်းကောင်း အပုပ်ချသွားတာပေါ့"

"ဟုတ်တယ်"

"ဒေါ်လေးက ဘာပြောလဲ"





"ငါ့ရည်းစားက ဘယ်သူလဲလို့ မေးတယ်၊ အိမ်ခေါ်ခဲ့ဖို့ ပြောတယ်"

"အဲ့ဒါမှ ဒုက္ခပဲ၊ နင် ဘယ်လိုဖြေရှင်းလိုက်တယ်"

"ဒီလိုပဲ ကြံဖန်ပြီးလုပ်ပြ ဇာတ်ခင်းလိုက်ဟယ်လေ၊ နာမည်က ကျော်ရှင်း၊ နိုင်ငံခြားကို ထွက်တော့မယ်ဆဲဆဲ ပြန်လာမှ ခေါ်လာပြီး မိတ်ဆက်ပေးမယ်ပေါ့ဟာ"

"အဲ့ဒီတော့ ယုံသွားလား"

"နင့်ဆီကို ဖုန်းဆက်လိမ့်မယ်၊ ဟုတ်တယ်လို့ ထောက်ခံပေးလိုက်"

"ဘာတဲ့ နာမည်က"

"ကျော်ရှင်း"

"ပုံစံကရော"

"အေး ... ဟုတ်သားပဲ၊ အရပ်မြင့်မြင့်၊ ကိုယ်လုံးတောင့်တောင့်နဲ့ ယောကျ်ားပီသပြီး ချောတယ်လို့ ပြောလိုက်"

"ကောင်းပြီ၊ နင်နဲ့ရောပြီး မုသာဝါဒ ကျင့်သုံးလိုက်တာပေါ့"

"အေး ... ငရဲပြည်သွားလည်း အဖော်လေးနဲ့ပေါ့ဟယ်"

"ငရဲပြည်ကို နင်ပဲသွား၊ ငါက အားနာလို့ မလိုက်ဘူး"

"နင်နဲ့ငါနဲ့က ပါတာနာလေ"



www.burmeseclassic.com

www.burmeseclassic.com



"တော်ပြီ၊ ညည့်သည်တွေနဲ့ မအားဘူး"

"ငါပြောသလို ဒေါ်လေးကို ပြောနော်၊ ပြီးတော့ မိုမို သာသာလေးလည်း ပြောလိုက်ဦး"

"ကောင်းပါပြီရှင်"

မြတ်ထွေးက ရယ်မောပြီး ဖုန်းကို ပိတ်လိုက်သည်။ အိမ်စည်ကလည်း စိတ်ပေါ့ပါးစွာနှင့် သူ့အလုပ်ကို လုပ်နေသည်။

* * *



## အခန်း (၃)

ဒေါ်ခင်သိန်းက တိတိကျကျပါပဲ။ ညနေ ဘယ်မှာ မြတ်ထွေးထံသို့ ဖုန်းဆက်သည်။

"ဟုတ်ကဲ့ ဒေါ်လေးပြောပါ"

"သမီးအားရဲ့လား"

"အားပါတယ် ဒေါ်လေး၊ ဘာပြုလို့လဲ"

"အိမ်စည့်အကြောင်း မေးချင်လို့"

"ဘာများလဲ ဒေါ်လေး"

"သူ့ရည်းစား ရနေပြီဆို"

"ဟုတ်ပါတယ် ဒေါ်လေး"

"ဘယ်တုန်းက ရည်းစားရသွားတာလဲ"

"နည်းနည်းကြာပါပြီ"

"အဲ့ဒါများ ဒေါ်လေးကို မပြောဘူး"

"သူက မပြောနဲ့လို့ တားထားလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူတဲ့လဲ"

"ကျော်ရှင်းပါ"

"ဘာအလုပ်လုပ်လဲ"

"စီးပွားရေးသမားပါပဲ"

"အကျင့်စာရိတ္တရော"

"လူရိုးလူအေးပါပဲ ဒေါ်လေး"

"အေးလေ အဒေါ်က ကောင်းစေချင်လို့ စီမံတာ လက်မခံတာတော့ မတတ်နိုင်ဘူးပေါ့၊ သူနဲ့တွေ့ပြီးမှ ဒေါ်လေးက သဘောတူနိုင် မတူနိုင်ကို ဆုံးဖြတ်မှာ"

"ဟုတ်ပါတယ် ဒေါ်လေးရယ်"

"အေး ... ဒါဆို ဒါပဲနော်"

"ဟုတ်ကဲ့ ဒေါ်လေး"

မြတ်ထွေးက တယ်လီဖုန်းကို ပိတ်လိုက်သည်။

"ဟို ... မိန်းမကြောင့် လူကြီးကို ညာလိုက်ရတာတော့ စိတ်မကောင်းဘူး"

ခဏအကြာမှာ မြတ်ထွေးက အိမ်စည့်ကို အကျိုးအကြောင်း ပြောလိုက်သည်။

"အိမ်စည့်ရေ နှင့်ဒေါ်လေးကို ငါ ညာပေးလိုက်တယ်"

"ကျေးဇူးပဲ သူငယ်ချင်း"





"နှင် ဒီလိုညာတာတော့ ဟုတ်ပါပြီ ဘယ်လောက်အထိ ညာထားနိုင်မှာလဲ"

"ပြီးမှ မီးစင်ကြည့်ကရမှာပေါ့ဟယ်၊ လောလောဆယ် ရန်ရှင်းဖို့က အရေးကြီးတာ"

"အင်း ... အဲ့ဒါလည်း ဟုတ်တာပဲ"

"ဟိုလူကို ကောင်းကောင်းအသုံးချလိုက်ပြီး သိများသိရင် ငါ့ကို နှစ်ပြားမတန်အောင် ပြောတော့မှာပဲ"

"သေချာတာပေါ့"

"သူနဲ့ ထပ်တွေ့စရာလည်း အကြောင်းမရှိပါဘူး"

"အေးလေ နင့်နာမည်တောင် သူ မသိသွားဘူး မဟုတ်လား"

"အင်း ... သူ့နာမည်ကိုတောင် ဘေးက ဝတ်ကောင်းစားလှနဲ့ ပိုပြီး အန်ကြီးကွင်းကျယ်တဲ့သူခေါ်လို့ သိလိုက်တာ"

"ဒါနဲ့ မနက် နင့်ရုံးကို ဘယ်အချိန် ရောက်မှာလဲ"

"ကိုးနာရီလေ"

"ငါ အစောကြီး လေဆိပ်ကို ဧည့်သည်တွေကို သွားပို့ပေးပြီး လာခဲ့မယ်"

"ကောင်းပြီ"

အိမ်စည့်က လောလောဆယ်ဆယ် စိုးသိန်းရဲ့ရန်က လွတ်



www.burmeseclassic.com

www.burmeseclassic.com



မြောက်သွားသည်မို့ အလွန်ဝမ်းသာနေသည်။

ဘာကြောင့်မှန်းမသိ သူ့ပခုံးကို ပိုင်နိုင်စွာ ဖက်လိုက်သော ကျော်ရှင်းဆိုသောသူက ဖျတ်ခနဲ အတွေးထဲမှာ ပေါ်ပေါက်လာသည်။

"ငါ့ကို အထင်သေးပြီး စက်ဆုတ်တဲ့အကြည့်နဲ့ ကြည့်သွားတဲ့သူကို ငါ ဘာပြုလို့ အမှတ်ရနေတာလဲ ...

"ဝတ်ထားတော့ မသားမနားနဲ့၊ ဘဝင်က မြင့်လိုက်တာ ...

"သူ့ဘေးနားက လူကသာဆိုသေး တစ်လောကလုံး သူ့ဆန်စားနေတာကျနေတာပဲ"

မကျေမနပ်နှင့် တွေ့လိုက်သလို ရုတ်တရက် မဆင်မခြင် လုပ်မိသည့်အဖြစ်အတွက် ရှက်သလို နောင်တရမဆုံးလည်း ဖြစ်နေသည်။

"နောင်ကို ဘယ်တော့မှ အဲ့ဒီလူတွေနဲ့ ပြန်မဆုံပါစေနဲ့"

ထိုသို့ ဆုတောင်းမိသလို၊ ထိုသူနဲ့ ထိတွေ့မှုအတွက်လည်း ရင်ခုန်သွားသည်။

"အဲ့ဒီလူနဲ့ ပတ်သက်ပြီး ငါ ရင်မခုန်သင့်ဘူး၊ ဘယ်တော့မှလဲ ရင်မခုန်ရဘူး...

"ငါ့ကို သိပ်အထင်သေးသွားတဲ့ သူ့ဆီက စိတ်ဝင်စားမှုကိုလည်း ငါ ဘယ်တော့မှ ရမှာမဟုတ်ဘူး"





ကျော်ရှင်းဆိုသောသူကို ရင်ထဲကနေ ဖျောက်ဖျက်ပစ်လိုက်သည်။

ထိုနေ့က စောစောပင် အိပ်ရာဝင်လိုက်သည်။ စိတ်ထဲက ဖိုးသိန်းနှင့် ပတ်သက်ပြီး ရှုပ်ထွေးမှုတစ်ခု မရှိတော့၍ စိတ်ပေါ့ပါးစွာနှင့် အိပ်လိုက်သည်။

နောက်တစ်နေ့နံနက် လှပကြော့ရှင်းစွာပြင်ပြီး အေဂျင်စီကို ရောက်သွားသည်။ အငှားကားဖြင့် အေဂျင်စီရုံးခန်းကို ထွက်လာသည်။

သူရောက်ပြီး မြတ်ထွေးကလည်း ရောက်လာသည်။ သူတို့အဖွဲ့ခေါင်းဆောင်က သူတို့ကို နယ်ခရီးစဉ်ရှိသည်ဟု ပြောသည်။

"ပြင်သစ်က လူသုံးဆယ်ကျော်အဖွဲ့ လာလိမ့်မယ်။ အဲ့ဒါ မြတ်ထွေး၊ အိမ်စည်နဲ့၊ ခန့်အောင်တို့ သုံးယောက်ကို ထည့်ပေးထားတယ်"

"အင်း ... လူများရင်တော့ ပင်ပန်းတော့မှာပဲ"

"ဒါကြောင့် သုံးယောက်တောင် ထည့်ပေးထားရတာ"

"အဲ့ဒါဆို လူပါခွဲပေးလိုက်နော်"

"အေးပေါ့"

ပတ်(စ)ပို့ကအစ တာဝန်ယူ သိမ်းဆည်းပေးထားရမှာမို့



www.burmeseclassic.com

www.burmeseclassic.com



သုံးယောက်ခွဲပြီး တာဝန်ယူရမည် ဖြစ်သည်။

"သူတို့ ခရီးစဉ်ကရော"

"ပုဂံညောင်ဦးရယ်၊ စောင်ကြီး၊ အင်းလေး၊ ကလေးရယ်ပေါ့"

"ဟုတ်ပါပြီ ဆရာ၊ သူတို့ ဘယ်နေ့ရောက်မှာလဲ"

"သန်ဘက်ခါ သွားကြဖို့ အဲယားကွန်းဘတ်(စ) စီစဉ်ထားတယ်"

"တည်းမှာကရော"

"အလုံက ပန်းစီး Pan Sea မှာလေ၊ အဲ့ဒီပိုင်ရှင်က ပြင်သစ်ဆိုတော့ အချင်းချင်း အားပေးကြတာလေ"

"ကောင်းပါပြီ ဆရာ၊ ကျွန်မတို့ဘက်က ပြင်ဆင်စရာရှိတာတွေ ပြင်ဆင်ထားပါမယ်"

လူကြီးရဲ့ ရုံးခန်းက ထွက်လာကြသည်။ မြတ်ထွေးက အိမ်စည်ရဲ့ လက်မောင်းကို ဖက်လိုက်သည်။

"ဒီတစ်ခေါက် နင်နဲ့သွားရမှာ ပျော်လိုက်တာ"

"အေး ... ဟုတ်တယ်၊ သုံးခါရှိပြီ နင်နဲ့ ခွဲသွားရတာနော်"

"ဟုတ်တယ်"

"ဒါဆို ငါတို့ လိုအပ်တာဝယ်ဖို့ ရှော့ပင်ထွက်ရအောင်နော်"





"ဟုတ်တယ်၊ မြတ်ထွေး ငါလည်း ဖောင်ဒေးရှင်းခရင်ကုန်နေပြီ"

"ဒါဆို သွားကြရအောင်"

နှစ်ယောက်သား တက္ကစီဖြင့် ဗိုလ်ချုပ်ဈေးကို အရင်သွားသည်။ လိုအပ်သည်များဝယ်ပြီး နံနက်စာကို အပြင်မှာစားပြီး ပြန်လာကြသည်။

"မြတ်ထွေး နင့်ညီမလေးရော လိမ္မာရဲ့လား"

"အင်း ... လိမ္မာတယ်၊ ထင်တာ ကျောင်းမှာ ကောင်းကောင်းနေလို့ ဘာသတင်းမှ မကြားတာနေမှာ"

"ငယ်လည်းငယ်ပြီး သိပ်လှတော့ ဂရုစိုက် ထိန်းဦးနော်"

"အင်းပါ"

အဖေအမေစုံပြီး ညီအစ်မနှစ်ယောက်တည်းရှိသော မြတ်ထွေးက ညီမလေးကို သိပ်ချစ်သည် မြတ်ထွေးက လိမ္မာပြီး ဂိဘတွေကို ရှာကျွေးနေသဖြင့် ယနေ့တိုင် အိမ်ထောင်ရေးကိစ္စကို မစဉ်းစားသေးပါ။

"ငါတို့ အသက်တွေ ကြီးလာပြီနော်၊ မကြာခင် ငါရော၊ နင်ရော အသက်အစိတ် ပြည့်ကြတော့မှာ"

"ဟုတ်တယ်၊ နှစ်ဆယ်ကျော် အစိတ်ပိုင်း အရွယ်တောင် ကတော့်ဟိုင်းနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"အံမယ် မဟိုင်းသေးပါဘူး၊ ငါတို့နှစ်ယောက်စလုံး နှပ်ဂျိုလှပဆဲပါဟာ"

အိမ်စည်က ရယ်မောပြီး ပြောလိုက်သည်။ နှစ်ယောက်သား သဘောကျစွာ ရယ်လိုက်သည်။ ဗိုလ်ချုပ်ဈေးကို ညှော်သည်တွေကို အမြဲခေါ်သွားနေကျမို့ ငွေထည်ဆိုင် ကြိမ်ဆိုင် စသည့် ဆိုင်ရှင်တွေနှင့်လည်း ရင်းနှီးနေပြီ ဖြစ်သည်။

သူတို့နှစ်ယောက် ရယ်မောပြောဆိုပြီး သွားနေသည်ကို လှမ်းမြင်သော ဆိုင်ရှင်အချို့က နှုတ်ဆက်လိုက်သည်။

"မိန်းမလှလေးနှစ်ယောက် ဘယ်လဲ"

ရင်းနှီးသော ရတနာဆိုင်ရှင် မမက နှုတ်ဆက်လိုက်သဖြင့် နှစ်ယောက်စလုံး သဘောကျသွားသည်။

"တွေ့လား မြတ်ထွေး၊ ငါတို့လှတာ သေချာပါတယ်"

"ဟုတ်တယ်နော်"

နှစ်ယောက်သား ဆိုင်ရှင်မကြားအောင်ပြောပြီး ရယ်သည်။

"ဘာတွေ ရယ်နေတာလဲ"

"မမ နှုတ်ဆက်တာ သဘောကျလို့ပါ"

"လှလို့လှတယ်ပြောလိုက်တာလေ"

"မမကိုတော့ မုန့်ကျွေးရတော့မယ်"

"မုန့်မစားချင်ပါဘူး ကပ်စတန်မာသာ ခေါ်လာနော်"





"ကောင်းပါပြီ၊ ဝယ်သူတွေ အများကြီးခေါ်လာမယ်"

"ခေါ်လာခဲ့နော်"

နှစ်ယောက် ဈေးထဲလျှောက်ပတ်ပြီး တစ်နေကုန်မှ လမ်းခွဲပြီး ကိုယ်စီ အိမ်ပြန်ကြသည်။

အိမ်ပြန်ရောက်ပြီး အထုပ်အပိုးတွေ ညှော်ခန်းထဲမှာ ပုံချလိုက်ပြီး ခြေပစ်လက်ပစ် ထိုင်လိုက်သည်။

"ဒေါ်လေးအတွက် ဒီမှာ မုန့်ပါလာတယ်"

"ဘယ်တွေ လျှောက်သွားနေတာလဲ။ ရည်းစားနဲ့ လျှောက်လည်နေတာလား"

"ဒေါ်လေးကလည်း အိမ်စည် ဒီလောက်အလုပ်များနေတာ ရည်းစားနဲ့ တွေ့နိုင်မှာလား၊ သူကလည်း အလုပ်များနေလို့ ဖုန်းတောင် အနိုင်နိုင်ဆက်နေရတာ"

အိမ်စည်က မျက်ခုံးလေး အတွန့်ချိုးကာ စိတ်ညစ်သည့်ပုံစံနှင့် ပြောလိုက်သည်။

"ဒီနေ့တစ်နေ့လုံး မြတ်ထွေးနဲ့ ဈေးဝယ်နေတာ"

"ဘာလဲ ခရီးထွက်ရဦးမှာလား"

"ဟုတ်တယ် သန်ဘက်ခါ မြတ်ထွေးနဲ့အတူ ခရီးထွက်ရမယ်"

"ဘယ်နှစ်ရက် ကြာမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"တစ်ပတ်လောက်ကြာမယ် ထင်၊ ဒေါ်လေး တစ်ယောက်တည်းမို့ မိငယ်ကို အဖော်ခေါ်ထားမှ ဖြစ်မှာ"

"ရပါတယ်"

"ရပါတယ် မလုပ်ပါနဲ့၊ မနက်ဖြန် မိငယ်ကို သွားခေါ်လာခဲ့မယ်"

သူတို့ဆွေမျိုးထဲက အိမ်မှာနေသော အိမ်ဖော်မလေးကို သည်လိုပဲ အရေးကိစ္စရှိလျှင် ခေါ်ထားလို့ရသဖြင့် မိငယ်ကို သွားခေါ်ရန် စီစဉ်လိုက်သည်။

"အဲ့ဒီ မိငယ်နဲ့နေရတာ ငါ စိတ်ပင်ပန်းတယ်။ ဘာလုပ်လုပ် ရုပ်ပြာပြာနဲ့"

"ဒေါ်လေးရယ် သူက ငယ်သေးတော့ သင်ပေးရမှာပေါ့၊ အဖော်ရတာပဲ ကျေးဇူးတင်ရဦးမယ်"

"ငါတစ်ယောက်တည်း နေရတာမှ စိတ်သက်သာသေးတယ်"

"ဒေါ်လေးက အသက်ကြီးပြီ၊ ဆယ့်ခြောက်နှစ် မဟုတ်တော့ဘူး၊ နှလုံးရောဂါလည်း ရှိတယ်၊ တစ်ယောက်တည်း တစ်ခုခုဖြစ်နေရင်ဘယ်လိုလုပ်မလဲ"

"အေးပါ ခေါ်ချင်လည်း သွားခေါ်ခဲ့"

အရာရာကိုရော သူတစ်ပါးကိုပါ အလွန်စိတ်တိုင်းကျချဲ





သော အဒေါ်ဖြစ်သူကို စိတ်ပျက်လက်ပျက် ကြည့်လိုက်သည်။

"အင်း ... ဒီအပျိုကြီး ဒေါ်ဇီဇာကြောင်နဲ့ ငါတော့ စိတ်ညစ်တာပဲ"

အသံထွက်ပြောလျှင် ခေါင်းပူအောင် ခေါက်ခံရမှာမို့ အသံတိုးတိုး ပြောလိုက်သည်။

အိမ်စည်က ထပြီး အဝတ်အစားလဲ ခဏနားပြီး ရေချိုးလိုက်သည်။ အိမ်အလုပ် လုပ်စရာရှိသည်ကို ကူလုပ်ပေးပြီး အဒေါ်နှင့်အတူ ထမင်းစားလိုက်သည်။

အားနေလျှင် ကျော်ရှင်းဆိုသောသူကို သတိရလိုက်ပြန်သည်။

သူ့ကို သတိရတိုင်း ရင်ထဲမှာ ရှုပ်ထွေးနောက်ကျိစွာ ခံစားရသည်။ ရင်ခုန်တာရော၊ ဒေါသရော၊ ခံပြင်းစိတ်တွေနှင့် ထိုသူကိုပြေးသွားပြီး ရန်တွေ့ချင်သည်။

"အင်း ... သေသေချာချာ စဉ်းစားရင် ငါက လွန်ခဲ့တာပဲ။

ငါလုပ်ခဲ့တဲ့အလုပ်က အရှက်မရှိ၊ သိက္ခာမရှိ ဖြစ်ခဲ့တာကိုး။

ထိုသို့တွေးပြီး ဒေါသတွေကို ဖြေလျှော့လိုက်သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

နောက်ရက်မှာ မြတ်ထွေး၊ ခန့်အောင်တို့နှင့်အတူ အိမ်စည်က လေဆိပ်တွင် ဧည့်သည်တွေကို သွားကြိုသည်။

ဧည့်သည်များကို ကြိုပြီး ပန်းစီးဟိုတယ်သို့ ပို့ပေးသည်။ ဧည့်သည်တွေက ဟိုတည်ခန်းမှာ သူတို့ပစ္စည်းတွေထားပြီး ဒေါင်းတောင်းသွားမည်။ မြို့တစ်ပတ် ကြည့်မည်ဆို၍ ဧည့်သည်များနှင့်အတူ သုံးယောက်စလုံး ပြန်လိုက်ခဲ့ကြသည်။

ရွှေတိဂုံစေတီတော်မြတ်ကို အလျင်ဦးဆုံးသွားချင်သည်ဆို၍ လိုက်ပို့ပေးသည်။ မြို့အနှံ့ လျှောက်ကြည့်သည်။ နံနက်စာကို မြန်မာစာ စားချင်သည်ဆို၍ ဂရင်းအဲလီးဖန့်ကို ပို့ပြီး စားသောက်ကြသည်။





တစ်နေကုန် လျှောက်သွားပြီးမှ ဟိုတယ်ကို ညနေစောင်းတွင် ပြန်ရောက်သည်။ နောက်တစ်နေ့နံနက် ပုဂံခရီးစဉ်ကစောသဖြင့် သူတို့နားကြမည်ဆို၍ ပြန်လာကြသည်။

"အဖွဲ့က နည်းနည်းအသက်ကြီးတဲ့သူတွေဆိုတော့ ဟန်ကျတယ်နော်"

"ဟုတ်တယ်၊ လူငယ်အဖွဲ့သာဆိုရင် ဒီအချိန်နားကြဦးမှာ မဟုတ်ဘူး"

"သူတို့အားလုံး ငါးဆယ်ကျော်တွေချည်းပဲနော်"

"ဟုတ်တယ်"

အဲယားကွန်းဘတ်(စ) ကားကြီးနှင့်ပင် သူတို့ ပြန်ခဲ့ကြသည်။ အိမ်စည်ကို အလျင်ဦးဆုံး ပို့ပေးသည်။

အိမ်ပြန်ရောက်ပြီး ရေမိုးချိုးကာ ညစာကို အားလုံးစားပြီးပြီမို့ သူတစ်ယောက်တည်း စားလိုက်ရသည်။ ဒေါ်ခင်သိန်းက ဘုရားဝတ်ပြုနေသည်။ မိငယ်က သူ့အနားမှာ လာထိုင်သည်။

"ဘယ်လိုလဲ မိငယ်၊ ဒီနေ့ ဒေါ်လေးနဲ့ အဆင်ပြေလား"

"ထုံးစံအတိုင်း ကြဲဖန်ပွားတာပေါ့ မမရယ်"

"အေးဟယ် အဲ့ဒါ သူဗီဇပဲ နင် စိတ်မဆိုးနဲ့ လာနေပေးတာကို မမက သိပ်ကျေးဇူးတင်တယ် သိလား"

"ရပါတယ်၊ မိငယ် စိတ်ဆိုးရင် ငရဲကြီးမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



“လိမ္မာလိုက်တဲ့ ကလေးရယ်၊ မိငယ်အတွက် မမ ဘာ လက်ဆောင် ဝယ်ခဲ့ရမလဲ”

“နေပါစေ မမရယ်”

“အင်းလေး၊ တောင်ကြီးလည်း ရောက်မှာ အင်းလေးလုံချည်နဲ့ အနွေးထည် ဝယ်ခဲ့မယ်နော်”

“ဟုတ်ကဲ့ မမ”

အိမ်စည်က စားသောက်ပြီး သူ့ပန်းကန်ကို ဆေးနေမည်ပြုစဉ် မိငယ်က လာဆေးသည်။

“နေပါစေ မိငယ်ရယ်၊ ဒီလောက်တော့ မမလည်း လုပ်နိုင်ပါတယ်”

“မမက အပြင်အလုပ်နဲ့ ပင်ပန်းနေတာ မိငယ်က အားနေတာ လုပ်နိုင်ပါတယ်”

အလွန်အလိုက်သိတတ်ပြီး ချစ်စရာကောင်းသော မိငယ်ရဲ့ခေါင်းကို အိမ်စည်က ပုတ်လိုက်သည်။

ခရီးစဉ်မှာ ယူဆောင်သွားမည့် အသုံးအဆောင် အဝတ်အထည်တွေကို ခရီးဆောင်သေတ္တာထဲ ထည့်လိုက်သည်။

“မမ မိငယ် ဘာလုပ်ပေးရဦးမလဲ”

“မလိုတော့ပါဘူးကွယ်”

“လျှော်စရာတွေ ထားခဲ့နော်၊ မိငယ် လျှော်ပြီး မီးပူတိုက်





ပေးထားတယ်”

“အေးပါကွယ်”

အိမ်စည်က လုပ်စရာရှိတာတွေလုပ်ပြီး အခန်းထဲမှ ထွက်ခဲ့သည်။ ဒေါ်ခင်သိန်းက ဘုရားဝတ်ပြုပြီးပြီ ဖြစ်သည်။

“ဒေါ်လေး အိမ်စည် မနက်အစောကြီးသွားမှာ မထနဲ့နော်”

“ရပါတယ်အေ”

“ဒေါ်လေး အလကား အိပ်ရေးပျက်ယ်”

“ညည်းခရီးသွားတိုင်း ငါ မထတာ ရှိလို့လား”

ဒေါ်ခင်သိန်းသည် အပြောအဆို မညက်ညောသော်လည်း သူ့အပေါ်မှာ စေတနာ၊ မေတ္တာ ကြီးမားသည်ဆိုတာ သိပြီးသားပါ။

“ဒေါ်လေး ဘာမှာဦးမလဲ”

“တော်ပါပြီအေ၊ အခေါက်တိုင်း ဒီပစ္စည်းတွေပဲဟာ မလိုချင်တော့ပါဘူး”

“ဧည့်သည်ပါးတဲ့အချိန် ဒေါ်လေးကို ပုဂံ လိုက်ပို့ပေးမယ်နော်”

“ရောက်ဖူးနေပြီးသားပဲ မသွားချင်တော့ပါဘူး၊ ရွှေတိဂုံ လိုက်ပို့ပေးရင်ပဲ တော်ပါပြီ”



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီ၊ ခရီးစဉ်က ပြန်လာရင် လိုက်ပို့ပေးမယ်"

အိမ်စည်က ဒေါ်ခင်သိန်းကို ပြောရင်း ဧည့်ခန်းထဲမှ ထွက်ခွာလိုက်သည်။

"စောစောထရမှာ အိပ်တော့မယ်"

အိပ်ခန်းထဲဝင်ပြီး ခုတင်ပေါ်လှဲလိုက်သည်။ ကိုယ်ပိုင်စီးပွားရေးကို အလွန် အောင်မြင်ချင်နေသည်။

"အဲ့လို အောင်မြင်သွားရင် ဂိုက်အလုပ်မလုပ်တဲ့အတွက် ဒေါ်လေးကို အမြဲထားခဲ့စရာ မလိုတော့ဘူး"

အတွေးမျိုးစုံတွေးရင်းကနေ ကျော်ရှင်းထံသို့ စိတ်ရောက်သွားပြန်သည်။

"သူက ဘာအလုပ်လုပ်လဲ၊ သူနဲ့ အတူပါတဲ့လူကတော့ ပိုက်ဆံချမ်းသာပုံပေါ်တယ်...

"ဧည့်သည်တွေနဲ့ ငါ ဒီလောက် ဟိုတယ်တွေ၊ နယ်တွေ သွားခဲ့ပေမယ့် သူတို့ကို တစ်ခါမှ မတွေ့ဖူးဘူး...

"သူ့ကို ရုတ်တရက်တွေ့ပြီး ရုတ်တရက်ပဲ ပျောက်သွားတယ်...

"ဒါပေမဲ့ သူ့အသိစိတ်ထဲမှာ ငါက အရှက်မရှိတဲ့ မိန်းမ တစ်ယောက် ဖြစ်နေမှာအမှန်ပဲ"

သည်လို ခံစားမိတော့ အိမ်စည်က အတော် စိတ်မကောင်း





ဖြစ်သွားသည်။

"အထင်သေးမိတဲ့ မိန်းမတစ်ယောက်ကို ဘယ်ယောက်ျား ကမှ နှစ်သက်မြတ်နိုးမှာ မဟုတ်ဘူး...

"သေချာတာက သူမချစ်နိုင်မယ့် မိန်းမထဲမှာ ငါက နံပါတ် တစ် ထိပ်ဆုံးကပဲ...

"ဒါပေမဲ့ သူ့ကိုတော့ သိပ်ကျေးဇူးတင်မိတယ်၊ သူကြောင့် ကိုစိုးသိန်း နောက်ဆုတ်သွားတာ...

"တစ်နည်းတွေးရင် သူက ငါ့ရဲ့ ကယ်တင်ရှင်ပဲ"

တွေးရင်းနှင့် အိမ်စည် အိပ်ပျော်သွားသည်။

* * *

နောက်တစ်နေ့နံနက် စောစောထပြီး ကားလာခေါ်လျှင် အသင့်ဖြစ်နေရန် ရေချိုးပြင်ဆင်ထားသည်။ ဒေါ်ခင်သိန်းက စောစောထပြီး ကော်ဖီနှင့် ထမင်းကြော် စီစဉ်ပေးသည်။

"အိမ်စည် ဒီမှာ ထမင်းကြော် မအေးခင်သွားစားဦး"

"ဟုတ်ကဲ့"

အိမ်စည်က ဧည့်ခန်းနှင့် ကန့်ထားသော ထမင်းစားခန်း ထဲသို့ဝင်လိုက်သည်။ ဒေါ်ခင်သိန်းက ပြင်ဆင်ပေးနေသည်။

"ဒေါ်လေးပါ စားလေ"



www.burmeseclassic.com

www.burmeseclassic.com



"ကော်ဖီသောက်ထားတယ်၊ ဘုရားဝတ်ပြုပြီးမှပဲ စားတော့မယ်"

"အစောကြီးထရတာ ပင်ပန်းတာပေါ့"

"ရပါတယ်၊ စောစောထတော့ စောစောဘုရားရှိခိုးရတာပေါ့"

အိမ်စည်က သွက်သွက်စားသောက်ပြီး ပါးစပ်ဆေးကာ နှုတ်ခမ်းနီ ပြန်ဆိုးလိုက်သည်။

"ဒေါ်လေးကို ကန်တော့မယ်နော်"

ဘုရားခန်းမှာ ထိုင်နေပြီဖြစ်သော ဒေါ်ခင်သိန်းကို ထိုင်ကန်တော့လိုက်သည်။ သည်လိုပါပဲ ခရီးစဉ်ထွက်ခါနီးတိုင်း အဒေါ်ကို ကန်တော့ပြီးမှ သွားတတ်သည်။

ဒေါ်ခင်သိန်းကလည်း ဆုတွေတစ်လှကြီးပေးနေပါတော့သည်။ အောက်က ကားဟွန်းတီးသံကြား၍ နှုတ်ဆက်ပြီး သူ့ရဲ့ လွယ်သောအိတ်နှင့် ခရီးဆောင်သေတ္တာကို ဆွဲယူလိုက်သည်။

ကမ္ဘာလှည့် ခရီးသည်တွေကိုခေါ်ပြီး လေဆိပ်ကို ထွက်လာကြသည်။ လေဆိပ်မှာ သူတို့သုံးယောက် အလုပ်ရှုပ်နေကြပါတော့သည်။

လေယာဉ်ပေါ်ရောက်ပြီး လေယာဉ်ထွက်တော့မှပဲ အမောပြေကြသည်။ ညောင်ဦးလေဆိပ်ရောက်ပြီး ကြိုတင်ပြင်ဆင်ထား





သော သရဖာပါဟိုတယ်က ကားက အသင့်လာစောင့်နေသည်။

ခရီးသည်တွေရော သူတို့ပစ္စည်းတွေပါ စုံစုံလင်လင်ပါအောင် ကားပေါ်တင်ပြီး ဟိုတယ်ဆီသို့ ထွက်လာခဲ့ကြသည်။ ဟိုတယ်ရောက်ပြီး အခန်းတွေမှာ သူတို့ကို နေရာခွဲချ စီစဉ်ပေးလိုက်သည်။

ခဏနားပြီး ဟိုတယ်ကနေပဲ မီနီကားကြီးနှင့် ထွက်လာခဲ့သည်။ စေတီပုထိုးတွေကို တစ်ဆူပြီးတစ်ဆူ ဝင်သည်။

လေ့လာကြ မေးမြန်းကြ ဓာတ်ပုံရိုက်ကြနှင့်မို့ တစ်နေရာမှာ ဘုရား တစ်ဆူတစ်ဆူမှာ အလွန်ကြာသည်။ နေလယ်စာကို မြန်မာအစားအစာ စားချင်သည်ဆို၍ ထနောင်းရိပ်မှာပဲ စီစဉ်ထားသဖြင့် ထနောင်းရိပ်တွင် သွားစားကြသည်။

နောက်တစ်နေ့ နံနက်မှာ တန့်ကြည်တောင်သွားဖို့ အစီအစဉ်ရှိသဖြင့် အိမ်စည်တို့သုံးယောက် စီစဉ်ကြပါသည်။

ပုဂံအိုက်သော ရာသီဖြစ်သော်လည်း ဟိုတယ်ခန်းတွေက လေအေးပေးစက်တပ်ထားနှင့်မို့ ခရီးသည်တွေ ညဘက် ကောင်းစွာ အိပ်စက်နိုင်ခဲ့ကြသည်။

နောက်တစ်နေ့နံနက် ဘရိတ်ဖတ်(စ)ကို ဟိုတယ်မှာစားပြီး တန့်ကြည်တောင်သို့သွားရန် ဇက်ဆိပ်ကို ရောက်ကြပါသည်။

တစ်ဖက်ကမ်းကိုကူးပြီး စီစဉ်ထားသောကားများနှင့်



www.burmeseclassic.com

www.burmeseclassic.com



တန့်ကြည်တောင်ကို တက်ကြသည်။ တောင်စောင်းကနေ မြင်တွေ့ရသော သဘာဝရှုခင်းကို ကြည့်ပြီး သဘောကျကြသည်။

ထိုမှအပြန် မြစ်ကူးပြီး တူရှင်းတောင်ကို တက်ကြသည်။ တူရှင်းတောင်ရဲ့ ရှုခင်းတွေကိုလည်း ရှုသပ်ရှုမောစွာ ကြည့်ရှု ဓာတ်ပုံရိုက်ကြသည်။

နေဝင်ချိန် ဆန်းဆက်အလှကို ကြည့်ရှုခံစားချင်သည် ဆို၍ လောကနန္ဒာဘုရားမှာ အားလုံးထိုင်ပြီး ရှုစားကြသည်။

လောကနန္ဒာရဲ့ ဘုရားပေါ်ကဆင်းလာပြီး **အရိုမာန္ဒ** လေဆိပ်ကနေ ဓာတ်ပုံတွေ ရိုက်ကြသည်။ ထိုစဉ်မှာပဲ **တီ**ရှပ်၊ ဂျင်းဘောင်းဘီ ခပ်နွမ်းနွမ်းနှင့် ကျော်ရှင်းကို မြင်ကွင်းတည့်တည့်မှာ အိမ်စည်က တွေ့လိုက်သည်။

ကျော်ရှင်းက သူ့ကို မှင်တက်မိသလို ကြည့်နေရာမှ တိကျ ပြတ်သားသော နှုတ်ခမ်းအစုံက ခပ်မဲ့မဲ့တွန့်ပြီး အကြည့်ကို လွှဲ လိုက်သည်။

အိမ်စည်က ညှော့်သည်တွေနှင့် မလွတ်လပ်ပါ။ ထိုအကြည့် ကြောင့် ရင်ထဲမှာ စူးနင့်ခံပြင်းပြီး ကျော်ရှင်းနောက်ကို ပြေး လိုက်ပြီး ရန်တွေ့လိုက်ချင်စိတ် ပေါက်သွားသည်။

ကျော်ရှင်းက တစ်ချက်ကလေးမှ သူ့ကို လည်ပြန်လှည့် ကြည့်ဖော် မရဘဲ လောကနန္ဒာဘုရားရဲ့ ရင်ပြင်ပေါ်သို့ လှေ





ကားတွေကနေ တက်သွားသည်။

အိမ်စည်ရဲ့ မျက်နှာလေး ညှိုးကျသွားသည်ကို မြတ်ထွေး က လှမ်းမြင်ပြီး အိမ်စည်ရဲ့အနားသို့ အလျင်စလို ရောက်လာ သည်။

"အိမ်စည် နင် ဘာဖြစ်လို့လဲ၊ နင့်မျက်နှာက ငိုမလို ဒေါသဖြစ်သလိုနဲ့"

"အေး ... ဟုတ်တယ်"

"ဘာပြုလို့လဲ"

"နောက်တော့မှ ပြောမယ်"

မေးမြန်းစူးစမ်းနေသော ညှော့်သည်တွေကြောင့် နှစ်ယောက် သား စကားပြတ်သွားသည်။ တစ်နေ့လုံး လည်ပတ်ပြီး မောပန်း နေသော ညှော့်သည်များ ဟိုတယ်ပြန် ရေမိုးချိုး ညစာစားသောက် ပြီး ဟိုတယ်မှာပဲ နားလိုက်ကြသည်။

နှစ်ယောက်တည်း အေးအေးဆေးဆေးရှိတော့မှ မြတ်ထွေး က မေးသည်။

"အိမ်စည် ပြောစမ်းပါဦး၊ ညနေက နင် ဘာဖြစ်တာလဲ"

"ဟိုလူလေ ကျော်ရှင်းဆိုတဲ့လူကိုတွေ့လို့"

"ကျော်ရှင်း ဟုတ်လား၊ ဘယ်သူလဲ"

"နင်ကလည်းဟယ် ကိုစိုးသိန်းရှေ့မှာ ငါသွားလက်ဆွဲ



www.burmeseclassic.com

www.burmeseclassic.com



လိုက်တဲ့သူပေါ့"

"ဩော် ... နင့်ပခုံးကို ဖက်လိုက်ပြီး နင့်ကို ခေါ်သွားသွားတဲ့လူလား"

"ဟုတ်တယ်"

"ဘုရားမှာ တွေ့တာလား"

"အေးလေ နင် သူ့ကို မမြင်လိုက်ဘူးလား"

"ဟင့်အင်း သူ့ကို ငါမှ မသိတာ"

"ဟုတ်သားပဲ နင်က နာမည်ပဲသိလိုက်တာကိုး"

"သူ ဘယ်မှာလဲ မသိဘူး၊ သွားရှာကြည့်ရအောင်လား"

"ဘယ်မှာတည်းမှန်းမသိဘဲ ဘယ်လိုသွားရှာမှာလဲ။ ပြီးတော့ တွေ့ရင် ဘာပြောမှာလဲ"

"နင် ဘာပြုလို့ အဲ့လို လုပ်ရတယ်ဆိုတာ ရှင်းပြလိုက်မှာပေါ့"

"တော်ပါပြီဟယ် နောင်ကိုလည်း ပတ်သက်စရာ ဆုံစည်းစရာ မရှိတဲ့သူတစ်ယောက် ငါ့ကို ဘယ်လိုမြင်မြင် အရေးမကြီးပါဘူး"

"တကယ်ပဲ နင် အဲ့ဒီလို ခံယူထားလို့လား"

"အင်းပေါ့"

"နင် တကယ်ချစ်တဲ့သူနဲ့ တွေ့တဲ့အခါ ဒီပြဿနာလေးက





ဝင်လာရင် ဘယ်လိုလုပ်မလဲ"

"ဟာ ... ဘာဆိုင်လို့လဲ။ သူ ငါ့ပခုံး ကိုင်ဖက်လိုက်ရုံပဲဟာ"

"အဲ့လို ဖက်ခံရတဲ့ အထဲမှာ နင့်သိက္ခာတွေ အများကြီးပဲ့ပါသွားတယ်လေ"

"အင်း ... အဲ့ဒါတော့ မတတ်နိုင်ပါဘူး။ ငါတကယ်ချစ်တဲ့သူရှိခဲ့ရင် ငါ ဖြစ်ပျက်ခဲ့သမျှတွေ အားလုံး ဖွင့်ပြောမှာပေါ့"

"ငါတို့က ခြောက်ပြစ်ကင်း သဲလဲစင်တွေပဲ ကိုယ်ကျင့်တရားနဲ့ ပတ်သက်ပြီး စော်ကားလာရင်တော့ မခံဘူးနော်"

"အေးပါ မြတ်ထွေးရယ်"

ကျော်ရှင်းကို ပြန်မြင်လိုက်တော့မှ အိမ်စည် ရင်ထဲက ခံစားချက်တွေ အသားနုတက်နေပြီဖြစ်သောအနာ ပြန်၍ ထိခိုက်မိသလို ခံစားလိုက်ရသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

နောက်တစ်ရက် ပုဂံမှာနေကြသည်။ ကျော်ရှင်းနှင့် နောက်ထပ်ဆုံစည်းခြင်း မရှိပါ။ တောင်ကြီး၊ အင်းလေး၊ ကလေး အစီအစဉ်ကို ဆက်လိုက်ကြသည်။

ခရီးစဉ် ခုနစ်ရက်ကြာပြီ ရန်ကုန်ပြန်ခဲ့ကြသည်။ ရန်ကုန်မှာ တစ်ရက်နေပြီး နောက်တစ်နေ့ ခရီးသည်တွေ ပြန်သည်ကို လိုက်ပို့ကြသည်။

နောက်တစ်နေ့မှာ မိငယ်ကို သူ့အိမ် ပြန်ပို့လိုက်သည်။ မိငယ်က မုန့်ဖိုးရော၊ လက်ဆောင်တွေပါ ရသည့်အတွက် အလွန်ပျော်နေသည်။

အစ်မဝမ်းကွဲ အိမ်အတွက် ပုန်းရည်ကြီး၊ ထန်လျက်လက်ဆောင်တို့နှင့်အတူ မိငယ်ကို ပြန်ပို့လိုက်သည်။

ပုဂံက သူ့စိတ်ကြိုက် ရိုက်ခဲ့သော ဓာတ်ပုံအချို့ကို ကူးလိုက်သည်။





"ငါလက်ရာက တိုးတက်လာတယ်ထင်တယ် ကိုရိုးကို ပြသွားပြဦးမယ်"

ဓာတ်ပုံတွေ အခြောက်ခံပြီး နောက်နေ့မှာ ဓာတ်ပုံပညာရှင် ကိုရိုးကို သွားတွေ့သည်။

"အိမ်စည် ဘယ်ကနေ မျက်စိလည်လာတာလဲ"

"ကိုရိုးရယ် အပြစ်တင်ရင်လည်း ခံရမှာပဲ။ အိမ်စည် ပုံးဝ မအားလို့ပါ"

"ဓာတ်ပုံတွေလည်း မရိုက်ဖြစ်ဘူးဆိုပါတော့"

"ရိုက်ဖြစ်တယ်၊ ပြီးခဲ့တဲ့ သုံးလေးရက်ကပဲ ပုဂံ၊ အင်းလေး၊ တောင်ကြီးက ပြန်ခဲ့တာ"

"ဟုတ်လား"

"ဒီမှာ အိမ်စည်ရဲ့လက်ရာတွေ ကြည့်ပါဦး၊ တိုးတက်လာလား"

"လာ ... လာ ထိုင်ဦးလေ၊ အေးအေးဆေးဆေးပဲ မဟုတ်လား"

"ဟုတ်ပါတယ်၊ ဒီနေ့ အားတယ်လေ"

ကိုရိုးရဲ့ အလုပ်စားပွဲမှာ အိမ်စည်က ဝင်ထိုင်လိုက်သည်။ ကိုရိုးက ဓာတ်ပုံတွေကို တစ်ပုံကြီး တစ်ပုံ သေသေချာချာ လေ့လာသည်။

"အိမ်စည် မင်း အတော်ပဲ တိုးတက်လာပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား၊ ဓာတ်ပုံပြိုင်ပွဲဝင်ဖို့ အဆင့်မီပြီလား"

"အင်း ... အဆင့်မီနေပါပြီ"

"ဝမ်းသာလိုက်တာ ကိုရိုးရယ်"

"နောက်ခြောက်လနေရင် ပြိုင်ပွဲရှိတယ်၊ အဲ့ဒီမှာ ရနိုင်အောင် ကြိုးစားလိုက်ပေါ့"

"ဟုတ်တယ်၊ ခြောက်လဆိုရင် အချိန်ရသေးတယ်"

"ဟုတ်တယ်၊ ကြိုးစားလိုက်ပါ အိမ်စည်"

"ပြိုင်ပွဲဝင်ဖို့ ကိုရိုးပဲ ကူညီပေးမှာ မဟုတ်လား"

"အေးပါ ကူညီပေးမှာပေါ့"

ကိုရိုးကို နှုတ်ဆက်ပြီး အိမ်စည်က ပြန်လာသည်။ ရင်ထဲမှာတော့ မျှော်လင့်ချက်အပြည့်နှင့် ကြိုးစားလိုစိတ်တွေ ပေါ်နေသည်။

ခရီးစဉ် သွားလိုက်လာလိုက်နှင့် အချိန်တွေ ဇွေ့ဇွေ့ကုန်လာသည်။ ပြိုင်ပွဲချိန်ရဲ့ တစ်လအလိုမှာ ပုဂံကို ရောက်ပြန်သည်။

ညည်သည်ငါးဦးမို့ အိမ်စည်တစ်ယောက်တည်းကို တာဝန်ပေးထားသည်။ ပုဂံရောက်ပြီး ဘုရားပုထိုးတွေကို လေ့လာကာ ရွာတွေထဲ သွားကြည့်ချင်သည်ဆို၍ ခေါ်သွားသည်။

နွမ်းပါးဆင်းရဲသော ရပ်ကွက်တစ်ခုအတွင်းသို့ ရောက်သွားသည်။ ထိုမှာ အိမ်စည်အတွက် ရိုက်ကွက်တစ်ခုကောင်းကို





ရှိုလိုက်သည်။

ထဘီရင်လျားနှင့် ပြောင်းဖူးဆေးလိပ်ကြီးကိုခဲကာ ဆန်ပြာနေသော အမျိုးသမီးနှင့် အနားမှာ အင်္ကျီအဝတ်အစားဗလာနှင့်ထိုင်ပြီး မုန့်စားနေသောကလေး၊ တဲလေးအပြင်မှာ သူတို့အားအမိက ထိုင်နေသည်။

မြေပြင်ပေါ်မှာ အမျိုးသမီး စွန့်ပစ်လာ‌သော စပါးလုံးတွေကို ကြက်လေးငါးကောင်းက စားနေသည့်ပုံပါ။

ဘဝသံရုပ်ဖော် ဓာတ်ပုံတစ်ပုံကို အိမ်စည်က မိမိရရ ရိုက်ယူလိုက်ပါသည်။

ရန်ကုန်ပြန်ရောက်ပြီး ထိုပုံကို သေသေချာချာ ဆေးကာ လှလှသားကောင်းကောင်းသုံးပြီး ကူးလိုက်သည်။ နောက်တစ်ရက်မှာ ကိုရိုးထံသို့ ရောက်သွားသည်။

"ကိုရိုး ဒီမှာ အိမ်စည် ရိုက်လာတဲ့ပုံကို ကြည့်ပါဦး"

စက္ကူအိတ်ထဲက ဓာတ်ပုံကို ကိုရိုးအား ထုတ်ပြလိုက်သည်။ ကိုရိုးက ကြည့်ပြီး သဘောအလွန်ကျသွားသည်။

"လက်ရာရော ရိုက်တဲ့ရှုထောင့်ရော အကုန်ကောင်းတယ်"

"ပြိုင်ပွဲဝင်ဖို့ အဆင့်မီလား"

"မီတယ်၊ ပုံကြီးချဲ့လိုက်တော့"

"ဟုတ်ကဲ့၊ ပြီးတာနဲ့ ကိုရိုးဆီကို လာပို့မယ်"

"ကိုယ့်ဆီမှာပဲ ပေါင်သွင်းပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ် ကိုရိုး"

ချီးကျူးခဲ့သော ကိုရိုးထံမှ ချီးကျူးစကားကို ကြားရပြီး အိမ်စည် အလွန်ပျော်ရွှင်သွားသည်။

နောက်ရက်မှပဲ အားချင်းဓာတ်ပုံကို ကူးလိုက်သည်။ ခရီးစဉ်တွေပေါ်လာသဖြင့် ကိုရိုးထံသို့ ဓာတ်ပုံကိုအပ်ပြီး ပြိုင်ပွဲအတွက် ကိုရိုးကို တာဝန်ပေးလိုက်သည်။

* * *

တစ်လဆိုသော အချိန်က ခဏလေးနှင့် ကုန်သွားသည်။ ဓာတ်ပုံပြိုင်ပွဲက ကျင်းပပါပြီ။ အိမ်စည်လုံးဝ မမျှော်လင့်မိသော ပထမဆုကို အိမ်စည် ဆွတ်ခူးရရှိလိုက်ပါသည်။

ကိုရိုးကလည်း သူ့တပည့်ဆုရသည့်အတွက် လွန်စွာ ဂုဏ်ယူဝမ်းမြောက်နေသည်။ မိန်းကလေးထဲမှာ ရှားရှားပါးပါး ဓာတ်ပုံပညာကို စိတ်ဝင်စားပြီး ထူးချွန်သော အိမ်စည်ကို ချီးကျူးမဆုံးပါ။

ဒေါ်ခင်သိန်းက ယခုတလော မောမောနေသည်ဆိုသဖြင့် ဒေါ်ခင်သိန်းအား အိမ်စည်က ဆရာဝန် ပြပေးသည်။ ဒေါ်ခင်သိန်းမှာ နှလုံးရောဂါရှိနေသည်ကို သိရပြီး စိတ်မကောင်းပါ။

"ဒေါ်လေးကို တစ်ယောက်တည်း ထားရမှာ အိမ်စည် လုံးဝ စိတ်မချဘူး"





"ရပါတယ်အေ၊ ဒီလောက်ကြီးဖြစ်တာမှ မဟုတ်တာ"

"နှလုံးရောဂါဆိုတာ ရုတ်တရက် ဖောက်တတ်တယ် ဒေါ်လေးရဲ့၊ ပေါ့လို့ဖြစ်တာ မဟုတ်ဘူး"

သူက အိမ်မှာမရှိသည်က များသည်မို့ ဒေါ်ခင်သိန်းနှင့်အတူ အဖော်တစ်ယောက်ကိုထားမှ ဖြစ်တော့မှာပါ"

အစ်မဝမ်းကွဲထံတွင် အကူအညီတောင်းရပြန်သည်။

"မမဝင်းရေ ဒေါ်လေးအတွက် အဖော်လေးတစ်ယောက် လောက် လိုချင်တယ်"

"အိမ်စည် ခရီးထွက်ဦးမလို့လား"

"မဟုတ်ဘူး၊ ဒေါ်လေးက နှလုံးရောဂါ ဖြစ်နေတော့ အိမ်မှာ အမြဲတမ်း အဖော်ရှိမှ ဖြစ်မှာမို့လို့ပါ"

"အင်း ... ဟုတ်တာပဲ"

"မမဝင်း ရှာပေးပါလား"

"ချက်ချင်းတော့ မလွယ်ဘူး၊ မိငယ်ကိုပဲ ခေါ်ထားလိုက်ပေါ့၊ ဒီမှာက လူနှစ်ယောက်တောင် ရှိနေတာပဲ"

"မမဝင်းကို အားနာတယ်"

"မိငယ်ပဲ ခေါ်သွားလိုက်၊ သူက ဒေါ်လေးရဲ့အထာကို သိနေပြီ၊ လူသစ်နဲ့ဆို မလွယ်ဘူး၊ လူသစ်ကို မမဝင်းပဲ ခေါ် ထားလိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ် မမဝင်းရယ်"

စာနာစွာ အမြဲအကူအညီပေးသော အစ်မကို ကျေးဇူးတင်လိုက်သည်။ မိငယ်က လိမ္မာပါးနပ်သူမို့ ဒေါ်ခင်သိန်းအားအလိုလိုက် အကြိုက်ဆောင်ပေးသည့်အတွက် အစစ အဆင်ပြေနေသည်။

ပြိုင်ပွဲမှာ ဆုရပြီးနောက် သူရိုက်ခဲ့သော ဓာတ်ပုံတွေကို အများက စိတ်ဝင်စားလာကြသည်။ အိမ်စည်ရဲ့ ဓာတ်ပုံအယ်ဘာန်က လူအများရဲ့ စိတ်ဝင်စားမှုကို ရရှိနေသည်။

နားရက်မှာ အိမ်စည်က ကိုရိုးထံသွားပြီး ဈေးဝင်ကာ ချက်ပြုတ်စရာ၊ စားစရာတွေ ဝယ်ပြီးပြန်လာသည်။

အိမ်ရောက်ပြီး အထုပ်အပိုးတွေ ချရုံရှိသေးသည် မိငယ်ရဲ့ အော်သံကို ကြားရသည်။

"မမရေ လာပါဦး ဒီမှာ ဒေါ်လေး လဲသွားလို့"

ဒေါ်ခင်သိန်း ရှိနေသော မီးဖိုဆောင်ထဲသို့ အပြေးအလွှားဝင်လိုက်သည်။ ကြမ်းပြင်ပေါ် လဲနေသော ဒေါ်ခင်သိန်းကို မိငယ်က ပွေ့ထားသည်။

"ဒေါ်လေး ... ဒေါ်လေး"

ဒေါ်ခင်သိန်းကို လှုပ်ခေါ်သော်လည်း မရသဖြင့် အိမ်စည် ထိတ်လန့်သွားသည်။ ဘေးအခန်းဖော်တွေကို ပြေးပြီး အကူအညီ





တောင်းသည်။

ဒေါ်ခင်သိန်းကို ဝိုင်းဝန်းပြီး ဆေးရုံပို့လိုက်ကြသည်။ ဆေးရုံတွင် နာရီပိုင်းလောက်သာခံပြီး ဒေါ်ခင်သိန်း သေဆုံးသွားသည်။

ကျေးဇူးရှင် အဒေါ် သေဆုံးသည့်အတွက် အိမ်စည်မှာ ပဋာဒါမြေလူး ရူးမတတ် ခံစားလိုက်ရသည်။

ဆွေမျိုးမိတ်ဆွေများ ဝိုင်းဝန်းကူညီမှုဖြင့် ဒေါ်ခင်သိန်းရဲ့ ဈာပနကိစ္စအဝဝ ပြီးဆုံးသွားခဲ့သည်။ မြတ်ထွေးကလည်း အိမ်မှာ လာနေပေးသည်။

ကိစ္စအဝဝ ပြီးဆုံးပြီး အေးအေးဆေးဆေး ရှိတော့မှ မိငယ်ကို ပြန်ပို့လိုက်သည်။ သူအပြင်သွားလျှင် မိငယ်တစ်ယောက်တည်း ထားရမှာ ငယ်လွန်းသေး၍ စိတ်မချပါ။

"အိမ်စည် နင်တစ်ယောက်တည်း နေလို့ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်"

"ငါ စိတ်မချဘူး"

"ငါက လူကြီးဖြစ်နေပြီပဲဟာ၊ နင်လည်း တစ်ခါတလေ လာနေတာပဲဟာ"

"ငါ မလာတော့ နင်တစ်ယောက်တည်းလေ"

"ဘေးအခန်းတွေက အဖော်ရပါတယ် စိတ်မပူပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘေးအခန်းက ဒေါ်တင်ဆိုသော ဒေါ်ခင်သိန်းနှင့် ရွယ်တူလောက်ရှိမည့် အမျိုးသမီးကြီးက အိမ်စည်ကို ဂရုစိုက်ရှာပါသည်။

"သမီးလိုတဲ့ အကူအညီရှိရင် ပြောနော်၊ အားမနာနဲ့"

"ဟုတ်ကဲ့ပါ၊ ဒေါ်ဒေါ်တို့ရှိတာ အိမ်စည်အတွက် တစ်တာတစ်အားပါပဲ"

"ခင်ရာဆွေမျိုးပေါ့ကွယ်၊ အတူနေခဲ့တာလည်း ကြာပြီမဟုတ်လား"

"ဟုတ်ပါတယ် ဒေါ်ဒေါ်ရယ်"

ဒေါ်ခင်သိန်း ဆုံးပါးသွားပြီး အိမ်မှာနေရတာ စိတ်ထိခိုက်လွန်း၍ ခရီးစဉ်တွေ တစ်ခုပြီးတစ်ခု ထွက်လိုက်သည်။

ခရီးစဉ်ထွက်တိုင်း အိမ်ကို ဒေါ်တင်ထံတွင် အပ်ထားခဲ့သည်။ သော့အပိုတစ်ချောင်းကိုလည်း စိတ်ချလက်ချ ဒေါ်တင်ထံတွင် အပ်နှံထားလိုက်သည်။

အိမ်စည့်ရဲ့ အိပ်ခန်းသော့ကိုတော့ ဒေါ်တင်က လက်မခံ၍ သူ့မှာသာ သော့ကရှိနေသည်။

* * *



## အခန်း (၆)

အိမ်စည်က ဓာတ်ပုံပညာကို တိုးတက်သည်ထက် တိုးတက်အောင် ကြိုးစားသည်။ ကင်မရာကို ဗွန်(ပ)ပါရာရှိကာ အကောင်းစားကို ရွေးဝယ်ထားသည်။

ဓာတ်ပုံဘက်က စီးပွားရေးက တဖြည်းဖြည်းကောင်းလာသဖြင့် ခရီးသွားဝန်ဆောင်အလုပ်ကို မလုပ်သလောက် ဖြစ်သွားသည်။

မြတ်ထွေးက ဆက်လက်လုပ်နေဆဲပါ။ သူအလွန်အောင်မြင်သွားလျှင် မြတ်ထွေးကို သူ့အလုပ်မှာဝင်လုပ်ခိုင်းရန် စဉ်းစားထားသည်။

ကိုရိုးနှင့်လည်း အလုပ်က စပ်တူသဘောမျိုး ဖြစ်နေသည်။ အိမ်စည်အတွက် ငွေကြေးက လိုအပ်နေဆဲပါ။



www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုယ်ရေတစ်ကာယသမား ဖြစ်သော်လည်း ဝယ်ရသည့်ပစ္စည်း၊ ရင်းရသည့်စရိတ်စကက မနည်းလှပါ။

ဒေါ်ခင်သိန်းမရှိ၍ အိမ်က ခြောက်ကပ်နေသည်။ အမြဲလို အဒေါ်ကို သတိရနေတတ်သည်။ သူ့အတွေးထဲသို့ မကြာခဏ ရောက်လာသည့်သူကလည်း ကျော်ရှင်းပါ။

"ဒီလောက် အချိန်ကာလတွေ ကြာသွားတာတောင် သူ့ကို ငါသတိရနေသေးပါလား"

ကျော်ရှင်းရဲ့ပုံစံက သူ့အတွေးထဲမှာ မှေးမှိန်သွားခြင်းမရှိသေးပါ။

ကျော်ရှင်းက သူ့ရဲ့ ပင်ကိုစီးပွားရေးအမြင် မြန်မာပြည်ရဲ့ သယံဇာတတွေ၊ ကျောက်သံပတ္တမြားတွေအကြောင်း သေသေချာချာ လေ့လာပြီး ခတ်ပုံများနှင့်အတူ စာအုပ်ထုတ်လိုက်သည်မှာ အောင်မြင်သွားသည်။

နိုင်ငံခြားသားအကြိုက် ရေးသားနိုင်ခဲ့သည့်အတွက် တိုးရစ်(စ)ကြားမှာ အောင်မြင်ခဲ့သည်။

ဒါကြောင့် ပုဂံရဲ့ ရှေးဟောင်းစေတီပုထိုးရဲ့ပုံများ သဘာဝရှုခင်းများနှင့် ပတ်သက်ပြီး ဒုတိယစာအုပ်ကို ရေးသားလိုစိတ်ဖြစ်လာသည်။

အစ်ကိုဖြစ်သူ ကျော်လင်းအား ထိုကိစ္စကို ပြောသည်။





"ကျွန်တော့်ရဲ့ ပထမစာအုပ်က အောင်မြင်တယ်"

"ကောင်းတာပေါ့"

"နောက်တစ်အုပ်ထုတ်ဦးမယ်"

"ကုမ္ပဏီမှာ အလုပ်တွေများနေတယ်"

"အလုပ်ပါးတဲ့အချိန် ကျွန်တော် ခရီးထွက်မယ်"

"မင်း သိပ်ပြီး စိတ်သန်နေရင် လုပ်ပေါ့"

"ရေ့တစ်ပတ်ထဲ ငါ နိုင်ငံခြားသွားရဦးမယ်၊ တစ်ပတ်ကြာမယ်၊ ပြန်လာပြီးမှ မင်းအလုပ်ကို လုပ်ပေါ့"

"ကောင်းပြီ ကိုကျော်"

ကျော်ရှင်း အစ်ကိုရဲ့စကားကို နားခံရသူပီပီ ကျော်လင်းပြောသည်ကို လက်ခံလိုက်သည်။

"ခတ်ပုံဆရာ တစ်ယောက်တော့ ခေါ်သွားရမှာ မြင့်စိုးကိုပဲ ခေါ်သွားမယ်"

ထိုသို့ စိတ်ကူးပြီး မြင့်စိုးထံသို့ တယ်လီဖုန်း ဆက်လိုက်သည်။

"ပြော ကိုကျော်လင်း"

မြင့်စိုးက ဘစ်ဖက်ကနေ စကားပြန်သည်။

"ရှေ့သုံးပတ်လောက်အကြာမှာ ငါ ခရီးထွက်မယ် မင်းလိုက်ခဲ့ပေးဦး"



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒီအချိန်မှာ လက်ခံထားတဲ့အလုပ်တစ်ခုက ပြီး ပါ့မလား မသိဘူး"

"ပြီးအောင်လုပ်ကွာ၊ မင်းမပါဘဲ ငါ သွားလို့မဖြစ်ဘူး"

"ကောင်းပြီလေ၊ လုပ်ကြည့်ပါ့မယ်"

"အသေအချာနော် မပျက်ကွက်စေနဲ့"

"ကောင်းပါပြီ ခင်ဗျာ"

မြင့်စိုးကို ဖုန်းဆက်ပြီး ခရီးသွားရန်အတွက် လိုအပ်ချက်တွေကို တဖြည်းဖြည်း ကြိုတင်ပြင်ဆင်ဖို့ စိတ်ကူးသည်။

ပုဂံကို အလျင်သွားပြီး မရှီးနိုင်သည့် ရှေးဟောင်းစေတီပုထိုးတွေ ထုဆစ်ထားသော လက်ရာကို သူများတွေရဲ့ ရှုထောင့်နှင့် မတူအောင် တစ်မူကွဲပြားပြီး ရိုက်ရန်ရေးသားရန်ကို စိတ်ကူးထားသည်။

ပုဂံညောင်ဦးပြီးလျှင် အင်းလေး၊ အဆင်ပြေလျှင် မြစ်ကြီးနားအထိပါတက်ရန် စိတ်ကူးလိုက်သည်။

"အရင်စာအုပ်ထက် ဒီစာအုပ်က ပိုပြီး သားနားစုံလင်ရမယ်"

စိတ်အားထက်သန်စွာ တွေးလိုက်သည်။ အင်္ဂလိပ်ဘာသာကို အပြောရော၊ အရေးပါ ကျွမ်းကျင်ပြီး စာအုပ်ထုတ်နိုင်လောက်သည့်အထိ အရည်အချင်းရှိသောသူ့ကို အစ်ကိုကျော်လင်းကပင်





ကျူးသည်။

အသက်သုံးဆယ်နားနီးနေသည့်တိုင် ကျော်ရှင်းက ချစ်သူထားသေးပါ။ မိန်းမ အပေါင်းအသင်းများပြီး တွဲသော်လည်းသူအဆင့်ကို ရောက်ခဲ့သည့်သူက မရှိသေးပါ။

အစ်ကိုကျော်လင်းက လူကြီးဆန်ပြီး တည်တည်တန့်တန့်ချစ်သူရှိနေပြီ၊ စေ့စပ်ထားကာ နောက်ခြောက်လခန့်တွင် လက်ထပ်တော့မည် ဖြစ်သည်။

ဖခင်မရှိတော့သော်လည်း မိခင် ဒေါ်မူမူနှင့် တက္ကသိုလ်တက်နေဆဲ မေလေးနှင့်၊ မေထွေးဆိုသော ညီမနှစ်ယောက် ရှိပါသေးသည်။

အမြွှာညီအစ်မက ရုပ်ချင်းဆင်သလို ချောမောလှပကြပါသည်။ ညီမနှစ်ယောက်က အစ်ကိုကြီးထက် ကျော်ရှင် ကို ပိုပြီးရင်းရင်းနှီးနှီး ပြောဆိုသည်။

တစ်အိမ်သားလုံး အသက်လည်းကွာသော အစ်ကိုကြီး၏ ပြဿနာကို နာခံကြရသည်။ အစ်ကိုကြီးကို ကြောက်ရွံ့ရိုသေကြရသည်မို့ ညီမနှစ်ယောက်က သိပ်မရောပါ။

အလုပ်များသော်လည်း ညီမနှစ်ယောက်က ညအပြန်မှာ ကြက်ကြော်ဖန်ဖန် ဆီးသီးစားချင်သည်ဆို၍ ဝင်ဝယ်လိုက်ရသေးသည်။ သူ့ကား ဆင်ဝင်အောက် ဝင်လိုက်သည်နှင့် ညီမနှစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက် ပြေးထွက်လာသည်။

"ကိုလေး ထွေးတို့မှာတဲ့ ဆီးသီးပါလား"

"ပါပ့်ဗျာ၊ ယောက်ျားကြီးတန်မဲ့ မောင်းသည် ဆီးသီးသည်ကို လိုက်ရှာပြီး ဝယ်ရတာ သောသော်အောက်တယ်"

"အမယ် ကိုလေးကလည်း ယောက်ျားလေးတွေလည်း စားကြတာပဲ"

"နင်တို့ဘာသာ ဝယ်တာမဟုတ်ဘူး"

"ဒီနေ့ ကျောင်းပိတ်လို့ အပြင်မှမထွက်တာ"

"ရော့ ... ရော့ မေမေရော"

"ထမင်းစားခန်းမှာ"

"မေမေ့ကို ကူမလုပ်ဘူးလား"

"လုပ်တာပေါ့၊ မေမေကလေ သူ့သားကြီးအကြိုက် သားငယ် အကြိုက်ဆိုပြီး လုပ်လို့ပဲ မပြီးတော့ဘူး"

ကျော်ရှင်းက ကျေနပ်စွာပြုံးပြီး တစ်နေ့လုံး မောခဲ့သမျှ အမောပြေသွားသည်။ မိခင်ကြီးက သားသမီးတွေကို အလွန်ချစ်ပြီး အလိုလိုက်ကာ အကြိုက်ဆောင်ပေးတတ်သည်။

ကျော်ရှင်းက ထမင်းစားခန်းဝကို သွားပြီး မိခင်ဒေါ်မူမူကို အသံပြုလိုက်သည်။

"မေမေ သားပြန်ရောက်ပြီ"





"အေး ... အေး ကိုကြီးပြန်လာရင် ထမင်းစားကြမယ်နော်"

"ဟုတ်ကဲ့၊ သား ရေချိုးလိုက်ဦးမယ်"

ကျော်ရှင်းက အပေါ်ထပ် သူ့အခန်းဆီသို့ တက်လာသည်။ ရေချိုးအဝတ်အစားလဲပြီး အောက်ထပ် ပြန်ဆင်းလာသည်။ ညီ စ်မနှစ်ယောက်က ဆီးသီးကို မြိန်ရှက်စွာ စားနေသည်။

"ဟယ် ထမင်းမစားသေးဘဲ ဆီးသီး စားနေကြလား"

"ထမင်းမစားခင် အမြည်လေးပါ"

သူတို့မောင်နှမသုံးယောက် ရယ်မောစကားပြောနေစဉ် ကျော်လင်းက ပြန်ရောက်လာသည်။

"မေမေရော"

သားသမီးတွေက အပြင်ကပြန်လာသည်နှင့် မိခင်ကို လျှင်ရှာသည်မှာ ထုံးစံဖြစ်နေသည်။

"မီးဖိုထဲမှာ"

ကျော်လင်းက မိခင်ကို သွားနှုတ်ဆက်ပြီး သူ့အခန်းကို င်သွားသည်။ မိသားစု ငါးယောက် ညစာထမင်းကို အတူစား ကြသည်။

"မေမေ ရှေ့တစ်ပတ် ကျွန်တော် စင်ကာပူသွားမယ်"

"ဟုတ်လား၊ ယူမယ့်အဝတ်အစားတွေ ထုတ်ထားလေ း‌ပူပြန်ထိုးပြီး သေတ္တာထဲ ထည့်ပေးထားမယ်"



www.burmeseclassic.com

www.burmeseclassic.com



"မေမေ မလုပ်ပါနဲ့၊ ဒေါ်ထွားကိုပဲ ခိုင်းပါ"

"အင်းပါ သားရယ် ထုတ်မှာသာထုတ်ထားလိုက်"

"ဟုတ်ကဲ့ မေမေ"

"ကိုကြီး ခရီးကပြန်လာရင် သားကလည်း ခရီးထွက်ဦးမှာ"

"ဟင် ... ဘယ်ကိုလဲ"

"ပုဂံရယ်၊ အထက်မြန်မာပြည်ပေါ့ မေမေရယ်"

"သူက ပထမဦးဆုံးစာအုပ် အောင်မြင်တာနဲ့ နောက်တစ်အုပ် ထပ်ထုတ်မလို့တဲ့"

"ဟုတ်လား ကိုလေး"

"ဟုတ်တယ်"

"ကိုလေးက စာရေးဆရာ လုပ်တော့မလို့လား"

"ကိုလေးက စာရေးဆရာ မလုပ်ပါဘူးကွာ၊ နောက်ထပ်တစ်အုပ်ရေးမှာကလည်း မြန်မာပြည်ရဲ့ ရှေးအနုပညာနဲ့ သဘာဝအလှတွေအကြောင်းပါ"

"ဒီလောက်တောင် စာရေးဝါသနာပါရင် ဝတ္ထုတွေဘာတွေရေးပါလား ကိုလေးရဲ့"

"အဲ့ဒီဘက်မှာ ကိုလေးက အောင်မြင်မှာ မဟုတ်ပါဘူးကွာ"





"အဲ့ဒီစာအုပ်ပြီးရင် ကုမ္ပဏီတစ်ခုခုမှာ မင်း ဦးဆောင်ရတော့မယ်၊ တခြားအလုပ်တွေကို ရပ်လိုက်တော့"

"စိတ်ချပါ ကိုကြီးရာ၊ အဓိကလုပ်ငန်းကို ကျွန်တော်က ပစ်မထားပါဘူး"

"မေလေးနဲ့ မေထွေး ဒီနှစ်ဘွဲ့ရပြီးရင် နင်တို့နှစ်ယောက်လည်း ကုမ္ပဏီမှာ အလုပ်လုပ်ရမှာနော်"

"ဟာ ... ထွေးတို့က အလှပြင်ဆိုင်ဖွင့်ချင်တာ"

"အလှပြင်ဆိုင်က ဘာရမှာတုံး"

"ဟာ ... ကိုကြီးကလည်း အခုခေတ် ဗျူတီပါလာတွေ အရမ်းပိုက်ဆံရတာ"

"အဲ့ဒီအလုပ်ကိုရော ကျွမ်းကျင်လို့လား"

"ဝါသနာပါပြီး နည်းနည်းလုပ်တတ်နေပြီပဲ၊ သင်တန်းတက် လေ့လာရင် ရပါတယ်။ ပြီးတော့ ဖက်ရှင်ရှော့(ဖ)ကိုလည်း တွဲဖွင့်မှာ"

"အင်း ... စိတ်ကူးကတော့ မဆိုးပါဘူး"

"မဆိုးရုံတင်မကဘူး ထွေးတို့က အောင်မြင်အောင်ကိုလုပ်ဦးမှာ"

"အေးပါ အဲ့လိုဖြစ်အောင်လုပ်ပြ အပြောနဲ့ မဟုတ်ဘဲ၊ အလုပ်နဲ့ သက်သေပြ"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချ ကိုကြီး"

အလုပ်ကို လောဘကြီးသလို တစ်ချိန်လုံး စီးပွားရေးသာ ခေါင်းထဲထည့်ထားသော ကျော်လင်းက ပြောသည်။ အိမ်ထောင်ရေးကိုလည်း လူကြီးတွေက စီမံပေး၍သာ သူ လက်ခံလိုက်ခြင်းပါ။

ထမင်းစားသောက်ပြီး သစ်သီးစား အချိုတည်းပြီး အလှို လှို ထမင်းစားခန်းထဲမှ ထွက်သွားကြသည်။ ဒေါ်မူမူက နေခဲ့၍ ကျော်ရှင်းက ပြောသည်။

"မေမေ ထားလိုက် ဒေါ်ထွား လုပ်မှာပေါ့"

"ခဏပါကွယ် ရပါတယ်"

"ဒါဆို မေမေထွက် မေလေးနဲ့ မေထွေး ဒေါ်ထွားကို သွားကူလိုက်"

အစ်ကိုကြီးက အမိန့်ပေးတော့ မေလေးတို့နှစ်ယောက် ထမင်းစားခန်းထဲ ပြန်ဝင်လာကြသည်။

"သူတို့ စာကျက်ရမှာ နေပါစေ၊ မေမေ ကူလုပ်မယ်"

ဒေါ်မူမူက သားသမီးတွေကို အလိုလိုက်သူပီပီ မေလေးတို့ကို ပြန်သွားခိုင်းသည်။

"ရပါတယ် မေလေးတို့ ကူသိမ်းပေးမယ်၊ ဆေးတာတော့ ဒေါ်ထွားဆေးပေါ့"





ညီအစ်မနှစ်ယောက်က ခပ်သွက်သွက် ကူညီပေးပြီး ထွက်သွားကြသည်။ စာမေးပွဲနီးလာပြီမို့ တီဗွီနားမကပ်နိုင်ဘဲ စာကျက်ရပါတော့သည်။

အမြဲဖြစ်သလို ယူသည့်ဘာသာကလည်း စီးပွားစီမံပါ။ အတန်းတူ ဘာသာတူ၍ ညီအစ်မနှစ်ယောက် စာကျက်သည့် နေရာမှာလည်း တိုင်ပင်ဖော် တိုင်ပင်ဖက်ရနေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

ကျော်လင်း နိုင်ငံခြားက ပြန်ရောက်လာပါပြီ။ ကျော်ရှင်းက ခရီးထွက်ရန် အခွင့်အရေးရပြီမို့ ခရီးထွက်ရန် ပြင်ဆင်ပါတော့သည်။

ကင်မရာမင်း မြင့်စိုးကို ဆက်သွယ်ပါတော့သည်။ မြင့်စိုးကို တယ်လီဖုန်း ဆက်သည့်အခါ ဖုန်းပိတ်ထား၍ မြင့်စိုး အိမ်ကို လိုက်သွားသည်။

မြင့်စိုးရဲ့မိခင်နှင့်တွေ့ပြီး မေးမြန်းကြည့်သည်။

"မောင်မြင့်စိုး မနေ့ကပဲ အစာအိမ်ပေါက်လို့ ဗိုက်ခွဲလိုက်ရတယ်"

"ဟာ ... ဟုတ်လား၊ အခုရော သူ ဘယ်လိုနေလဲ"

"အချိန်မီ ခွဲစိတ်နိုင်လို့ အသက်ဘေးက လွတ်သွားမယ့်သူ တော်တော်လေး ခံစားနေရတယ်"





"ဒါဆို ကျွန်တော် လိုက်သွားလိုက်ဦးမယ်"

"ကောင်းပါပြီ အန်တီလည်း မနေ့တည်းက ဆေးရုံမှာ းလ အခု ရေပြန်ချိုးတာ"

"ဟုတ်ကဲ့၊ ကျွန်တော် လိုက်သွားလိုက်ပါ့မယ်"

ကျော်ရှင်း အလွန်စိတ်ညစ်သွားသည်။ ခရီးထွက်ပါမည် ဆိုကာမှ မြင့်စိုးက ဗိုက်ခွဲရသည်တဲ့။ သည်အတိုင်းဆိုလျှင် နောက်နှစ်လလောက်အထိ မြင့်စိုးက ခရီးသွားနိုင်မည် မဟုတ်ပါ။

ဆေးရုံရောက်တော့ မြင့်စိုးက အထူးကြပ်မတ်ဆောင်မှာ ပဟုတ်ဘဲ အပြင်ခန်းကို ရောက်နေပါပြီ"

"မြင့်စိုး မင်း ဘယ်လိုဖြစ်တာလဲကွာ"

"ဗိုက်အရမ်းအောင့်တာကနေ ဖြစ်သွားတာပဲ"

"တော်သေးတာပေါ့၊ အချိန်မီခွဲနိုင်လို့"

"ဟုတ်တယ်၊ ကျွန်တော့်ကို အပေါင်းအသင်းတွေက လျှက်ချင်း ဆေးရုံပို့လိုက်ကြတာ"

"အေးကွာ မင်း တကယ် ကံကောင်းတယ်"

"ကိုကျော်ရှင်း ခရီးထွက်မှာ မဟုတ်လား"

"အေးလေ မင်းကို အားကိုးပြီးထွက်မှာ အခု ဘယ်လိုလုပ်ရမှန်း မသိတော့ဘူး"

"ဓာတ်ပုံဆရာကောင်းတစ်ယောက်တော့ ရှာရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ပြောတဲ့ဆီကို ဆက်သွယ်လိုက်ပါ။ အဆင်ပြေနိုင်ပါတယ်"

မြင့်စိုးဆက်သွယ်ခိုင်းသော ကိုရိုးထံ ဆက်သွယ်ရာ၊ ကိုရိုးက လာတွေ့ပါဆို၍ ကိုရိုးထံကို လိုက်လာခဲ့သည်။

ကိုရိုးနှင့်တွေ့ပြီး အကျိုးအကြောင်း ပြောပြသည်။

"ကျွန်တော်က ကိုမြင့်စိုးနဲ့ ခရီးထွက်ဖို့ လုပ်ထားတာအားလုံး စီစဉ်ပြီးမှ သူက ဂိုက်ခွဲရတော့ ပြဿနာ ဖြစ်နေတယ်"

"ကိုကျော်ရှင်းက ကင်မရာမင်း ကောင်းကောင်းလိုချင်တာကိုး"

"ဟုတ်ပါတယ်"

"အမျိုးသားထဲကပေါ့"

"ဟုတ်ပါတယ်"

"အခုလောလောဆယ် ခရီးထွက်နေကြတယ်။ တစ်ယောက်မှ မရှိကြဘူး"

"ခက်တာပဲဗျာ ကျွန်တော်က အချိန်သိပ်မရဘူး၊ ဒီလေးငါးရက်အတွင်း တစ်ယောက်ယောက်ရမှဖြစ်မှာ"

"ဓာတ်ပုံပြိုင်ပွဲမှာ ပထမဆုရထားတဲ့ အမျိုးသမီးတစ်ယောက်တော့ ရှိတယ်။ သူ့ကို ငှားမလား"

"အမျိုးသမီးလား"





"ဟုတ်ပါတယ်"

"ခရီးထွက်ရမှာဆိုတော့ အမျိုးသမီးဆိုရင် သိပ်အဆင်ပြေဘူးထင်တယ်"

"လောလောဆယ်ဆယ်တော့ သူတစ်ယောက်ပဲ အားနေတယ်"

"အင်းလေး မတတ်သာတော့ ငှားရမှာပေါ့"

"ခင်ဗျားက ဝန်ဆောင်ခ ဘယ်လောက်ပေးမှာလဲ။ ခရီးပွဲကရော"

ကိုရိုးက ကျော်ရှင်းကို အသေးစိတ် မေးမြန်းပြီး အကြောင်းပြန်မည်ဟု ပြောလိုက်သည်။

"တစ်ယောက်ယောက်တော့ ရအောင်လုပ်ပေးပါဗျာ"

"စိတ်ချပါ ကိုကျော်လင်း"

ကျော်လင်း ပြန်သွားပြီး အိမ်စည်ထံသို့ ဖုန်းဆက်ပြီး အကျိုးအကြောင်း ပြောပြသည်။

"အင်း… ပေးတဲ့လုပ်အားခက မက်လောက်စရာပဲ"

"အိမ်စည် ငွေလိုနေတယ်ဆိုလို့ ကိုယ်ဆက်သွယ်ပေးတာ ယောက်ျားတစ်ယောက်နဲ့ အတူထည့်လိုက်ရမှာတော့ အားနာပါတယ်"

"အိမ်စည် ကိုယ့်ကိုယ်ကို ထိန်းနိုင်ကာကွယ်နိုင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်ရတာ လူကြီးလူကောင်းဆိုတော့ သူလည်း သူ့သိက္ခာ သူထိန်းမှာပါ"

"အိမ်စည် စဉ်းစားပြီး အကြောင်းပြန်မယ်"

"သူက အရင်လိုနေတာ အချိန်မဆွဲနဲ့နော်"

"ဟုတ်ကဲ့ပါ"

အိမ်စည်က ထိုကိစ္စကို မြတ်ထွေးနှင့် တိုင်ပင်သည်။ မြတ်ထွေးအား အကျိုးအကြောင်း ပြောပြလိုက်သည်။

"မြတ်ထွေးရေ အဲ့ဒါ ငါဘယ်လိုလုပ်ရမလဲ"

"နှစ်ယောက်တည်း ခရီးသွားရမှာဆိုတော့ ဖြစ်ပါ့မလား"

"ငါကလေး မဟုတ်ပါဘူးဟာယ်။ ပြီးတော့ သူ့လို ကုမ္ပဏီပိုင်ရှင်တစ်ယောက်ကရော ကလေးကချေ အလုပ်လုပ်ပါ့မလား"

"အဖော်လိုက်ခဲ့လို့ရရင် ကောင်းမှာ၊ ဒါပေမဲ့ ခရီးစဉ်တွေရှိနေတော့ အဲ့ဒီလောက် အကြာကြီး မလိုက်နိုင်ဘူးလေ"

"ငါ ပိုက်ဆံ သိပ်လိုတာယ်။ ဒီလိုမျိုး လုပ်အားခက ရဖို့မလွယ်ဘူး၊ လိုက်သွားမယ်ဟာ"

အိမ်စည်က နောက်ဆုံးတွင် လိုက်သွားရန် ဆုံးဖြတ်လိုက်သည်။ သူတို့ ခိုင်းသောအလုပ်အပြင် သူ့ရဲ့ ကိုယ်ကျိုးအတွက်လည်း ရှာရန်စိတ်ကူးလိုက်သည်။

တစ်ချက်ခုတ်နှစ်ချက်ပြတ် ဆိုသလို သူလုပ်ရန် ဆုံးဖြတ်





လိုက်သည်။

"နေပါဦး ကျော်ရှင်းဆိုတော့ ဟိုလူများလား"

"မဖြစ်နိုင်ဘူး ထင်တယ်။ ဟိုလူကြည့်ရတာ အဝတ်အစား နွမ်းနွမ်းပါးပါးနဲ့ ကုမ္ပဏီပိုင်ရှင်တော့ မဖြစ်နိုင်ဘူး"

အိမ်စည်က နောက်ဆုံးတွင် ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ပြီး အလုပ်ကို လက်ခံလိုက်သည်။

"ကိုရိုးပြောတဲ့အလုပ် အိမ်စည် လက်ခံလိုက်ပြီး"

"ဟုတ်လား၊ ဒါဆို အကြောင်းပြန်လိုက်မယ်"

"ကောင်းပါပြီ"

ကိုရိုးက ကျော်လင်းထံသို့ ဆက်သွယ်ပြီး အိမ်စည်ရဲ့ အမည်နှင့် လိပ်စာရော၊ ဖုန်းနံပါတ်ပါ ပေးလိုက်သည်။

အိမ်စည်ရဲ့ အခြေအနေကို သိချင်၍ ကျော်ရှင်းက လိပ်စာအတိုင်း လိုက်လာခဲ့သည်။ သူလာသည့်အချိန်မှာ အိမ်တွင် မြတ်ထွေး ရောက်နေသည့်အချိန် ဖြစ်သည်။ တံခါးခေါက်၍ မြတ်ထွေးက အထဲကနေ လှမ်းမေးလိုက်သည်။ ကျော်ရှင်းဆို၍ တံခါးထဖွင့်ပေးသည်။

ကျော်ရှင်းက တံခါးလာဖွင့်ပေးသော မြတ်ထွေးကို အိမ်စည် ထင်ပြီး နှုတ်ဆက်လိုက်သည်။

"ကျွန်တော် ကျော်ရှင်းပါ။ ခရီးမထွက်ခင် မအိမ်စည်နဲ့



www.burmeseclassic.com

www.burmeseclassic.com



တိုင်ပင်ဆွေးနွေးချင်လို့ လိုက်လာတာပါ"

"ကျွန်မက အိမ်စည့်သူငယ်ချင်းပါ။ ကြွပါ ခဏစောင့်ပါရှင့်"

ကျော်ရှင်းကို ဧည့်ခန်းထဲထားခဲ့ပြီး ရေချိုးခန်း ဝင်နေသော အိမ်စည်ကို တံခါးသွားခေါက်သည်။

"အိမ်စည်ရေ ကိုကျော်ရှင်း ရောက်နေတယ်"

"ဟင် ... ဟုတ်လား၊ လာပြီ"

ရေချိုးပြီးနေပြီမို့ မြန်မြန်ရေချိုးခန်းက ထွက်ပြီး ရေသုတ်ကာ အဝတ်အစားမြန်မြန်လဲလိုက်သည်။ ပခုံးသာသာရှိသော ဆံပင်ကို ဖြီးချလိုက်ပြီး မျက်နှာကို မလိမ်းခြယ်ဘဲ သည်အတိုင်း ထွက်လာသည်။

ဧည့်ခန်းထဲတွင် ထိုင်နေသော ကျော်ရှင်းတို့ တွေ့လိုက်ရပြီး အိမ်စည်ရဲ့ မျက်လုံးပြူးဝိုင်းသွားသည်။ ရှေ့တည့်တည့်ရောက်မှ ကျော်ရှင်းကို မှတ်မိသွားပြီး ဘာလုပ်ရမှန်းမသိပါ။

ကျော်ရှင်းကလည်း အိမ်စည်ကို မြင်ပြီး အံ့သြပြီး ထရပ်မိမတတ် ဖြစ်သွားသည်။

"ဟင် ... အိမ်စည်ဆိုတာ မင်းလား"

"ဟုတ်တယ်"

အိမ်စည်ကလည်း ခပ်ပြတ်ပြတ်နှင့် ပြန်ဖြေလိုက်သည်။





"ဟာ ... ဒုက္ခပါပဲ"

"ဟုတ်တယ်၊ ကျွန်မလည်း ဒုက္ခပဲ"

"အချိန်ကလည်း မရှိတော့ဘူး၊ ခင်ဗျားနဲ့ သွားရမယ်ိုရင် စဉ်းစားစရာပဲ"

"ဟုတ်တယ်၊ ကျွန်မလည်း ရှင်နဲ့သွားရမှာဆိုရင် လက်ခံ:သားကို ဖျက်ချင်တယ်"

မြတ်ထွေးက တစ်ယောက်နှင့်တစ်ယောက် မခံချင်အောင် ပြောနေသော သူတို့နှစ်ယောက်ကို ကြည့်ပြီး ပါးစပ်အဟောင်းသား ငုံ ကြောင်စီစီ ဖြစ်နေသည်။

"မင်းက ခေတ်ပုံပထမဆုတောင် ရခဲ့တယ်ဆိုတာ မယုံင်စရာပဲ"

"ရှင် မယုံချင်လည်း ရတယ်၊ ပထမရခဲ့တာတော့ အမှန်ာန်ပဲ၊ ဒါ လိမ်ညာလို့ရတဲ့အလုပ်မှ မဟုတ်တာ"

"အင်းလေ အဲ့ဒါတော့ ဟုတ်တာပေါ့။ မင်း ဒီလိုခရီးဥ်မျိုး သူများနဲ့ လိုက်ဖူးလား"

"ဒါ ပထမဆုံးပဲ၊ ကျွန်မက တိုးရစ်(စ)ဂိုက်လေ၊ နေရာာနဲ့သွားနေတာ သူများနဲ့ လိုက်စရာမလိုဘူး။ လိုချင်တဲ့ပုံတွေကိုယ့်ဘာသာကိုယ် ရိုက်ယူလာနိုင်တာပဲ"

အဝတ်အစား နွမ်းနွမ်းနှင့်ဆိုသူကို ကြည့်ပြီး မြတ်ထွေး



www.burmeseclassic.com

www.burmeseclassic.com



က သူဌေးတစ်ယောက်လို့ကို မထင်ပါ။

"အခုရော ဘာကြောင့် ဒီအလုပ်ကို လက်ခံတာလဲ"

"ရှင်က ဓာတ်ပုံဆရာကို ငှားတာလား၊ ဒါမှမဟုတ် ရှေ့ရေ့က တရားခံကိုစစ်နေတာလား"

အိမ်စည်က စိတ်ဆိုးဆိုးနှင့် ပြောလိုက်တော့ ကျော်ရှင်းက တောင်းပန်လိုက်သည်။

"ဆောရီး ကိုယ်မေးခွန်းတွေ များသွားတယ်"

"ရှင် ကျွန်မနဲ့ အလုပ်ဆက်လုပ်မလား၊ ဒါမှမဟုတ် အစီအစဉ်ကို ဖျက်မလား"

"ကိုယ် သိပ်အကျပ်အတည်းတွေ့နေတယ်။ ဓာတ်ပုံဆရာ တစ်ယောက် အမြန်ဆုံးရမှ ဖြစ်မှာမို့လို့ပါ"

"ဒါဆိုလည်း ကျေနပ်ရင် ဆက်လုပ်၊ မကျေနပ်ရင် ဖြတ်လိုက်ကြရအောင်"

အိမ်စည်က ငွေလိုသော်လည်း ခပ်တင်းတင်းပင် ပြောလိုက်သည်။ မြတ်ထွေးက နားထောင်နေရင်းကနေ ကျော်ရှင်းသည် အိမ်စည်ရဲ့ ကိုယ်ကျင့်သိက္ခာကို အထင်းသေးနေသည်ထင်ပြီး ကြားဝင်လိုက်သည်။

"အိမ်စည် ဟိုတစ်ခါပြောတဲ့ ပုဂ္ဂိုလ်က သူလား"

"ဟုတ်တယ်"





"အင်း ... ဒါကြောင့် သူ့မျက်လုံးထဲမှာ နင့်ကို အထင်သေးသာတွေကို တွေ့ရတာကိုး"

မြတ်ထွေးက ပေါ်တင် ထိုသို့ပြောလိုက်သဖြင့် ကျော်ရှင်းပင် အံ့သြပြီး ကိုယ်က မတ်ခနဲ ဖြစ်သွားသည်။

"ဟိုတစ်ခါကိစ္စ သူသိလား"

"ကျွန်မနဲ့ အိမ်စည်ကြားမှာ ဘာမှ ဖုံးကွယ်ထားတာ မရှိဘူး"

"ဪ ..."

"အိမ်စည် အဲ့ဒီတုန်းက လုပ်လိုက်တဲ့ အပြုအမူက ရှင်တို့ အထင်းသေးစရာ ဖြစ်သွားပေမယ့် အိမ်စည်က ရှင်ထင်သလို မိန်းကလေး မဟုတ်ဘူး ...

"အခေါက လူကစ်ယောက်နဲ့ ပေးစားလို့ အတင်းစီစဉ်နေလို့ အဲ့ဒီလူရှေ့မှာ သူ စိတ်ပျက်သွားအောင် ရှင့်ကို အသုံးချလိုက်တာပဲ"

"ဟုတ်ပါတယ်၊ အဲ့လို အသုံးချလိုက်တဲ့အတွက် ရှင့်ကို တောင်းပန်ပါတယ်။ ရှင့်ကျေးဇူးကြောင့် အဲ့ဒီလူ နောက်ဆုတ်သွားတယ်"

"ဪ ... ဟုတ်တယ်လား"

ကျော်ရှင်းရဲ့ပုံစံက သိပ်ယုံကြည်ပုံ မရသေး၍ အိမ်စည်က



www.burmeseclassic.com

www.burmeseclassic.com



ခံပြင်းနေသည်။

"ယုံတာ မယုံတာ ရှင့်ကိစ္စပဲ ကျွန်မကတော့ အဖြစ်မှန် ပြောပြီးပြီ"

"မင်းက တိုးရစ်(စ)ဂိုက်လား"

"ဟုတ်ပါတယ်"

"အခုရော အားလို့လား"

"ကိုယ်ပိုင်အလုပ်လုပ်နေလို့ နားထားတာ မကြာသေးဘူး"

"ကောင်းပြီလေ၊ တခြားလူရှာဖို့ အချိန်မရှိတော့ မင်းကိုပဲ ငှားပါတယ်"

အိမ်စည်က ခပ်မှဲ့မှဲ့လေး သူ့ကို ကြည့်လိုက်သည်။

"အိမ်စည်ရယ် နင် ဒီအလုပ်ကို လက်ခံဦးမလို့လား"

"ငါက အလုပ်ကို အလုပ်လိုသဘောထားတာပဲ လက်ခံလို့ ပြဿနာမရှိပါဘူး"

"မအိမ်စည်က ဒီလောက်ပြတ်သားမှ ကိုယ်ကလည်း ပြောပြီးတဲ့အတိုင်း ကတိတည်ပါတယ်"

"ကောင်းပြီလေ၊ ဒါဆို ရှင် ဘယ်နေ့လောက် ခရီးထွက်မှာလဲ"

"သန်ဘက်ခါဆိုရင် မအိမ်စည် အဆင်သင့်ဖြစ်မှာလား"

"အင်း ... ဖြစ်ပါတယ်"





"ဒါဆို ခင်ဗျားလိုအပ်တာ ဝယ်ဖို့ စရန်ငွေ ပေးခဲ့မယ်"

"ကောင်းပါပြီ"

ကျော်ရှင်းက ငွေတစ်ထပ်ကိုပေးပြီး...

"လေယာဉ်လက်မှတ်ကို ကိုယ်စီစဉ်လိုက်မယ်"

ကျော်ရှင်းက အိမ်စည်ရဲ့ မှတ်ပုံနံပါတ်ကိုပါတောင်းပြီး ပြန်သွားသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

"ဘယ်လိုလဲ အိမ်စည် အဲဒီလူနဲ့ ခရီးသွားလို့ ဖြစ်ပါ့မလား"

မြတ်ထွေးက ကျော်ရှင်း ပြန်သွားပြီး စိတ်မချစွာနှင့် ထပ်မေးသည်။

"ဖြစ်ပါတယ်"

"ပိုက်ဆံကိုပဲ ကြည့်မနေနဲ့ဦး၊ အန္တရာယ်ကိုလည်း သတိထားဦး"

"သူနဲ့ပတ်သက်ပြီး ငါ အန္တရာယ်ကင်းတယ်ဆိုတာ သူ့အကြည့်ထဲမှာ မတွေ့လိုက်ဘူးလား"

"ဘာကို တွေ့ရမှာလဲ"

"ငါကို အထင်သေးပြီး ရွံ့ရှာသလိုပဲလေ"





"အဲဒါ နင့်အကြောင်း မသိသေးလို့လေ၊ နင့်အကြောင်းသိပြီး နင်က ဖြူစင်တယ် သိက္ခာရှိတယ်ဆိုရင် တစ်မျိုးပြောင်းသွားနိုင်တယ်"

"သူ ဘယ်လို အထင်မျိုး၊ အကြံစည်မျိုးနဲ့ ချဉ်းကပ်ကပ် ငါ့ကိုယ်ငါ ကာကွယ်နိုင်ပါတယ်"

"နင် အဲဒီလို သူနဲ့နှစ်ယောက်တည်း ခရီးသွားတာ ပတ်ဝန်းကျင်သိရင် အထင်သေးမှာပေါ့"

"သူတို့ ထင်ချင်တာ ထင်ပါစေ၊ အရေးကြီးတာ ငါ ပြေလည်ဖို့ပဲ၊ ငါ့ကိုယ်ကျင့်တရား ငါ ထိန်းနိုင်ရင် ပြီးတာပဲ မဟုတ်လား မြတ်ထွေးရဲ့"

ခေါင်းမာပြီး ဆုံးဖြတ်ချက်တစ်ခု ချပြီးလျှင် ဇွတ်တရွတ် လုပ်တတ်သော သူငယ်ချင်းကို အကြောင်းသိမို့ မြတ်ထွေးက လက်လျှော့လိုက်သည်။

"အေးလေ နင့်စိတ်နင်နိုင်ရင် ပြီးတာပါပဲ"

"နိုင်ငံခြားသားတွေနဲ့တောင် ငါ ဒီလိုပဲ သွားနေတာပဲ မဟုတ်လား မြတ်ထွေးရယ်။ နင်ရောပဲလေ"

"အေးပါ ငါ ထပ်မပြောတော့ဘူး"

"မနက်ဖြန်တစ်ရက်ပဲ အချိန်ရှိတော့တယ်၊ ဖလင်တွေ ဘာတွေဝယ်ပြီး လုပ်စရာရှိတာ အပြီးလုပ်ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ငါ ဘာကူရဦးမလဲ"

"ရပါတယ်၊ နင်လည်း မနက်ဖြန် ခရီးစဉ်ရှိတယ် မဟုတ်လား"

"အင်း ..."

"ရပါတယ် သွားစရာရှိတာ သွားပါ။ ငါ့အတွက် စိတ်ချပါ"

"မနက်စောစော ငါ သွားရမှာ"

"အေးပါ"

"ဒီည ငါ အိမ်ပြန်မယ်လေ"

"အေး ... ပြန်လေ၊ ညနေတောင် စောင်းနေပြီ"

"ဒါဆို သွားမယ်၊ ကိစ္စရှိရင် ဖုန်းဆက်လိုက်"

"အေးပါ"

မြတ်ထွေး ပြန်သွားပြီး အိမ်စည်က ဗထမဦးဆုံး အဝတ်အစားတွေနှင့် အသုံးအဆောင်ပစ္စည်းတွေကို ပြင်ဆင်လိုက်သည်။

ခရီးသွားနေကျမို့ ပြင်ဆင်တာကိုလည်း ကျွမ်းကျင်ပြီးသားမို့ အချိန်နည်းနည်းပဲ ကုန်လိုက်သည်။ အားလုံးပြီးတော့ ကင်မရာရော မှန်ဘီလူးတွေကိုပါ သန့်ရှင်းရေး လုပ်လိုက်သည်။

အိမ်စည်က ပစ္စည်းကို မြတ်နိုးရှိသေသဖြင့် သူကိုင်သောပစ္စည်းတွေက သန့်ပြီး သစ်လွင်နေသည်။





အားလုံးလုပ်ကိုင်ပြီးမှ အိပ်ရာဝင်သည်။ နောက်တစ်နေ့ ...ပြုတ်နေတော့ဘဲ ရေမိုးချိုးပြင်ဆင်ပြီး ဝယ်ခြမ်းစရာရှိသည် ...ကို ဝယ်ခြမ်းရန် ထွက်လာခဲ့သည်။

ကျော်ရှင်းက အိမ်စည်နှင့်သွားရမှာ စိတ်ထဲ မနစ်မြို့သော် ...ည်း လူမရှိ၍ မတတ်သာသဖြင့် အိမ်စည်နှင့် သွားရတော့မည် ...သည်။

"သားရေ ခရီးသွားမယ့် အဝတ်အစားတွေ မေမေ ခုတင် ...ပေါ် တင်ပေးထားတယ်"

"ဟုတ်ကဲ့ မေမေ"

ညစာထမင်းစားရင်း မိခင်က ပြောလိုက်စဉ် ကျော်လင်း ... မေးခွန်းထုတ်ပါတော့သည်။

"ကင်မရာမင်းရော ရပြီလား"

"အင်း ... ရပြီ"

"ဘယ်သူလဲ"

အိမ်စည်လို့ ပြောရမှာ မဝံ့ရဲသဖြင့် လွှဲပြောလိုက်ရသည်။

"အစ်ကိုကြီး မသိတဲ့သူပါ"

"မရင်းနှီးတဲ့သူဆိုရင် သတိထားဦး"

"ဟုတ်ကဲ့"

အိမ်စည်လို့သာ ပြောလိုက်လျှင် ကျော်လင်း ဘယ်လောက်...



www.burmeseclassic.com

www.burmeseclassic.com



တောင် တုန့်လှုပ်ပြီး မသွားရန် အပြင်းအထန် ကန့်ကွက်မှာပါ။

မလိမ်စဖူး လိမ်ညာလိုက်ရသည့်အတွက် စိတ်မကောင်းပါ။ သူ ခရီးထွက်ချင်နေပြီ၊ ဘယ်လိုမှ သည်ခရီးစဉ်ကို မဖျက်နိုင်သည့်အတွက် အနှောင့်အယှက်ဖြစ်မည့်ကိစ္စတွေကို ရှောင်ရှားလိုက်ခြင်းပါ။

"သားက ဘယ်လောက်ကြာမှာလဲ"

"အနည်းဆုံးတော့ တစ်လလောက်ကြာမှာပေါ့ မေမေ"

"အကြာကြီးလုပ်မနေနဲ့၊ ဒီမှာ အလုပ်တွေက ရှိသေးတယ်"

"ဒီစာအုပ်ရေးပြီးရင် နောက်ထပ်လည်း ရေးမှာမဟုတ်ဘူး ဒါကိုတော့ ကောင်းကောင်းရေးချင်တယ်။ အချိန်ယူရမှာပေါ့ အစ်ကိုကြီး"

"ဟုတ်ပါတယ် သားကြီးရယ်၊ သူလုပ်ချင်တာ စိတ်လွတ်လွတ်လပ်လပ် လုပ်ခွင့်ပေးလိုက်ပါ"

အမေက ဝင်ပြောတော့ ကျော်လှိုင်းက ထပ်မပြောတော့ပါ။

"သားလေး ခရီးသွားတာ အစားအသောက်နဲ့ ကျန်းမာရေးကို ဂရုစိုက်ဦးနော်၊ လိုအပ်မယ်ထင်တဲ့ ဆေးတွေ ထည့်ပေးလိုက်တယ်"

"သားသွားမယ်နေရာက ဆေးခန်းတို့ ဆေးဆိုင်တို့ ရှိပါ





ယ် မေမေရယ်"

"လိုရမယ်ရပေါ့ကွယ်"

"အများကြီးတော့ မယူသွားဘူးနော်"

"အေးပါကွယ်"

"ကိုလေးရဲ့ ကင်မရာမင်းက တော်လား"

"အင်း..."

"အရင်တစ်ခါက တစ်ယောက်ပဲလား"

"မဟုတ်ဘူး နောက်တစ်ယောက်"

"ခရီးကပြန်လာရင် ခေါ်ခဲ့နော်၊ မေလေးတို့ ဓာတ်ပုံရိုက်လို့"

"အင်းပါ"

ပြုံးပြုံးရွှင်ရွှင်ဆိုပြီး ကျော်ရှင်းက ဖြေလိုက်သည်။ အိမ်စည်အဘူခရီးသွားသည်ကို မိသားစုတွေ လုံးဝ သိ၍မဖြစ်ပါ။

အလုပ်သဘောအရ အိမ်စည်ကို သူ ရွေးချယ်ခဲ့သော်လည်းတွအနေနှင့် အထင်ကြီး၍ မရအောင်ဖြစ်နေသည်။

"တော်ရုံမိန်းကလေး ဒါမျိုး ဘယ်လုပ်ရဲမလဲ...

"သူလုပ်ပုံ သိပ်ကို ရဲတင်းတယ်...

"ခရီးထွက်တဲ့အခါ သူနဲ့ အလုပ်သဘောအပြင် ဘာမှ တ်သက်မိအောင် ရှောင်ရမှာပဲ...



www.burmeseclassic.com

www.burmeseclassic.com



"ခုခေတ်မိန်းမတွေ သိပ်လည်တယ်...

"အိမ်စည်က မိန်းမလည်တစ်ယောက် ဖြစ်နိုင်တာပဲ

"သူက တော်ပြီး ငါ့မှာလည်း ရွေးစရာမရှိလို့ ရွေးလိုက်တယ်၊ စိတ်ထဲ တစ်မျိုးကြီးပဲ"

ကျော်ရှင်က မိန်းကလေးတော်တော်များများနှင့် အပေါင်းအသင်းလုပ်ခဲ့၍ မိန်းမတွေအကြောင်း အတော်သိနေသည်။

"မိန်းမတွေက ဟန်ဆောင်တာတွေ၊ မူယာမာယာများတတ်ကြတာပဲ"

မိန်းမတွေကို အထင်မကြီးသောစိတ်နှင့် တွေးလိုက်သူတို့အတူ အိမ်စည်ကလည်း နိုင်ငံခြားသားရော၊ မြန်မာထဲမှ ယောကျ်ားတွေ တော်တော်များများကို တွေ့ဆုံဖူး၍ ယောကျ်ားတွေရဲ့သဘောကိုလည်း သိထားသည်။

အခွင့်အရေးရလျှင် ရသလို ယူတတ်သည်မို့ သူ့အား ကလည်း ကာကွယ်ထားရမည် ဖြစ်သည်။

"ငါ့ကို အထင်သေးပြီး ထိကပါး ရိကပါးလာလုပ်ရင် ကတော့ အကြောင်းသိသွားမယ်...

"အလုပ်သဘောကလွဲပြီး နည်းနည်းမှ အခွင့်အရေး ကြည့် သိမယ်"

အိမ်စည်ကလည်း နှင်းဆီပန်းလေးလို ဆူးတွေအပြ





ကာရံထားလိုက်သည်။

"လာထိလို့ကတော့ သိမယ်"

အိမ်စည်က တစ်ယောက်တည်း အတွေးတွေနှင့် နပန်းလုံးနေသည်။ လုပ်စရာရှိသည်တွေကိုလုပ်ပြီး စောစောအိပ်ရာဝင်သည်။

နောက်တစ်နေ့နံနက် လေဆိပ်ကို အငှားကားဖြင့် သွားသည်။ ကျော်ရှင်က လေဆိပ်တွင် စောင့်နေသည်ဟု ကြိုတင်ဖုန်းဆက်ထားသည်။

လေဆိပ်ရောက်ပြီး အငှားကားကို ငွေရှင်းကာ ကားပေါ်ကနေ ပစ္စည်းတွေယူပြီး ဆင်းလိုက်သည်။ လေဆိပ်ထဲမဝင်မီ ကျော်ရှင်ကို ကြည့်သည် မတွေ့ပါ။

"မရောက်သေးဘူးထင်တယ်"

အစောင့်တွေနှင့်လည်း မျက်မှန်းတန်းနေသူမို့ သူ လေဆိပ်ထဲကို ဝင်စဉ် နှုတ်ဆက်လိုက်သည်။

"ဒီတစ်ခါ ဧည့်သည်တွေနဲ့ မဟုတ်ဘူးလား"

"ဟုတ်တယ်၊ တစ်ယောက်တည်း ခရီးထွက်စရာရှိလို့"

နှုတ်ဆက်ပြီး လူရှင်းသော တစ်နေရာမှာ ရပ်နေလိုက်သည်။ အသိမိတ်ဆွေတွေနှင့်တွေ့ပြီး နှုတ်ဆက်နေရပြန်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျော်ရှင်းက မရောက်လာသေးပါ။ မိတ်ခွေတစ်ယောက်က နှုတ်ဆက်ပြီး ထွက်အသွား ကျော်ရှင်း ရောက်လာသည်။

"ကျွန်မ လက်မှတ်နဲ့ မှတ်ပုံတင် မြန်မြန်ပေးပြီးရင် ရှင်တစ်နေရာမှာ သွားနေပါ"

"ဘာပြုလို့လဲ"

"ဒီမှာ ကျွန်မရဲ့ အပေါင်းအသင်းတွေချည်းပဲ ရှင်နဲ့အတူ ခရီးသွားတာ မသိစေချင်လို့"

"ဘာလဲ မင်း ဖန်ထားတဲ့သူ ဒီထဲမှာရှိနေလား"

အိမ်စည်က ဒေါသတကြီး သူ့ကို ကြည့်လိုက်သည်။

"ဒီမှာ ရှင် ကျွန်မအကူအညီကိုလိုပြီး ခရီးစဉ်ကို လိုက်စေချင်ရင် ဒီလိုစကားမျိုး နောက် ဘယ်တော့မှ မပြောပါနဲ့"

အိမ်စည်က သူ့လက်ထဲက မှတ်ပုံတင်နှင့် လက်မှတ်ကို ဆောင့်ဆွဲပြီး ယူလိုက်သည်။

"ကျွန်မနောက် မလိုက်ခဲ့နဲ့"

ပြောပြီး သူ့အပါးမှ ခပ်သွက်သွက် ထွက်လာသည်။ သူ့အသိတွေက ခပ်ဝေးဝေးမှာမို့ သူတို့အာရုံနှင့် သူတို့မို့ အိမ်စည်ကို သတိမပြုမိကြပါ။

အိမ်စည်က ကျော်ရှင်းနှင့် ခပ်ဝေးဝေးမှာနေပြီး သူ့ထံသို့ အကြည့်ကို လုံးဝမပို့ပါ။ ကျော်ရှင်းက သုန်မှုန်နေသော မျက်နှာ





လေးကို မကြာခဏ လှမ်းကြည့်သည်။

ခရီးသည်တွေ အတွင်းခန်းကို ဝင်ခွင့်ပြုတော့ အိမ်စည်က ိုင်ခုံအလွတ်တစ်ခုမှာ သွားထိုင်နေသည်။ ကျော်ရှင်းကလည်း ူ့အနားသို့ မလာပါ။

လေယာဉ်ပေါ်သို့ တက်ခွင့်ရတော့ တက်လိုက်သည်။ ိမ်စည်က ရှေ့ကသွားပြီး ပြတင်းပေါက်ဘက်ကခုံကို ဝင်ထိုင် ိုက်သည်။

ကျော်ရှင်းရောက်လာပြီး ဘေးခုံမှာ ထိုင်လိုက်သည်။ ိမ်စည်က ပခုံးချင်းမထိမိအောင် အလွန်သတိထားပြီး ထိုင် ိုက်သည်။

လေယာဉ်ကြီးက ပြေးလမ်းကြောင်းပေါ်မှာ ပြေးလွှားပြီး ကောင်းကင်ကြီးပေါ်သို့ အားသွန်ခွန်စိုက်နှင့် ပြေးတက်သွားသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

လေယာဉ်ပေါ်မှာ အိမ်စည်က သူ့ဘက်ကို လုံးဝ လှည့် မကြည့်ဘဲ ပြတင်းပေါက်ကနေသော အပြင်ကို ငေးနေသည်။ ညောင်ဦးလေဆိပ်သို့ ရောက်ပြီး ခရီးသည်တွေ အလျှိုအလျို လေယာဉ်ပေါ်မှဆင်းကြသည်။

အိမ်စည်က သူ့ကင်မရာအိတ်ကို ကောက်လွယ်ပြီး တစ်ဖက်က ပိုက်ဆံအိတ်ကို ကိုင်လိုက်သည်။

"ပေးလေ ကျွန်တော် သယ်ပေးမယ်"

"ရပါတယ်၊ သယ်နေကျပါ"

အိမ်စည်က ပြောပြီး သူ့နောက်ကနေ လေယာဉ်ပေါ်မှ ဆင်းလာခဲ့သည်။ လေဆိပ်အပြင်ရောက်တော့ အငှားကားကို ကျော်ရှင်းက ငှားလိုက်သည်။





သူဌေးမို့ ဟိုတယ်ကောင်းကောင်းကို သွားမည်ထင်လိုက်သည်။ ကားသမားကို ကျော်ရှင်းပြောလိုက်သော အသံကိုကြားပြီး အိမ်စည် မျက်လုံးဝိုင်းသွားသည်။

"ရှင် ... အဲ့လိုတည်းခိုခန်းမှာ တည်းမှာလား"

"ဟုတ်တယ်၊ ကြိုတင်ဘွတ်ကင် လုပ်ပြီးသား"

"ကျွန်မ တစ်ခါမှ အဲ့လိုတည်းခိုခန်းမျိုး မတည်းဖူးဘူး"

"အခုတည်းရမှာလေ၊ အတွေ့အကြုံတစ်ခုပေါ့"

ကားသမားရှေ့မှာမို့ အိမ်စည်က သိပ်စကားမပြောချင်တော့ပါ။ တည်းခိုခန်းကိုရောက်ပြီး ပစ္စည်းတွေချပြီး ကားသမားထွက်သွားတော့မှ အိမ်စည်က ပြောသည်။

"ရှင် ဒီမှာတည်းမှာဆို နေခဲ့၊ ကျွန်မ ဟိုတယ်ကို သွားမယ်"

"မင်းက ဘယ်လိုလဲ၊ ဒီမှာလည်း ကောင်းပါတယ်၊ ပိုက်ဆံပိုကုန်မှ ကောင်းတယ်ထင်လို့လား"

"ရှင့်ကို သူဌေးတစ်ယောက်ဆိုတာ ဘယ်လိုယုံရမှန်း မသိဘူး။ အဝတ်အစားရော၊ အနေအထိုင်ပါ ရှင်က သူဌေးနဲ့ မတူဘူး"

"အဝတ်အစားက အရေးမကြီးပါဘူး၊ အရည်အချင်းက အရေးကြီးတာ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်နေခဲ့လေ အပြင်ထွက်စရာရှိရင် ဖုန်းနဲ့လှမ်းချိန်းလိုက်ပေါ့"

"အိမ်စည် မင်းက ဘဝင်မြင့်လွန်းပြီထင်တယ်"

"ကျွန်မ ဒီလိုနေရာမှာ မတည်းဖူးဘူး"

"ဟိုတယ်ကြီးတွေမှ မင်းက အထင်ကြီးတာလား"

"ကျွန်မကို မဝေဖန်နဲ့ ရှင့်သဘောရှင်ဆောင်သလို ကျွန်မလည်း ကျွန်မသဘော ကျွန်မဆောင်မယ်"

"ကဲပါ ဒီမှာ ဘွတ်ကင်လုပ်ထားတယ်။ ကျေးဇူးပြုပြီး တည်းကြည့်ပါ။ ကိုယ်တို့က ဒီမှာ တစ်ရက်နှစ်ရက်နေမှာ မဟုတ်ဘူး ကြာမှာ ဒီတော့ တည်းခိုစရိတ်ကိုလည်း တွက်ရတယ်လေ"

"ကျွန်မအတွက် ကျွန်မဘာသာ တခြားနေရာမှာ တည်းပြီး အကုန်ခံလိုက်မယ်"

"မင်းရဲ့ တန်ဖိုးရှိတဲ့ လုပ်အားခတွေ လျော့သွားမှာပေါ့၊ မင်း ငွေလိုတယ်ဆို"

ကျော်ရှင်းရဲ့စကားက ရုတ်တရက် မေ့သွားသော သူ့ရဲ့အဖြစ်ကို ပြန်သတိပေးလိုက်သည်။ အိမ်စည်အတွက် နေစရိတ်စားစရိတ်ကို ကျော်ရှင်းက အကုန်ခံထားသည်မို့ သူ အသားလွတ်ထပ်မကုန်သင့်ပါ။

"ကောင်းပြီလေ ရှင့်အလုပ်ကို လက်ခံမိမှတော့ ရှင့်သဘောပေါ့"





ဧည့်ကြိုလေး လာကြိုပြီး သူ့အဝတ်အစားသေတ္တာကို အခန်းထဲ ယူသွားပေးသည်။ တစ်ယောက်အခန်းက သိပ်မကျယ်ဝန်းသော်လည်း သပ်ရပ်သန့်ရှင်းနေသည်။

အဲယားကွန်းဖွင့်ထား၍ အေးစိမ့်သော အခန်းက ကြိုဆိုလိုက်သဖြင့် အိမ်စည်က အနည်းငယ် ကျေနပ်သွားသည်။

"ခဏနားပြီးရင် ထွက်ခဲ့လေ၊ ထမင်းစားပြီး လျှောက်သွားကြရအောင်"

"ကောင်းပြီ"

အိမ်စည်က ခပ်ပြတ်ပြတ်ပြောပြီး အခန်းတံခါးကို ပိတ်လိုက်သည်။

ခုတင်ပေါ်တွင် လွယ်သည့်အိတ်ကိုတင်ပြီး ကင်မရာကို ရိုက်ရန်အတွက် ဆင်ပြီး အသင့်ပြုလုပ်ထားပြီး ခုတင်ပေါ်မှာ လှဲလိုက်သည်။

"ဟာ ... ဒီထဘီနဲ့ဆို လှုပ်ရှားရတာ မလွတ်လပ်ဘူး"

စပို့ရှပ်နှင့် ဂျင်းဘောင်းဘီကိုလဲပြီး ကျော်ရှင်းလာအခေါ်ကို စောင့်နေသည်။ ဆယ်မိနစ်ခန့်အကြာမှာ ကျော်ရှင်းက တံခါးလာခေါက်သည်။

"ထမင်းသွားစားကြရအောင်"

ကင်မရာအိတ်ကိုလွယ်ပြီး ပိုက်ဆံအိတ်ကို ယူကာ အခန်းပြင် ထွက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"တော်သေးတာပေါ့၊ မင်း ဒီလိုဝတ်စားလိုက်လို့"

"ကင်မရာလွယ်ရတာ လုံချည်ကြီး ကားယားကားယား နဲ့ အလုပ်လုပ်လို့ မတွင်တာ"

"ဟုတ်တာပေါ့"

ကိုယ်ကပ်စပို့ရှပ်နှင့် ဂျင်းဘောင်းဘီဖြင့် လှပကျစ်လျစ်သော ကိုယ်လေးကို မြင်ပြီး ကျော်ရှင်းက ပခုံးတစ်ချက် တွန့်လိုက်သည်။

"ဒီအလှကလည်း သူ့ရဲ့ မာယာတစ်ခုပဲနေမှာပေါ့"

အိမ်စည်ကို အထင်မကြီးသော်လည်း လှသည်ဆိုတာကို တော့ အမှန်အတိုင်း ဝန်ခံမိသည်။

"အိမ်စည်က စွဲမက်စရာကောင်းပြီး လှတာတော့ အမှန်ပဲ"

ရှေ့ကထွက်ခွာသွားသော အိမ်စည်ရဲ့နောက်ကို လိုက်ခဲ့ သည်။

"ထမင်းက ဘယ်မှာစားမှာလဲ"

"အဲဒါလည်း စီစဉ်ပြီးသားပဲ"

"ရှင်က ပုဂံမြို့ကို ကျွမ်းကျင်တယ်ပေါ့"

"စေတီပုထိုးတွေနဲ့ ဗဟုသုတက မင်းလောက် မကျွမ်း ကျင်ပေမယ့် အရသာရှိပြီး သန့်ရှင်းဈေးသက်သာတဲ့ ထမင်းဆိုင် တွေကိုတော့ သိတယ်"

"ကပ်စေးနဲ့ ကော်တရာကြီး"





အိမ်စည်က ပါးစပ်လေး ပွစိစိနှင့်ပြောပြီး သူ့ကို မျက် စောင်းထိုးလိုက်သည်။ ထိုမျက်စောင်းလေးကလည်း အသည်း ဖိုက် စွဲမက်စရာပါလားဟု ကျော်ရှင်းက တွေးလိုက်ပြန်သည်။

ထမင်းဆိုင်ဆီသို့ ကျော်ရှင်းက မြင်းလှည်းနှင့် ခေါ်သွား သည်။ ဆိုင်လေးက သေးသော်လည်း နိုင်ငံခြားသားတွေလည်း လာစားပုံပေါက်သည်။ သန့်သန့်ရှင်းရှင်း ပြင်ဆင်ထားသည်ကို တွေ့ရသည်။

"ကျွန်မက သန့်မှစားမှာနော်"

"မင်းမြင်သားပဲ၊ အားလုံး သန့်သန့်ရှင်းရှင်းပဲလေ"

စားပွဲဝိုင်းလေး ရောက်လာသဖြင့် ကျော်ရှင်းက မေးလိုက် သည်။

"ဘာမှာမလဲ မှာလေ"

"ဘာဟင်းတွေရှိလဲ"

"ဟိုမှာ ရေးထားတယ်လေ"

ဘုတ်ထောင်ပြီး ရေးသားထားသော ဟင်းလျာတွေအမည် များကို တွေ့ရသည်။

"အဲ့ဒီထဲက ကြိုက်တာမှာ"

အိမ်စည်က ကြက်သားဟင်းနှင့် မန်ကျည်းရွက်သုပ် မှာ လိုက်သည်။ ကျော်ရှင်းက ဆိတ်သားနှင့် အရွက်ကြော် မှာသည်။

"ဟင်းဘယ်နှစ်ပွဲ မှာခွင့်ရှိလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းက ဘယ်နှစ်ပွဲ စားနိုင်လို့လဲ၊ စားနိုင်ရင် မှာလေ"

"ရှင်ရဲ့ ကန့်သတ်ချက်တွေများ ရှိသေးလားထင်လို့"

"အစားအသောက်ကိုတော့ ဝအောင်ကျွေးမှာပါ၊ အိမ်စည် ထပ်မှာချင်မှာပါ"

"တော်ပါပြီ"

ကျော်ရှင်းကို အလွန်ကပ်စေးနဲသူဟု အိမ်စည်က သတ်မှ လိုက်သည်။

မှာထားသော ထမင်းဟင်းပွဲတွေ ရောက်လာပါပြီ။ ခ ခက်ရင်းပါ သန့်သန့်ရှင်းရှင်းပါပဲ။ အိမ်စည်က စားကြည့်လိုက်ရ အရသာရှိသည်ကို တွေ့ရသည်။

"ဟင်းချက်ကောင်းတယ် မဟုတ်လား"

"ဟုတ်တယ်"

"ကိုယ်က အလှအပတွဲ့ အဲ့ဒီလို အရသာရှိတာကိုမှ ရွေ စားတာ၊ အပေါ်ယံကြည့်ပြီး မဆုံးဖြတ်တတ်ဘူး"

"ဟုတ်ရဲ့လား၊ ရှင့် စကားကို ရှင်ပြန်စဉ်းစားကြည့်ပါဦး"

"ဘာစဉ်းစားစရာလိုလဲ၊ အဲ့ဒါ ကိုယ့်ရဲ့ ခံယူချက်ပဲ"

"ဒါဆိုရင် ကျွန်မကိုကျ အပေါ်ယံကြည့်ပြီး ဆုံးဖြတ်လိုက် တာ မဟုတ်လား"

"ကိုယ်ပြောတဲ့အထဲမှာ မနုဿလူသားတွေ မပါဘူး"

အောင့်သက်သက်ဖြစ်ပြီး သူ့စကားကို မခံချင်ပါ။ ရေ





သော ဟင်းချိုခွက်နှင့် ပစ်ပေါက်ချင်သော်လည်း စိတ်ထိန်း က်သည်။

"ကျွန်မက လူရဲ့ပုံပန်းသဏ္ဌာန်ကို ကြည့်ပြီး အကဲဖြတ် တ်တယ်"

"ဟုတ်လား၊ ဒါဆို တော်တာပေါ့၊ ကိုယ်က ဘယ်လို စားလဲ"

"ညစ်ပတ်ပြီး ကပ်စေးနဲတဲ့သူပေါ့"

အိမ်စည်က စားပြီးပြီမို့ ထိုစကားကိုပြောပြီး သူ့ထံက ပြန်မှုမရခင် နေရာမှ ထထွက်သွားသည်။ ကျော်ရှင်းက ရှင်းပေးပြီး ဆိုင်ပြင်သို့ရောက်နေသော အိမ်စည်ရဲ့နောက်ကို ပြေးလိုက်လာသည်။

"နေစမ်းပါဦး၊ မင်းက ဘာကိုကြည့်ပြီး ကိုယ့်ကို ညစ်ပတ် ယ်လို့ ပြောရတာလဲ"

"ရှင့်အဝတ်အစားကို ကြည့်ပါလား"

"အဝတ်အစားနွမ်းပေမယ့် သန့်တယ်ကွ၊ မယုံရင် မင်း ကြည့်ပါလား"

အိမ်စည်ရဲ့အနားသို့ တိုးကပ်လာပြီး ပြောသဖြင့် အိမ်စည် နောက်သို့ ဆုတ်လိုက်ရသည်။

"အို ... ဘာလုပ်တာလဲ၊ ဝေးဝေးနေစမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းက ညစ်ပတ်တယ်ဆိုလို့လေ"

"အင်း ... ရှင့်ဘာသာ သန့်ချင်သန့်၊ ညစ်ပတ်ချင် ညစ်ပ ကျွန်မ စိတ်မဝင်စားဘူး"

"ကိုယ်က မနံဘူးဆိုတာ သက်သေပြမလို့"

"ယောကျ်ားတွေရဲ့အနံ့ကို ကျွန်မ မုန်းတယ်"

"ဘယ်လို ယောကျ်ားတွေရဲ့အနံ့ ဟုတ်လား၊ မင်းနဲ့ကျ လူးလူ့ ဆန်းဆန်းစကားတွေ ကြားရတယ်"

"ထားလိုက်ပါ၊ အလုပ်ကိစ္စအကြောင်း ပြောရအောင်"

အိမ်စည်က တမင်ပင် စကားကို ဖြတ်ချလိုက်သည်။ ကျော်ရှင်းက သူ့ကို ကြည့်ပြီး ပခုံးတွန့်လိုက်သည်။ သူက ကြိ ကျယ်သည့်ပုံစံဖမ်းလျှင် သူကလည်း ပို၍ ကြီးကျယ်ပြလိုက်မည် ဟု တေးထားသည်။

"ကောင်းပြီ၊ ပထမဦးဆုံး ဂူပျောက်ကြီးဘုရားကို သွား မယ်"

အငှားကားဖြင့် ဂူပျောက်ကြီးဘုရားကို ရောက်ကြသည်။ ဘုရားအတွင်းဝင်ပြီး နံရံက ပန်းချီများ၊ ဆေးသားများကို လေ့လာပြီး သူရိုက်ခိုင်းသည့်နေရာတွေကို အသေးစိတ် အနုစိတ် အိမ်စည်က ရိုက်ပေးရသည်။

အားလုံးပေါင်း ဆယ်ပုံလောက်ရိုက်ပြီးတော့ ရပ်နား





သည်။ ဂူထဲမှာပင် အချိန်အတော်ကြာသွားပါသည်။ အပြင်မှာ စောင့်နေသောကားဖြင့် ထွက်ခဲ့ပြန်သည်။

"ဒီနေ့အဖို့ ညနေလည်းစောင်းနေပြီ တော်ပြီ၊ ညဘက် ရှုစည်းခုံဆေတီကို သွားမယ်"

"ကောင်းပါပြီ"

တည်းခိုခန်း ပြန်နားကြသည်။ အပြင်မှာ ပူပြင်းသော် လည်း အခန်းထဲမှာ အေးသဖြင့် သက်သောင့်သက်သာ ဖြစ်နေ သည်။ တံခါးလာခေါက်၍ ဖွင့်ပေးလိုက်ရာ ကျော်ရှင်းက အအေး ဘူး သူ့ကို လှမ်းပေးသည်။

"အမောပြေသောက်လိုက်ဦးလေ"

အိမ်စည်က ကိုကာကိုလာဘူးကို လှမ်းယူလိုက်သည်။

"ခြောက်နာရီ ထမင်းထွက်စားမယ်နော်"

"ဟုတ်ကဲ့"

ကျော်ရှင်းကပြောပြီး ထွက်သွားသည်။ အိမ်စည်က တံခါး ပိတ်ပြီး အခန်းထဲမှာ ကိုလာကိုလာကို ဖြည်းဖြည်းလေးသောက် လိုက်သည်။ နေ့ခင်းက ရိုက်ခဲ့သော ဖလင်လိပ်က ကုန်သွား ပြီမို့ နောက်ထပ်တခ်လိပ်ကို ထည့်လိုက်သည်။

ခဏနားပြီး ရေမိုးချိုး ပြင်ဆင်လိုက်သည်။ ညစာ ကျော်ရှင်း နှင့်အတူစားရင်း ကျော်ရှင်းက မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရိုက်ထားတဲ့ပုံတွေ ကောင်းမှာပါနော်၊ အပျက်အစီး ရှိနိုင်လား"

"မရှိပါဘူး"

"အဲဒီဖလင်လိပ်ကို ကူးကြည့်ချင်တယ်"

"ရပါတယ်၊ ဒီမှာလည်း ဆိုင်တွေရှိတာပဲ။ ဒါပေမဲ့ ဒီဖောက်တွေကို ကျွန်မဘာသာ ဆေးချင်တယ်"

"အမှောင်ခန်းမှ မရှိတာ၊ ဘယ်လိုလုပ်မလဲ"

"ကျွန်မ ကြိုးစားကြည့်မယ်"

"မပျက်စေနဲ့နော်"

"ဒီကမှ မပြန်သေးတာ ပျက်ရင်လည်း ပြန်ရိုက်လို့ရတာပဲ"

"ကောင်းပြီလေ"

"ဒီည ကျွန်မကို အအားပေး အဲဒီကိစ္စ စီစဉ်ချင်လို့"

"ကောင်းပြီလေ"

ထမင်းစားသောက်ပြီး အိမ်စည်က ဓာတ်ပုံတွေ ကူးရန် စီစဉ်ပါတော့သည်။ ပုဂံမြို့နှင့်ရော သူအဘော်အမျှားနှင့်ပါ ရင်းနှီးပြီသားပါ။ ဓာတ်ပုံဆိုင်တစ်ဆိုင်နှင့် ရင်းနှီးသည့်မို့ အမှောင်ခန်းနှင့် ဆေးတွေကို သုံးချင်သည်ဆို၍ တောင်းဆိုသော အခကြေးငွေနှင့် သူလုပ်ချင်တာလုပ်၍ ရသွားသည်။





အမှောင်ခန်းထဲဝင်ပြီး ဖလင်လိပ်ကို ဆေးကြောကူးပြီး ပုံသေးသေးသာကူးလိုက်သည်။ ညဉ့်တော်တော်နက်မှ အိမ်စည်ရဲ့ အလုပ်က ပြီးသည်။

မိုးချုပ်နေသော်လည်း သိပ်မဝေးလှသော တည်းခိုခန်းကို တစ်ယောက်တည်း ပြန်ရပေတော့မည်။ ဓာတ်ပုံဆိုင်ရှင်က လိုက်ပို့ပေးမည်ဆို၍ စိတ်သက်သာရာ ရသွားသည်။

ဆိုင်ပြင်ကို ထွက်လိုက်တော့ အိမ်စည် အလွန် အံ့သြသွားသည်။

"ဟင် ... ကိုကျော်ရှင်း"

"မင်းကို လာစောင့်နေတာ"

"ဟင် ... ရှင် တစ်ချိန်လုံး ဒီမှာ ရှိနေတာလား"

"ဟုတ်တယ်"

အိမ်စည်က အားနာသွားသည်။

"မင်းတစ်ယောက်တည်း ပြန်မှာကို စိတ်မချလို့"

"ဒီကဆရာက လိုက်ပို့ပေးမှာပါ"

"ကဲ ... ပြီးရင် သွားစို့"

သူတို့နှစ်ယောက် ယှဉ်တွဲပြီး လျှောက်ခဲ့ကြသည်။ ညချမ်းအခါမို့ ရာသီဥတုက အပူလျှော့ပြီး လေနုလေအေးလေးက တိုက်ခတ်လာသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

တည်းခိုခန်း ပြန်ရောက်ပြီး ဧည့်ခန်းထဲမှာ ထိုင်လိုက်ကြသည်။

"ဒီမှာကြည့်ပါဦး ပုံတွေ ကြိုက်ရဲ့လား"

အိမ်စည် ကူးလာပြီး သိပ်မခြောက်သေးသောပုံများကို ကျော်ရှင်းအား ပြလိုက်သည်။

ကျော်ရှင်းက တစ်ပုံစီ သေသေချာချာကြည့်ပြီး အိမ်စည်ရဲ့ အရည်အချင်းကို အထင်ကြီးသွားသည်။

"မင်း တော်ပါတယ်၊ အဲ့ဒါတွေ အကုန်လုံး အဆင်ပြေတယ်"

"ဒါဆို နောက်ရိုက်မယ့် ဖလင်တွေ ရန်ကုန်မှာပဲ ကူးလို့ဖြစ်တယ်ပေါ့"





"ဖြစ်ပါတယ်၊ မင်းရဲ့ အရည်အချင်းကို ယုံကြည်သွားပြီ"

ကျော်ရှင်းက အိမ်စည်ရဲ့မျက်နှာကို စေ့စေ့ကြည့်ပြီး မေးလိုက်သည်။

"မိန်းကလေးတော်တော်များများ စိတ်မဝင်စားတဲ့အလုပ်ကို မင်း ဘာဖြစ်လို့လုပ်တာလဲ"

"ဝါသနာပါလို့ပါ ခုခေတ်မိန်းမတွေတောင် လေယာဉ်မှူးဖြစ်နေကြပြီ၊ ကျွန်မလုပ်တဲ့အလုပ်က မခက်ခဲပါဘူး ရှင်"

"အင်း... ဟုတ်တော့ ဟုတ်ပါတယ်"

"ကျွန်မ အိပ်တော့မယ်၊ ဒီပုံတွေ အခန်းထဲမှာပဲ အခြောက်လှန်းလိုက်တော့မယ်"

"ကောင်းပါပြီ"

အိမ်စည်က ဓာတ်ပုံတွေကိုယူပြီး သူ့အခန်း ပြန်သည်။ လက်ဆေးကြော မျက်နှာသစ်ပြီး အိပ်ရာဝင်လိုက်သည်။

တစ်နေ့လုံး ပင်ပန်းထားသဖြင့် အိမ်စည်က နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားသည်။ နံနက်စောစောထပြီး ဓာတ်ပုံတွေ ခြောက်သွားသဖြင့် သိမ်းဆည်းရေချိုး ပြင်ဆင်လိုက်သည်။

အားလုံး ပြင်ဆင်ပြီး ကင်မရာအိတ်နှင့် ယူဆောင်ရမည့် ပစ္စည်းတွေကို ယူပြီး အခန်းပြင် ထွက်လိုက်သည်။ ဧည့်ခန်း



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ ကျော်ရှင်းကို ထိုင်စောင့်နေလိုက်သည်။

ကျော်ရှင်းက အိပ်ရာနိုး ရေချိုး အဝတ်အစားလ အခန်းပြင် ထွက်ခဲ့ပြီး အိမ်စည်ရဲ့ အခန်းတံခါးကို ခေါက်သ အတွင်းမှ ဖြေသံမကြားရပါ။

"အင် ... အခန်းထဲမှာ ရှိပုံမပေါ်ဘူး"

ဧည့်ခန်း ဆီသို့ ကျော်ရှင်း ရောက်လာသည်။ ဧည့်ခ တွင် အိမ်စည်ကို တွေ့၍ အနားသို့ လျှောက်လာသည်။

"ဆောရီးနော် ကိုယ် အိပ်ရာထ နောက်ကျသွားတာ

"ကျွန်မက စောသွားတာပါ"

"ဘရိတ်ဖတ်(စ) စားပြီး ထွက်ကြမယ်နော်"

"ကောင်းပါတယ်"

မနက်စာကို မှာစားရင်း ကျော်ရှင်းက ပြောသည်။

"ဗိုက်ကို အဝဖြည့်ထားမှ မနက်စာက ဘယ်အချိန် ရမယ်မှန်း မသိဘူး"

"ဟုတ်တယ်၊ ကျွန်မကလည်း ဗိုက်ဆာတတ်တယ်"

အိမ်စည်က အဆာခံနိုင်အောင် စားလိုက်သည်။ သောက်ပြီး နှစ်ယောက်သား တည်းခိုခန်းကနေ ထွက်လာ သည်။

"ဒီနေ့ အာနန္ဒာဘုရားကို အရင်သွားကြစို့"





"ဟုတ်ကဲ့"

"အာနန္ဒာဘုရားကို အငှားကားဖြင့် ရောက်လာကြသည်။ အိမ်စည်က ကင်မရာကို ထုတ်ပြီး အသင့်ပြင်လိုက်သည်။

"အသင့်ဖြစ်ပြီလား"

"ဟုတ်ကဲ့"

"ဒီမှုိင့်ကနေ ရိုက်ပေးပါ။ ဒီအင်ဂယ်(လ)ကနေ ပုံကို လိုချင်တယ်"

ကျော်ရှင်းက သူလိုချင်သည့် ထောင့်ကနေ အနေအထား ကို ပြောသည်။ ကျော်ရှင်းရဲ့ အယူအဆက သူတစ်ပါးနှင့် မတူ တာကို တွေ့ရသည်။ သူ့ရဲ့ အတွေးအခေါ်က ဆန်းသစ်နေသည် ကိုလည်း တွေ့ရသည်။

ဓာတ်ပုံလေးငါးပုံရိုက်ပြီး ကျော်ရှင်း ခေါ်ဆောင်ရာနောက် သို့ လိုက်ခဲ့သည်။ ဘုရားရဲ့ လေးဘက်နံရံပေါင်တစ်ခုအနား မှာ ရပ်လိုက်သည်။

"ဒီပုံကို သေသေချာချာ ရိုက်ပေးပါ"

အပေါ်က အုတ်ချပ်တွေကွာပြီး အတွင်းက ကျောက်သား ပေါ်နေသော ပေါင်တစ်ခုပါ။

"ကိုယ် ဘာဖြစ်လို့ ဒါကိုရိုက်လဲ မင်း အံ့သြနေမှာပဲ"

"ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ တွေ့လား၊ ရှေးခေတ်မြန်မာ ဗိသုကာတွေ ဘယ်လောက်တော်တယ်ဆိုတာ ကွက်ကွက်ကွင်းကွင်းပြတဲ့ မြင်ကွင်းတစ်ခုပဲ"

"ဘာလို့လဲ"

"ခုခေတ်အဆောက်အအုံမှာ ရင်အင်ဖို(စ) အမာခံအနေနဲ့ သံချောင်းတွေသုံးမှ ခိုင်တယ်မဟုတ်လား။ ဟိုတုန်းက သံချောင်းအစား ဒီလို ကျောက်သားတွေကို ထွင်ပြီး သုံးထားတယ်"

"ဟုတ်တယ်နော်၊ အတွေးအခေါ်ရော၊ ဉာဏ်ပါ ကောင်းလိုက်ကြတာ"

"ဟုတ်တယ်၊ ဒါကြောင့် ဟိုးခေတ်တုန်းက မြန်မာတွေ ဘယ်လောက် အနုပညာမှာ ကျွမ်းကျင်တယ်၊ ဗိသုကာမှာ ကျွမ်းကျင်တယ်ဆိုတာကို ပြချင်တဲ့ သက်သေတစ်ခုပါ...

"ဒါမျိုးတွေ သူများတွေလည်း ရေးခဲ့ပြီးသားပါ။ ဘုရားရဲ့ပုံတွေလည်း အများကြီး ရှိခဲ့တာပဲ။ ဒါပေမဲ့ ကိုယ်က သူများနဲ့မတူတဲ့ ရှုထောင့်တစ်မျိုးကနေ ရေးသားတင်ပြချင်လို့ပါ"

ကျော်ရှင်းရဲ့ အတွေးအခေါ်ကို အိမ်စည်က အထင်ကြီးသွားမိသည်။

အာနန္ဒာဘုရားကနေ ဓမ္မရံကြီး ဘုရားဆီသို့ ခရီးဆက်ခဲ့ပြန်သည်။ အာနန္ဒာဘုရားရဲ့ အနုလက်ရာတွေကို ရိုက်ပြီး





ဂုထည်ခိုင်ခဲ့၍ ထုမှာ ဓမ္မရံဆိုသည့် ဘုရားဆီသို့ ဦးတည်လိုက်သည်။

နံရံကနေပြီး ထုနှင့်ထည်နှင့် တည်ဆောက်ထားသော ဓမ္မရံကြီး ဘုရားမှာလည်း သူလိုချင်သော ပုံများရိုက်ပေးသည်။

သူတို့ဘုရားအပြင်ဘက်ရောက်တော့ ထနောင်းကိုင်းပေါ်ကနေ ထပျံသွားသော ငှက်ကနစ်ကောင်ကို တွေ့လိုက်ပြီး ...

"အိမ်စည် အဲ့ဒီပုံလေး မြန်မြန်ရိုက်ပေးပါ"

အိမ်စည်ကလည်း ခပ်သွက်သွက် ရိုက်ပေးလိုက်သည်။

"ဘယ်လိုလဲ ပုံလေး ပီပြင်သွားလား။ ကိုယ်လိုချင်တဲ့ အနေအထား ရလိုက်လား"

"ဒီမှာ ဦးကျော်ရှင်း ကျွန်မက ချိန်းဆရိုက်တတ်တာပဲ ကျွမ်းကျင်တယ်။ အဲ့လို ရုတ်တရက် ရွေ့လျားသွားတာကို မိမိရရ ရိုက်နိုင်ပေမယ့် ရှင်လိုချင်တဲ့ အနေအထား ဟုတ်မဟုတ်ဆိုတာတော့ မသိဘူး"

"ဆောရီး ကိုယ်ဆန္ဒ စောသွားတယ်"

အိမ်စည် စိတ်တိုသွားမှန်းသိ၍ ကျော်ရှင်းက တောင်းပန်လိုက်သည်။

သူလိုချင်သည့်ပုံတွေ တစ်ပုံပြီးတစ်ပုံ လိုက်ရိုက်ပေးရသည်။ ကင်မရာကို လိုချင်သော ထောင့်ကနေ ချိန်ပြီး သူလိုချင်



www.burmeseclassic.com

www.burmeseclassic.com



သည့်အနေအထား ဟုတ်မဟုတ် ကြည့်ခိုင်းပြီးမှ ရိုက်ရသ
တစ်ပုံတစ်ပုံကို အချိန်ယူရသည်။

နံနက်စာ ထမင်းကို အနီးဆုံးဆိုင်မှာပဲ စားပြီး ခရီးဆက
ပြန်သည်။ သည်လိုနှင့် တစ်နေ့တာ ကုန်ဆုံးခဲ့သည်။

ညစာစားပြီး အိမ်စည်က ရွှေစည်းခုံ ဘုရားဆီသို့ ထွ
လာသည်။ ဘုရားဝတ်ပြုပြီး အေးချမ်းစွာ တစ်ယောက်တ
ထိုင်နေသည်။

ကျော်ရှင်းက တည်းခိုခန်းတွင် အိမ်စည်ကို မတွေ့၍
လည်း ထွက်လာခဲ့သည်။

အိမ်စည် ဘယ်သွားမှန်းမသိသော်လည်း ရွှေစည်းခုံဘေ
ကို သွားချင်၍ ထွက်လာသည်၊ အိမ်စည် ဘုရားဝတ်ပြုနေသ
ကိုတွေ့ပြီး မလှမ်းမကမ်းမှာ သူလည်း ဘုရားဝတ်ပြုလိုက်သ
သူ ဘုရားဝတ်ပြုပြီးသည့်အထိ အိမ်စည်က မပြီးသေး
စိတ်ရှည်လက်ရှည်နှင့် ထိုင်စောင့်နေသည်။ အိမ်စည်က ဝ
ပြီး နေရာက ထလိုက်သည်။

လျှပ်စစ်မီးများနှင့် ထွန်းလင်းတောက်ပပြီး သပ္ပါယ်လှသေ
ဘုရားကြီးကို ရပ်လျက်ကာ လက်အုပ်ချီလိုက်သည်။ တစ်ယေ
တည်း ညအခါ ကြာကြာမနေသင့်၍ တည်းခိုခန်းပြန်ရန် ဒ
ကူးလိုက်သည်။





ကိုယ့်ကို လှည့်လိုက်ပြီး ရင်ပြင်ဆီသို့ အကြည့်ပို့လိုက်
ည်။ သူ့ကို ကြည့်နေသော ကျော်ရှင်းကို တွေ့၍ ခြေလှမ်း
ံ့သွားသည်။

"ဟင် ... ကိုကျော်ရှင်း"

"ဘုရားရှိခိုးလို့ ပြီးပြီလား"

"ဟုတ်ကဲ့"

"ပြန်တော့မလို့လား"

"ဟုတ်ကဲ့"

"အိပ်ချင်နေလို့လား"

"မအိပ်ချင်သေးပါဘူး"

"ဒါဆို ဒီမှာ အေးအေးချမ်းချမ်းနဲ့ ထိုင်ပါဦးလား"

"ကျွန်မတစ်ယောက်တည်း ဖြစ်နေလို့ ထိုင်ချင်ရက်နဲ့
ုမှ ခုလို အဖော်ရှိတယ်ဆိုတော့ အဆင်ပြေတာပေါ့"

"ဒါဆို ဟိုနားမှာ သွားထိုင်ကြရအောင်"

"ဟုတ်ကဲ့"

လေနုလေအေး တဖြူးဖြူးတိုက်နေသော ဘုရားရင်ပြင်
နှစ်ယောက်သား ထိုင်လိုက်ကြသည်။

"ဒီမှာထိုင်ရတာ အေးချမ်းတယ်နော်"

"ဟုတ်တယ်၊ ညှို့သည်တွေနဲ့ ရောက်တိုင်း ဒီလို အေး



www.burmeseclassic.com

www.burmeseclassic.com



အေးဆေးဆေး ထိုင်ချင်ရက်နဲ့ မထိုင်ခဲ့ရဘူး"

"အိမ်စည် တိုးရစ်ဂိုက် လုပ်တာကြာပြီလား"

"လေးငါးနှစ် ရှိပါပြီ"

"ဒါဆို အတော်အတွေ့အကြုံရှိနေတာပဲ။ ဘာသာစကားကရော ဘာတတ်တာလဲ"

"အင်္ဂလိပ်နဲ့ ပြင်သစ်ပေါ့၊ အထူးသဖြင့် ပြင်သစ် ဧည့်သည်တွေနဲ့ပဲ သွားရတာပါ"

"ပြင်သစ်လို ကျွမ်းကျင်တာပေါ့"

"ဟုတ်ကဲ့"

"စာရော တတ်သေးလား"

"နည်းနည်းပါးပါး ရပါတယ်"

အိမ်စည်က အရည်အချင်းရှိသည့် မိန်းကလေးဆိုတာကို ကျော်ရှင်းက သိရပြန်သည်။

"အိမ်စည်က မောင်နှမတွေ ရှိလား"

"ဟင့်အင်း တစ်ယောက်တည်းပါ"

"အခု ဘယ်သူနဲ့ နေတာလဲ"

"သူငယ်ချင်းတစ်ယောက် လာနေပေးတယ်။ သူ ခရီးထွက်တာတို့ သူ့အိမ်ပြန်တာတို့ဆိုရင် တစ်ယောက်တည်းပေါ့"

"အိမ်စည်က တစ်ယောက်တည်းဆိုတော့ နေရတာ လွတ်





လပ်တာပေါ့နော်"

ကျော်ရှင်းက ထိုသို့ မေးလိုက်သဖြင့် အိမ်စည်ရဲ့ ရင်ထဲမှာ သဘောမတွေ့ပါ။

"ကိုကျော်ရှင်းက ဘယ်လိုအဓိပ္ပာယ်နဲ့ မေးလိုက်တာလဲ"

"ဘယ်လိုကြောင့်မှ မဟုတ်ပါဘူး"

ကျော်ရှင်းရဲ့ ထင်မြင်ယူဆမှုကို သိနေ၍ အိမ်စည်က အသံခပ်ဆတ်ဆတ်လေးနှင့် ပြန်ပြောသည်။

"ကျွန်မက တစ်ယောက်တည်း အထိန်းအကွပ်မရှိလို့ နေချင်တိုင်းနေတယ်လို့ ရှင်က ထင်နေလား...

"ဒီမှာ ဦးကျော်ရှင်း ကျွန်မရဲ့ ကိုယ်ကျင့်တရားကိုရော၊ အလုပ်ကိုရော အထင်သေးပြီး စော်ကားချင်တယ်ဆိုရင် ဒီအလုပ် ကျွန်မ ဆက်ပြီး မလုပ်နိုင်ပါဘူး"

"ဟာ ... ဘာပြုလို့ ချက်ချင်းကြီး ဒေါသကြီးသွားရတာလဲ"

"ကျွန်မ ဘာဖြစ်လို့ ဒေါသကြီးတယ်ဆိုတာ ရှင် သိရမှာပေါ့"

"ဟာ ... ခက်ပါလား"

"တော်ပြီ၊ ရှင်နဲ့ စကားပြောရတာ အကုသိုလ်များတယ် ပြန်မယ်"

"အိမ်စည်ရယ် မင်းကလည်း ဒေါသချည်းပဲကိုး"



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ကို ပထမဦးဆုံးတွေ့တုန်းက လုပ်ခဲ့တဲ့ အပြုအမူကြောင့် ကျွန်မကို အထင်သေးပြီး မဆက်ဆံနဲ့၊ အဲ့ဒါကို သတိပေးလိုက်တာ"

အိမ်စည်က ပြောချင်တာပြောပြီး ဒေါသတကြီးနဲ့ ထွက်သွားသည်။

"ဟင် ... သူက တကယ်ပဲ မတရား အထင်ခံရလို့ စိတ်ဆိုးတာလား....

"ဒါမှမဟုတ် အိုးမလုံ အုံပွင့်တာလား"

အိမ်စည်ရဲ့နောက်ကို ထမလိုက်သွားဘဲ ကျော်ရှင်းက ကျန်ရစ်ခဲ့သည်။ ဒေါသဖြစ်သော အိမ်စည်ရဲ့ ပုံရိပ်လေးက သူ့မျက်လုံးထဲမှာ စွဲထင်ကျန်ရစ်ခဲ့သည်။

* * *



## အခန်း (၁၁)

နောက်တစ်နေ့ နံနက်စောစော အိမ်စည်ကထ ရေချိုးပြင်ဆင်ပြီး ညှော်ခန်းမှာ အသင့်စောင့်ရင်း ကျော်ရှင်းကို မစောင့်ဘဲ နံနက်စာ စားသောက်လိုက်သည်။

ကျော်ရှင်းက နိုးပြီး ရေချိုးပြီး ညှော်ခန်းဆီသို့ ထွက်လာသည်။ အိမ်စည်က ဂျာနယ်တစ်စောင်ကို ဖတ်နေသည်။

"အင်း ... အိမ်စည်က ဒီနေ့လည်း ကိုယ့်ထက် နိုးတာစောတယ်"

အိမ်စည်က ဘာမှ ပြန်မပြောဘဲ သူ့ကို တစ်ချက်ကြည့်လိုက်ပြီး ဂျာနယ်ကို ဆက်ဖတ်နေသည်။

"ဘရိတ်ဖတ်(စ) ဘာစားမလဲ"

"စားပြီးပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်... စားပြီးပြီ ဟုတ်လား"

"ဟုတ်တယ်၊ ကျွန်မက စောစောနိုးတာဘဲပြီး ဆာနေတယ်၊ မစောင့်နိုင်လို့ စားလိုက်တယ်"

"သောရီးပဲ ကိုယ်က နောက်ကျသွားတာကို၊ ကိုယ် စားတာစောင့်နော်"

"ရပါတယ်"

မနေ့က အရှိန်မပြေသေး၍ အိမ်စည်က သူ့ကို ခပ်တင်းတင်းပဲ ဆက်ဆံနေသည်။ ကျော်ရှင်း စားသောက်နေသည်ကို ဂျာနယ်ဖတ်ရင်း စောင့်နေသည်။

"စားသောက်ပြီး တန့်ကြည်တောင်ကို အရင်သွားကြရအောင်"

"ကောင်းပါပြီ"

စားသောက်ပြီး အငှားကားနှင့် ထွက်လာသည်။ စက်ဆိပ်ရောက်ပြီး တစ်ဖက်ကမ်းကို ကူးခဲ့ကြသည်။ ကားဖြင့် တန့်ကျည်တောင်ကို တက်ကြသည်။ သာယာလှပသော ရှုခင်းတွေကို တောင်စောင်းပေါ်ကနေ ရိုက်ပြီး နှစ်နာရီလောက် အချိန်ဖြုန်းပြီး တန့်ကျည်တောင်ပေါ်ကနေ ဆင်းခဲ့သည်။

တစ်ဖက် ပြန်ရောက်ပြီး ကျော်ရှင်းက သူလိုချင်သော ရိုက်ကွင်းရှိသည့် စေတီများဆီသို့ ခေါ်သွားပြန်သည်။





သည်လိုနှင့် တစ်နေ့တာ အချိန်ကုန်သွားသည်။ ညစာ စားသောက်ရင်းနှင့် ကျော်ရှင်းက နောက်တစ်နေ့ အစီအစဉ်ကို ပြောသည်။

"မနက်ဖြန် တစ်ရက်ပြီးရင် ပုဂံက လိုချင်တဲ့ဓာတ်ပုံတွေ ရလောက်ပြီ၊ သန်ဘက်ခါ ခရီးဆက်မယ်"

"မန္တလေးကို သွားမှာလား"

"ဟုတ်တယ်"

စားသောက်ပြီး အိမ်စည်က တည်းခိုခန်းအပြင် ထွက်လာသည်။ အစာကြေအောင် လမ်းလျှောက်ပြီးမှ တည်းခိုခန်းထဲ ပြန်ဝင်သည်။

မအိပ်မီ နောက်တစ်နေ့အတွက် ကင်မရာကို ဖလင်လိပ် ထည့်ပြီး ပြင်ဆင်ထားသည်။

* * *

နောက်တစ်နေ့နံနက်စာ စားပြီး တည်းခိုခန်းမှ ထွက်လာသည်။ ပထမဦးဆုံး မြို့ဦးဘုရားကို သွားပြီး လိုချင်သည့် ပုံတွေ ရိုက်သည်။

"ပြီးရင် ပြဿဒါးဘုရားကို သွားကြမယ်"

ပြဿဒါးဘုရားရှေ့မှာ ကားကိုရပ်ခိုင်းထားပြီး ဘုရားဆီ



www.burmeseclassic.com

www.burmeseclassic.com



သို့ လျှောက်လာသည်။ ထနောင်းပင်က ဆူးလေးတွေရှိရေ
ကြည့်နင်းနေရသည်။

"ဘုရားကြီးက ပြူပြင်ထားတယ်နော်"

"ဟုတ်ပါတယ် ကိုကျော်ရှင်း"

"အပေါ်အထိတက်ပြီး ဓာတ်ပုံရိုက်ရအောင်"

"ဟုတ်ကဲ့"

ယခင်က လှုပ်လီလှုပ်လဲ့ဖြစ်နေသော အုပ်ချပ်တွေက
အခိုင်အမာဖြစ်နေပါသည်။

"အပေါ်တက်ပြီး ရိုက်ကွင်းကို ကြည့်ရအောင်"

"ဟုတ်ကဲ့"

ဘုရားပေါ်ကို တက်ခဲ့ကြသည်။ ကျော်ရှင်းလိုချင်သော
အနေထားကို အိမ်စည်က ရိုက်ပေးလိုက်သည်။ ရိုက်ကွင်းက
အာရုံစိုက်ပြီး လှုပ်ရှားခိုက် ထနောင်းဆူးကို မမြင်ဘဲ အိမ်စည်က
တက်နင်းမိသည်။

နာကျင်သွားပြီး လူက ဆတ်ခနဲ ခုန်အလိုက် လဲမည်ဖြ
စဉ် အနားမှာရှိနေသော ကျော်ရှင်းက ထိန်းပေးလိုက်သည်။

ကိုယ်လုံးချင်းနှစ်ခု ပူးကပ်သွားပြီး သန်မာသော လက
တွေကြား 'ရောက်သွားသဖြင့် အိမ်စည်က မပြုံလဲတော့ပါ။

ရှတ်တရက် ကျော်ရှင်းရဲ့ ရင်ခွင်ထဲ ရောက်သွားပြ





ကိုယ်လုံး ရှိန်းမြမြ နွေးထွေးသွားသည်။ မှင်တက်မိနေပြီး
ရှန်းထွက်လိုက်သဖြင့် ကျော်ရှင်းကလည်း လွှတ်ပေးလိုက်
သည်။

ဆူးဝင်နေသော ခြေထောက်ကို ပြန်ထောက်မိသဖြင့်
အိမ်စည်က နာကျင်သွားသည်။

"အား ..."

"ဟင် ... နာနေလား"

"ဟုတ်တယ်၊ ခြေထောက်မှာ ဆူးဝင်နေတယ်"

"ဟုတ်လား"

ကျော်ရှင်းက ထိုင်ချလိုက်ပြီး အိမ်စည်ရဲ့ ခြေထောက်ကို
ရုတ်တရက် ကိုင်လိုက်၍ အိမ်စည်က ကြောင်သွားသည်။

"ခြေထောက်မလိုက်ပါ"

အိမ်စည် ခြေထောက်မလိုက်စဉ် ကျော်ရှင်းက ဆူးကို
ဟုတ်ပေးသည်။

"နေဦး သွေးဘွက်နေတယ်"

တစ်ရှူးနှင့် ဆူးနေရာကို ထုတ်ပေးပြီး သူ့ရဲ့ လွယ်ထား
သော သားရေအိတ်ကြီးထဲက ဟန်ဒီပလပ်(စ) တစ်ခုကို ထုတ်
ပြီး ဆူးနေရာမှာ အုပ်ပေးလိုက်သည်။

"ခြေထောက် ထောက်ကြည့်ပါဦး"



www.burmeseclassic.com

www.burmeseclassic.com



အိမ်စည်က ယောက်ကြည့်လိုက်တော့ နာနေသေးသော်လည်း ထောက်နိုင်ပါသည်။

"ရပါတယ်"

"လမ်းလျှောက်လို့ ဖြစ်ရဲ့လား"

"ဖြစ်ပါတယ်"

"ဖြစ်မှဖြေနော်၊ တစ်ရက်နားပြီး တစ်ရက်နောက်ဆုတ်ပြန်လည်း ဖြစ်တယ်"

"ရပါတယ်၊ သွားစရာရှိတာ သွားပါ"

တူရွင်းတောင်ကို တက်ခဲ့ကြသည်။ တူရွင်းတောင်ပေါ်တွင် ရိုက်စရာရှိသည်များကို ရိုက်ပြီး ပြန်ဆင်းလာသည်။

"အိမ်စည်ရဲ့ ခြေထောက်ကို သေသေချာချာ ရေဆေးပြီး ဆေးထည့်မှ ကောင်းမယ်"

"ရပါတယ်"

"ထမင်းဆိုင်မှာ ခြေထောက်ဆေးလိုက် ကိုယ့်ဆီမှာ ဆေးပါတယ်"

ထမင်းဆိုင်ရောက်သည်နှင့် မစားသောက်သေးမီ ကျော်ရှင်းက ခြေထောက်ကို ရေဆေးခိုင်းပြီး ဆေးထည့်ကာ ပလာစတာ ပြန်ကပ်ပေးသည်။

"ဗုးက သိပ်မနက်သွားလို့ တော်သေးတယ်"





"ဟုတ်တယ်၊ ဆူးမိတာနဲ့ ကိုယ်ကို ဖော့လိုက်မိလို့ လဲလို့ ဖြစ်သွားတာပါ"

လဲပြိုကျမိစဉ်မှာ ကျော်လင်း တွေ့မြင်လိုက်သည့်အဖြစ်ကို တွေးပြီး အိမ်စည် ရင်ထဲ လှိုက်ခုန်ပြီး မျက်နှာလေးရဲသွားသည်။ ကျော်ရှင်းကလည်း ထိုအဖြစ်ကို တွေးလိုက်ပြီး ရင်ခုန်သွားသည်။

အိမ်စည်ရဲ့ ပန်းသွေးရောင် မျက်နှာလေးကို လှမ်းကြည့်လိုက်ရင်း ပို၍ ရင်ခုန်သွားသည့်အတွက် သူ့ကိုယ်သူ မကျေနပ်ပါ။

အထင်မကြီးသော မိန်းမပာစ်ယောက်ကြောင့် ရင်ခုန်ရသည်ကို မကျေနပ်၊ မအိမ်စည်နှင့် လက်ပွန်းတတီးမနေမိရန် သူ သတိထားရတော့မည် ဖြစ်သည်။ ထမင်းစားသောက်ပြီး ခရီးဆက်လိုက်ကြပြန်သည်။

ညနေစောင်းမှာ တည်းခိုခန်း ပြန်ရောက်သည်။ အိမ်စည်က ရေချိုးပြီး ခြေထောက်ကို ကြည့်လိုက်တော့ အတော်လေ သက်သာနေပါသည်။

ဆေးထည့်ပြီး ပလာစတာ ကပ်လိုက်သည်။ ညဘက် ရွှေစည်းခုံ စေတီမှာ ဘုရားရှိခိုးချင်သေး၍ ဖြည်းဖြည်းချင်း လျှောက်ထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ ဘုရားပေါ်သို့ ရောက်တော့ ကျော်ရှင်းရောက်နှင့်နေ
သည်ကို တွေ့ရသည်။

"ဟင် ... အိမ်စည် အခန်းမှာ မနားဘူးလား၊ ခြေထောက်
နာကြီးနဲ့ လျှောက်လာရသလား"

"ရပါတယ်၊ ခြေထောက်က သက်သာနေပါပြီ၊ မပြန်ခင်
ဘုရားကို ဖူးချင်သေးလို့ပါ"

"ဒါဆို အေးအေးဆေးဆေး ဖူးပါ။ ပြီးရင် အတူတူပြန်ကြ
တာပေါ့"

ကျော်ရှင်းက အိမ်စည် လွတ်လပ်စွာ ဘုရားဝတ်ပြုနိုင်
ရန် အနားက ရှောင်ထွက်သွားသည်။ စိတ်အေးလက်အေးနှင့်
အိမ်စည်က ဘုရားဝတ်ပြုလိုက်သည်။

ဘုရားရှိခိုးပြီး ကျော်ရှင်း ရှိမည့်နေရာကို ရှာပြီး လာ
သည်။

"ပြီးပြီလား"

"ဟုတ်ကဲ့"

"ပြန်ချင်ပြီလား"

"ကိုကျော်ရှင်း ပြန်တဲ့အချိန်မှ ပြန်မှာပါ"

"ဒါဆို အေးအေးဆေးဆေး ထိုင်ကြတာပေါ့"

ဘုရားရင်ပြင်မှာ ထိုင်ရင်းနှင့် ကျော်လင်းက စကားစလို



BURMESE CLASSIC .com



သည်။

"အိမ်စည်က မိဘတွေနဲ့ ကြီးပြင်းခဲ့ရတာ မဟုတ်ဘူး
လား"

"အဒေါ်နဲ့ ကြီးပြင်းခဲ့ရတာပါ"

"ဘယ်လိုကြောင့်လဲ"

"မိဘတွေကို ကျွန်မ မြင်တောင် မမြင်ဖူးလိုက်ဘူး"

"ဟင် ... ဟုတ်လား၊ အိမ်စည် ဘယ်အရွယ်မှာ ဆုံးသွား
တာလဲ"

"အင်း ... ပွင့်ပွင့်လင်းလင်းပြောရရင် ဘာမှန်းကို မသိပါ
ဘူး"

အိမ်စည်ရဲ့စကားက ထူးဆန်းနေ၍ ကျော်ရှင်းက မေး
သည်။

"အိမ်စည်ရဲ့အကြောင်းကို စိတ်ဝင်စားလာပြီ ပြောပြခွင့်
ရှိရင် ပြောပြပါလား"

"စိတ်ဝင်စားစရာ သိပ်မကောင်းပါဘူး"

"အင်း ... ကိုယ့်ကို စပ်စုတယ်ထင်မှာစိုးလို့ ကိုယ့်အကြောင်း
ကို အရင်ပြောပြမယ်"

"နေပါစေ"

"ပြောပြချင်လို့ပါ၊ ကိုယ်တို့မှာ အဖေမရှိတော့ဘူး လွန်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တဲ့ ခြောက်နှစ်လောက်ကပဲ ကွယ်လွန်ခဲ့တယ်။ အဖေရဲ့ အစ်ကိုရဲ့ အမြွာညီမ နှစ်ယောက်ရယ်ရှိတယ်...

"အစ်ကိုက အဖေမဆုံးခင်တည်းက အဖေရဲ့ စီးပွားရေးမှ ဝင်ကူလုပ်ပေးရင် အဖေလက်လွှဲလို့ရအောင် ဖြစ်ခဲ့တယ်။ အဖေ ခြေရာမီတယ်၊ အခုဆို ကုမ္ပဏီက အဖေ့လက်ထက်ထဲကထက် ပိုပြီး အောင်မြင်နေတယ်"

"အစ်ကိုက စီးပွားရေးကို ဦးဆောင်နေတာပေါ့"

"ဟုတ်တယ်၊ ကိုယ်လည်း သူနဲ့အတူ စီးပွားရေးကို လုပ်နေတာ၊ အခု သူ ခွင့်ပြုလို့ ခရီးထွက်နိုင်တာ"

"အစ်ကိုက ရှင်နဲ့တူလား"

"ရုပ်သိပ်မဆင်ပါဘူး၊ အိမ်စည်နဲ့ ပထမဦးဆုံးတွေ့တုန်းက ကိုယ့်ဘေးမှာရှိတဲ့ အစ်ကိုကျော်လင်းပေါ့"

"သြော် ... ကျွန်မက ပထမဦးဆုံး သူ့လက်ကို ကိုင်လိုက်တာလေ"

အိမ်စည်က ရယ်ဟဟနှင့် ထိုသို့ ပြောလိုက်သည်။ ကျော်လင်းလက်ကို ကိုင်မိစဉ် ကျော်လင်း သူ့ကို အထင်သေးစွာ ကြည့်လိုက်သော အကြည့်တွေကိုလည်း မှတ်မိလိုက်သည်။

"ရှင့်အစ်ကိုက အဲ့ဒီတုန်းက ကျွန်မကို ရှင့်ထက်ပိုပြီး အထင်သေးပုံရတယ်"





"အစ်ကိုက အရမ်းကို တည်ကြည်တဲ့သူတစ်ယောက်ပါ"

"ဟုတ်မှာပါ၊ သူ့ပုံစံကြည့်ရတာလည်း စိတ်ကြီးဝင်နေတဲ့ ပုံပါ။ ဝတ်စားဆင်ယင်တာလည်း ရှင်နဲ့ တခြားစီပဲနော်"

"ဟုတ်တယ်"

"ရှင်က ဘာပြုလို့ သူ့လို မနေတာလဲ"

"ဟန်ပန်စတိုင်ကြီးနဲ့ နေရတာ ပင်ပန်းပါတယ်"

"ညီမလေးတွေကရော"

"သူတို့ကတော့ လှချင်ပချင်တဲ့ မိန်းကလေးတွေလေ"

"ရုပ်လေးတွေလည်း ချောမှာပေါ့နော်"

ကျော်လင်းနှင့် ကျော်ရှင်းရဲ့ ရုပ်ရည်လိုပဲ လှပချောမွေ့ကြမည်ဟု အိမ်စည်က ထင်သည်။

"အင်း ... ပြောရင် ကိုယ့်ငါးချဉ် ကိုယ်ချဉ်တယ် ပြောစရာ ဖြစ်နေဦးမယ်။ တကယ်ချောကြပါတယ်"

"ဟုတ်မှာပါ"

"မေမေကလည်းချောတယ်၊ အိမ်စည်ကို ပြောရင်းနဲ့ ဖိမ်ကို လွမ်းလာပြီ"

ကျော်ရှင်းက ကလေးတစ်ယောက်လို ပြောလိုက်သည်။ ကျော်ရှင်းရဲ့ဘဝကို အိမ်စည် အားကျမိသည်။ သူ့မှာလည်း သည်လို မောင်နှမတွေရှိလျှင် ကောင်းမည်ဟု တွေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်အကြောင်း ပြောပြီးပြီ၊ အိမ်စည့်အကြောင်း ပြော ဦးလေ"

"ကျွန်မအကြောင်းက ထွေထွေထူးထူးတော့ မရှိလှပါဘူး"

"မတွေ့ရလိုက်တဲ့ အဖေအကြောင်း ပြောပါဦး"

"အဖေက မေမေတို့အိမ်မှာ ဒရိုင်ဘာလုပ်ခဲ့တာတဲ့။ မေမေ တို့က ပိုက်ဆံချမ်းသာတယ်တဲ့။ မေမေက ဖေဖေနဲ့ မေတ္တာမှု ပြီး ထွက်ပြေးတယ်လို့ ပြောတယ်။ အိမ်က အပြင်းအထန်လိုက်ရှာ ပြီး ခြောက်လလောက်နေမှတွေ့ပြီး မေမေ့ကို ပြန်သိမ်းလိုက် တယ်။

ဖေဖေ့ကိုလည်း မေမေနဲ့ ဆက်သွယ်လို့မရအောင် ဖျက် ခြည်ဖြတ်ခဲ့တယ်တဲ့။ မေမေက အဲဒီစိတ်နဲ့ပဲ အိမ်စည်ကို မွေးဖွား ပြီး သေဆုံးခဲ့တယ်"

"ဟာ ... ဒါဆို အိမ်စည်က မိဘနှစ်ပါးစလုံးကို မတွေ့ လိုက်ရဘူးပေါ့"

"ဟုတ်ပါတယ်၊ မေမေ့ကိုယ်စား ဒေါ်လေးကပဲ ကျွန်မကို ပြုစုပျိုးထောင်ပေးခဲ့တာပါ။ မေမေ့ကို ဓာတ်ပုံကလွဲပြီး ကျွန်မ မသိခဲ့ရပါဘူး"

"အဖေရဲ့ဓာတ်ပုံလည်း ရှိမှာပေါ့"

"ဟင့်အင်း၊ အဖေနဲ့ ပတ်သက်ပြီး ကျွန်မ ဘာမှမသိရဘူး၊





ဓာတ်ပုံဆိုတာလည်း ဒေါ်လေးတို့က ဖျောက်ဖျက်လိုက်ကြပြီလေ"

"ဒါဆို အိမ်စည့်အဖေက အသက်ရှင်လျက် ရှိချင်ရှိနေဦး မှာပေါ့"

"ရှိရင် အိမ်စည့်ကို ဆက်သွယ်မှာပေါ့။ မရှိတော့လို့ နေ မှာပါ"

"အိမ်စည်အကြောင်း ကြားရတာ စိတ်မကောင်းလိုက် တာ"

"ဒီလိုပါပဲ၊ ကြာတော့လည်း ဝမ်းနည်းဖို့ အင်အားတွေ ခန်းခြောက်နေပါပြီ"

ကျော်ရှင်းက သနားစိတ်တွေ အိမ်စည်အပေါ်သို့ ယိုဆင်း သွားသည်။ သူ့ညီမတွေနှင့် နှိုင်းယှဉ်ကြည့်ပြီး ကံဆိုးရှာသော အိမ်စည့်ကို သနားနေသည်။

* * *

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

## အခန်း (၁၂)

နောက်တစ်နေ့နံနက် စောစောမန္တလေးကို လေယာဉ်နှင့် ထွက်ခဲ့ကြသည်။ ချမ်းမြသာစည် လေဆိပ်ကနေ အငှားကားဖြင့် ဟိုတယ်ကိုသွားပြီး နားကြသည်။

မန္တလေးတောင်ကို အလျှင်သွားပြီး သဘာဝရှုခင်းတွေကို ရိုက်သည်။ ရွှေကျောင်းကိုလည်း သွားပြီး အနုပညာပန်းပုလက်ရာတွေကို အသေးစိပ်ရိုက်သည်။

"ဒီနေ့တော့ ဒီလောက်ပဲ၊ ရောက်တုန်း စစ်ကိုင်းနဲ့ အမရပူရကို သွားရအောင်"

"အဲ့ဒီမှာရော ရိုက်စရာတွေရှိသေးလား"

"ရောက်တုန်း လိုရမယ်ရ ရိုက်ထားလိုက်မယ်လေ။ သုံးဖို့ စိတ်ကူးရရင် ထည့်သုံးရတာပေါ့။ ဖလင်ရော အလုံအလောက်ရှိသေးလား"





"ထပ်ဝယ်ရလိမ့်မယ်"

"ကောင်းပြီ ညကျဝယ်ကြတာပေါ့"

ညစာစားသောက်ပြီး မနက်အတွက် လိုအပ်သည်များကို ပြင်ဆင်ကြသည်။ ကျော်ရှင်းနှင့် အနေနီးလာလေ ကျော်ရှင်းသည် သဘောကောင်းသော သူတစ်ယောက်ဆိုတာ သိလာရလေပါပဲ။

အိမ်စည်နှင့် အနေနီးလာလေ အိမ်စည် နေထိုင်ပုံ၊ ဣန္ဒြေ သိက္ခာရှိသည်ကို ကျော်ရှင်းက သိလာလေပါပဲ။

"အိမ်စည်က ငါ ထင်ခဲ့သလို မိန်းကလေးမျိုး မဟုတ်လောက်ဘူး"

"အင်း ... ခဏတာတွေ့ရုံနဲ့ ပြောလို့မရသေးပါဘူး။ သူက ဟန်ဆောင်နေတာလည်း ဖြစ်နိုင်တာပဲ"

အကောင်းမြင်သည့်စိတ်ကို မကောင်းမြင်စိတ်က တိုက်ခိုက်လိုက်ပြန်သည်။ အိမ်စည်ရဲ့ ချစ်စရာကောင်းသော သွင်ပြင်က သူ့ကို အမြဲညို့ယူ ဖမ်းစားသလိုခံစားမိ၍ အိမ်စည်နှင့် ထိတွေ့မှုမရှိအောင် ခပ်ဝေးဝေးနေရမည်ဟု ဆင်ခြင်လိုက်သည်။

နောက်တစ်နေ့မှာ စစ်ကိုင်း ဆက်သွားသည်။ အမရပူရကိုလည်းဝင်ပြီး တစ်ဖက်ကမ်းကူကာ မယ်နုနတ်ကျောင်းတို့ဘက်ကိုလည်း ရောက်သည်။

ထိုနတ်ကျောင်းဆီသို့ဝင်ပြီး မယ်နုရဲ့ အဆောက်ကို



www.burmeseclassic.com

www.burmeseclassic.com



လိုက်စဉ် ယခင်က စားစက် လုံစက်တွေ ထားသည်ဆိုသော နေရာရောက်တော့ အိမ်စည်က ကြောက်လန့်စိတ် ဝင်လာသည်။

လူပြတ်သည့်နေရာမို့ ကျော်ရှင်းနှင့် ခပ်ဝေးဝေးမနေပါ။ ကျော်ရှင်း ရိုက်ခိုင်းသည့်ပုံတွေကို ရိုက်ပြီး ပြန်ခဲ့ကြသည်။

မန္တလေးမှာ နှစ်ညနေပြီး တစ်နေရာသို့ ခရီးဆက်မည် ဖြစ်သည်။

"မြစ်ကြီးနားကိုတက်မှာ အိမ်စည် ပင်ပန်းနေပြီလား"

"မပင်ပန်းပါဘူး"

"တကယ်တော့ လမ်းဘေးရှုခင်းတွေကို ခံစားရင်း ကားနဲ့ သွားချင်နေတာ၊ အိမ်စည့်ကို အားနာလို့"

"ရပါတယ်၊ ကျွန်မ သွားနိုင်ပါတယ်"

"ခရီးပန်းမှာပေါ့"

"ဂိုက်လုပ်လာတဲ့သူပဲရှင် ခရီးသွားလို့ ပင်ပန်းတယ်ရှိပါ့မလား"

"အခု ခရီးက နိုင်ငံခြားသားတွေနဲ့အတူ သက်သောင့် သက်သာသွားတဲ့ခရီး မဟုတ်ဘူးလေ"

"ရပါတယ် ကိုကျော်ရှင်း၊ သွားချင်သလိုသာ သွားပါ၊ ကျွန်မ လိုက်နိုင်ပါတယ်"

"အင်း ... အပြန်မှပဲ ကားနဲ့ ပြန်ကြတာပေါ့။ အသွား





လေယာဉ်လက်မှတ်က စီစဉ်ပြီးလောက်ပြီ"

"ရှင်ကိုယ်တိုင်လုပ်တာ မဟုတ်ဘူးလား"

"မဟုတ်ဘူး၊ ဒီက မိတ်ဆွေတစ်ယောက်ကို ကြိုပြီး အကူညီတောင်းထားတာ"

"သြော် ..."

"မနက်ဖြန် ရန်ကင်းတောင် တက်ကြရအောင် တက်နိုင်မယ် မဟုတ်လား"

"တက်နိုင်ပါတယ်"

"ဒါဆို သွားကြမယ်လေ"

ညစာ စားသောက်ပြီး အိမ်စည်က သူ့အခန်းကို ပြန်လာသည်။ အဝတ်အစားအချို့ကို လျှော်ခိုင်းထားသည်မှာ လျှော်ပြီး မီးပူတိုက်ပြီး အခန်းကို လာပို့ပေးသည်။

ခရီးရှည်သွားမှာ သိလျက်နှင့် ပေါ့ပေါ့ပါးပါးသွားချင်၍ အဝတ်အစား များများစားစား မထည့်လာသဖြင့် သည်လိုပဲ လျှော်ဖွပ်မှသာ အဆင်ပြေမည် ဖြစ်သည်။

နောက်တစ်နေ့ နံနက်အတွက် ကင်မရာကို စစ်ဆေးပြင်ဆင်လိုက်သည်။ တစ်နေ့ကစ်နေ့ ပင်ပန်းသည်မို့ ခုတင်ပေါ်လှဲလိုက်သည်နှင့် အိပ်ပျော်ရမည့်အစား မအိပ်နိုင်သေးဘဲ အတွေးချဲ့နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အတွေးထဲတွင် ကျော်ရှင်းက နေရာအပြည့် ယူထ
သည်။ ကျော်ရှင်းနှင့် အနေနီးလေ၊ ကျော်ရှင်းကြောင့် ရင်
ရလေပါပဲ။

"အဲ့ဒီလူကို ငါ ချစ်နေပြီလား...

"သူနဲ့တွေ့ထိလိုက်တိုင်း လျှပ်စစ်နဲ့ အတို့ခံရသလို
ခံစားရပါလား...

"ဒါတွေက အချစ်ကြောင့်ပဲ ဖြစ်မယ်...

"သူ့ကို ချစ်မိပြီဆိုရင် ငါ ဘယ်လိုမှ ပျော်ရွှင်မှု ရနိုင်
မဟုတ်ဘူး...

"ငါ့ကို အထင်သေးတဲ့ လူတစ်ယောက်က ချစ်မှာမဟု
ပါဘူး...

"ဒါကြောင့် ငါ သူ့ကို ချစ်နေတယ်ဆိုတာသိရင် ငါ့
ပိုအထင်သေးသွားမယ်...

"အဲ့ဒီ ခံစားချက်ကို မပေါ်လွင်အောင် ငါ ထိန်းရမှာ

"သူ့ကို ရင်ထဲကနေ သေမလောက်ချစ်နေပါစေ အဲ့ဒီအ
ကို သူ မမြင်ရအောင် ဖုံးထားနိုင်ရမယ်"

အိမ်စည်က ခိုင်ခိုင်မာမာ ဆုံးဖြတ်လိုက်သည်။ နေ
ထပ် ကျော်ရှင်းထံမှ အထင်သေးသောအကြည့်၊ အထင်
သော စကားတွေကို ကြားနိုင်စွမ်းမရှိပါ။





လေယာဉ်နှင့် မြစ်ကြီးနားကို ထွက်ခဲ့ကြပါပြီ။ မြစ်ကြီးနား
တွင်လည်း ကျော်ရှင်းက ဟိုတယ်ကို စီစဉ်ပေးထားသည်။
အကောင်းစား ဟိုတယ်ကြီး မဟုတ်သော်လည်း သင့်တင့်သန့်ရှင်း
သဖြင့် အိမ်စည်က သဘောကျပါသည်။

ရောက်သည်နှင့် ခဏသာနားပြီး သူလုပ်ချင်သည့် ရိုက်ကွင်း
နေရာများကို သွားသည်။ သဘာဝရှုခင်းတွေကို ဦးစားပေးရိုက်
ရသဖြင့် တော်တော်လေး အချိန်ယူရသည်။

"ကိုယ်တို့ မြစ်ဆုံကိုလည်း သွားမယ်"

"ကောင်းတယ်၊ အဲ့ဒီကို မရောက်တာကြာပြီ"

"အရင်က ဘယ်နှစ်ခေါက် ရောက်ဖူးလဲ"

"လွန်ခဲ့တဲ့ သုံးနှစ်လောက်ကပဲ ရောက်ဖူးခဲ့တယ်"

"ဟုတ်လား"

ကျော်ရှင်းက ဘယ်လိုပင် သူ့ကိုယ်သူထိန်းထိန်း အိမ်စည်
နှင့် တွေ့ရလျှင် သူ့စိတ်က သာယာမိသည်။

အိမ်စည်ကြောင့် ရင်ခုန်ရသည်ကလည်း အချစ်ကြောင့်
ဆိုတာ ကောင်းကောင်း သဘောပေါက်သွားသည်။

"အိမ်စည့်ကို ငါ ချစ်နေမိပြီပဲ"

သေသေချာချာ သိလိုက်သည့်အခါဆို အချစ်အတွက်
သူ မပျော်သလို ဖြစ်သွားသည်။ အိမ်စည်နှင့် စတွေ့ခဲ့သည့်



www.burmeseclassic.com

www.burmeseclassic.com



အဖြစ်အပျက်က သူ့မိသားစုထဲမှာ မျက်နှာပန်းမလှသည့် အဖြစ် မျိုးပါ။

"အစ်ကိုကြီးက အိမ်စည့်ကို မုတ်မိနေရင် ဘယ်လိုမှ သဘောတူနိုင်မှာ မဟုတ်ဘူး"

ထိုသို့တွေးမိပြီး သူ့အချစ်ကို တတ်နိုင်သမျှ မျိုသိပ်ရန် စိတ်ကူးလိုက်သည်။

"ဒီခရီးစဉ်ပြီးရင် သူနဲ့ ပတ်သက်စရာ မရှိတော့ဘူးပဲ...

"ဒါကြောင့် ငါ့ရဲ့ ခံစားချက်ကို ဖုံးဖိထားရမယ်၊ အဝေး ဝေးရင် မေ့သွားမှာပဲ"

ထိုသို့တွေးပြီး ကျော်ရှင်းက အိမ်စည်နှင့် ခပ်ကင်းကင်း နေရန် စိတ်ကူးလိုက်သည်။ မြစ်ကြီးနားရောက်ပြီး နောက်တစ်နေ့ မှာ မြစ်ဆုံသို့ ထွက်ခဲ့ကြသည်။

မြစ်ဆုံရဲ့ လှပသော ရှုခင်းကို ရိုက်သည်။ ကျောက်တုံး ကြီးတွေပေါ်တက်ပြီး အဝေးရှုခင်းကိုလည်း ရိုက်သည်။

ကျောက်တုံးကြီးများကြား စီးဆင်းနေသော ရေကြည် တွေကို မြင်တွေ့ရပြီး အိမ်စည်က ကိုင်လိုက်သည်။ ကြည်လင် အေးစက်နေသောရေနှင့် ထိတွေ့ပြီး သူ့စိတ်ပါ ကြည်လင်ရ သည်။

"ဒီနားက ရှုခင်းလေး ရိုက်ပေးပါ"





ကျော်ရှင်းက ခေါ်လိုက်၍ အမြန်ထပြီး ကျောက်တုံးပေါ် ကနေ ခပ်သွက်သွက် ကျော်ရှင်းထံသို့ လျှောက်သွားသည်။ ကစ်ချက်ခြေချော်ပြီး အိမ်စည်က လဲသွားသည်။

"အား ..."

ကင်မရာကို မထိအောင် ကာကွယ်လိုက်သဖြင့် သူ့ကိုယ် က ကျောက်တုံးနဲ့ထိပြီး နာကျင်သွားသလို ရေလည်း စိုသွား သည်။

"ဟာ ..."

ကျော်ရှင်း သူ့အနားသို့ စိုးရိမ်တကြီး ရောက်လာသည်။ ထနိုင်သော အိမ်စည်ကို ဆွဲထူလိုက်သည်။

"အိမ်စည် တော်တော်နာသွားလား"

"ခြေထောက် နာသွားတယ်"

အိမ်စည်ပြသော ခြေမျက်စိနေရာကို ကြည့်လိုက်ပြီး ကျော်ရှင်း လန့်သွားသည်။

"ဟာ ... ခြေမျက်စိက ရောင်လာပြီ"

"ဟုတ်တယ်၊ အဲ့ဒီနေရာက သိပ်နာတယ်"

"ဆောရီးကွာ၊ ကိုယ် အလျင်စလို ခေါ်လိုက်တာနဲ့ အိမ်စည် အနာတရ ဖြစ်သွားတယ်"

"ကျွန်မရဲ့ ပေါ့ဆမှုပါ"



www.burmeseclassic.com

www.burmeseclassic.com



“ကဲ … ဒါဆို ဒီနေ့ တော်ပြီ ပြန်ကြရအောင်”

ကျော်ရှင်းက ပြန်ရန်ပြောသဖြင့် အိမ်စည်က ခြေထောက်ကို လှမ်းကြည့်သည်။

“အား …”

“ဘာဖြစ်လို့လဲ”

“အရမ်းနာတယ်”

“လျှောက်လို့မရဘူးလား”

“ဟုတ်တယ်”

“ဒုက္ခပါပဲကွာ”

“ကိုတွဲမယ်”

အိမ်စည်ရဲ့ကိုယ်ကို တွဲပြီးခေါ်သော်လည်း ခြေထောက်တစ်ဖက်က လုံးဝ မထောက်နိုင်သည့်အတွက် အိမ်စည် အလွန် စိတ်ညစ်သွားသည်။

“ခြေထောက်က မထောက်နိုင်ဘူး မဟုတ်လား”

“ဟုတ်တယ်”

“ကဲကွာ … ကြာပါတယ်”

ပြောပြောဆိုဆို ကျော်ရှင်းက အိမ်စည်ရဲ့ ကိုယ်လေးကို ခွေ့ခနဲ ပွေ့ချီလိုက်သည်။ အိမ်စည့်ရင်လေး တဖျတ်ဖျတ် ခု သွားသည်။ ကားရပ်ထားသည့်နောက်အထိ ချီသွားပြီး က





ဟု ထိုင်စေလိုက်သည်။

“ဆေးခန်းတစ်ခုခုကို သွားမှဖြစ်မယ်”

အိမ်စည်က ရှက်သည့်စိတ်၊ ရင်ခုန်သည့်စိတ်နှင့် တူပူ၍ ကျော်ရှင်းရဲ့ မျက်နှာကိုပင် စေ့စေ့မကြည့်ဝံ့ပါ။

ကျော်ရှင်းက ကားမောင်းသမားကို ဆေးခန်းတစ်ခန်းဆီသို့ ခေါ်သွားခိုင်းသည်။ အိမ်စည်ရဲ့ ခြေထောက်ကို ဆရာဝန်က ကြည့်ရှုစမ်းသပ်သည်။

“ခြေထောက်က အဆစ်မလွဲသွားတာ တော်သေးတယ်။ ဒါပေမဲ့ သုံးရက်လောက်တော့ ခြေထောက်ကို အနားပေးရလိမ့်မယ်။ လိမ်းဆေးနဲ့ သောက်ဆေးပေးလိုက်မယ်”

“ဟုတ်ကဲ့ပါ ခင်ဗျာ”

ဆေးခန်းကနေ ဟိုတယ်ဆီသို့ ပြန်ခဲ့ကြသည်။ အိမ်စည်က အလွန်အားနာစွာနှင့် ကျော်ရှင်းကို ပြောသည်။

“ကျွန်မကြောင့် ကိုကျော်ရှင်း အလုပ်နှောင့်နှေးပြီး စရိတ်က ပိုကုန်တာ စိတ်မကောင်းပါဘူး”

“တမင်လုပ်တာမှ မဟုတ်ဘဲ၊ မရည်ရွယ်ဘဲ ဖြစ်သွားတာ ဘယ်တတ်နိုင်မလဲ”

“ကိုကျော်ရှင်း အလုပ်သုံးရက်ကြီးတောင် နားရမှာ အားနာလိုက်တာ”



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ဘယ်လိုမှ လုပ်လို့မရတာကို စိတ်မညစ်နေ့ သုံးရက်ပြီးရင် လမ်းလျှောက်နိုင်ရင် ဆက်လုပ်လို့ရတာပဲ။ ဒီ ရက်လောက်နားလိုက်ရုံနဲ့ ကမ္ဘာကြီး မပျက်သွားပါဘူး"

"အဲ့ဒီလို နားလည်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"

"ကိုယ့်က ပိုက်ဆံမျက်နှာပဲ ကြည့်တတ်တာ မဟုတ်ဘူး။ စာနာတဲ့စိတ်လည်း ရှိပါသေးတယ် အိမ်စည်"

ကျော်ရှင်းထံမှ နူးညံ့သိမ်မွေ့သောစကားကို ကြားလိုက်ရပြီး အိမ်စည် ကျေနပ်နေပါသည်။

"ကိုယ် ဘာလုပ်ပေးရဦးမလဲ"

"ရပါပြီ ကျေးဇူးတင်ပါတယ်"

"ဒါဆို အိပ်လိုက်တော့နော်၊ ကိုယ် အပြင်သွားဦးမယ်"

"ဟုတ်ကဲ့"

ကျော်ရှင်း ထွက်သွားပြီး ကျော်ရှင်းရဲ့ ကြင်နာယုယမှုကို ပြန်လည်ခံစားမိရင်း ရင်ခုန်ရပြန်သည်။

"သူ့ကို ငါ နှစ်နှစ်ကာကာ ချစ်မိပြီပဲ"

* * *



## အခန်း (၁၃)

နောက်တစ်နေ့နံနက် အိမ်စည် စောစောနိုးပြီး မျက်နှာသစ် ပြင်ဆင်ပြီး အဝတ်အစားလဲထားသည်။ ကျော်ရှင်းကလည်း စောစောနိုးပြီး ပြင်ဆင်အဝတ်အစားလဲကာ သူ့အခန်းက ထွက်ပြီး ဘေးချင်းကပ်အခန်းတံခါးကို ခေါက်လိုက်သည်။

အိမ်စည်က တံခါးထဖွင့်ပေးသည်။ လန်းဆန်းမှု သိပ်မရှိသော အိမ်စည်ရဲ့ မျက်နှာလေးကိုကြည့်လိုက်ပြီး စိတ်မကောင်းပါ။

"အိမ်စည် နေကောင်းရဲ့လား"

"ကောင်းပါတယ်"

"ခြေထောက်က နာနေသေးလား"

"ဟုတ်ကဲ့"

"ဒါဆို အပြင်မထွက်နဲ့လေ ဘရိတ်ဖတ်(စ)ကို အခန်းထဲပို့ပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်"

"ခြေထောက်ကို အနားပေးရမှာလေ"

"ဒီလောက်တော့ လျှောက်နိုင်ပါတယ်"

"ဒါဆို ကိုယ်တွဲပေးမယ်"

"နေပါစေ"

"မြန်မြန်သက်သာမှ ဖြစ်မယ်၊ အိမ်စည် မင်း ခေါင်းမာနေလို့ မဖြစ်ဘူးနော်"

"ကျွန်မကြောင့် ရက်တွေ ကြန့်ကြာရင် ပိုက်ဆံကုန်မှာ စိုးလို့လား"

ကျော်ရှင်းရဲ့မျက်နှာက တင်းခနဲ ဖြစ်သွားသည်။

"မင်းဘာပြုလို့ စေတနာကို နားမလည်ရတာလဲ"

သူ့စကား နည်းနည်းလွန်သွားသဖြင့် အိမ်စည်က တောင်းပန်လိုက်သည်။

"ဆောရီးပါ"

"ကိုယ်တွဲမှာကို မင်း သိပ်ကြောက်နေလို့လား"

အိမ်စည် မလုံမလဲ ဖြစ်သွားပြီး ခပ်လောလော ပြန်ဖြေလိုက်သည်။

"အို ... ဘာလို့ ကြောက်ရမှာလဲ"

"ဒါဆို လာ ကိုယ်တွဲမယ်၊ ဒါမှမဟုတ် မနေ့ကလို ပွေ့





ချီရမှာလား"

"အို ... နေပါစေ၊ လျှောက်နိုင်ပါတယ်"

အိမ်စည်ရဲ့ မျက်နှာလေး ရက်သွေးတွေ ဆူတက်ပြီး ရဲသွားသည်ကို တွေ့လိုက်ရပြီး ကျော်ရှင်း ရင်ခုန်သွားသည်။

"ဒါဆို လာ၊ တွဲပေးမယ်"

အိမ်စည်ရဲ့ လက်မောင်းလေးကို ကျော်ရှင်းက ကိုင်လိုက်သည်။ ထမင်းစားခန်းဆီသို့ တွဲခေါ်သွားသည်။ ခြေထောက်နာနေသဖြင့် အိမ်စည်က ခက်ခက်ခဲခဲ လျှောက်ရ၍ ချွေးလေးတွေပင် စို့လာသည်။ ကုလားထိုင်မှာ ထိုင်မိလိုက်စဉ် ချွေးပျံနေသော မျက်နှာလေးကို တွေ့လိုက်ရ၍ ကျော်ရှင်းက စိတ်မကောင်းပါ။

"မဖြစ်ဘူး၊ တစ်ရက်နှစ်ရက် အခန်းထဲက အိမ်စည် လုံးဝ ထွက်လို့မဖြစ်ဘူး၊ အခန်းထဲမှာပဲ စားရမယ်"

"ကျွန်မအတွက် အလုပ်ပိုနေပါ့မယ်"

"သူများပေါ်မှာ မမှီခိုချင်တဲ့မင်း မြန်မြန်သက်သာမှ ဖြစ်မှာပေါ့"

"ကောင်းပါပြီ၊ ကျွန်မ အခန်းထဲမှာပဲ စားပါ့မယ်"

စားသောက်ဖွယ်လျာများ ရောက်လာပြီး စားသောက်ကြသည်။ စားသောက်ရင်းနှင့် အိမ်စည်က မေးသည်။

"ဒီနေ့ ကိုကျော်ရှင်း ဘာလုပ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အပြင်ထွက်ပြီး ဘယ်ရိုက်ကွင်းတွေရိုက်ရင် ကောင်းမလဲ လို့ အရင်လျှောက်ကြည့်ထားလိုက်မှာပေါ့"

"ကောင်းပါတယ်"

စားသောက်ပြီး ခဏထိုင် စကားပြောသည်။ အိမ်စည် တစ်ယောက်တည်း ပျင်းနေမှာကိုလည်း ကျော်ရှင်းက စာနာပြီ ခဏထိုင်ပေးလိုက်သည်။

"အိမ်စည် အခန်းထဲပြန်ချင်ပြီလား"

"ဟုတ်ကဲ့၊ ကိုကျော်ရှင်းလည်း သွားစရာရှိသေးတယ် မဟုတ်လား"

"ဒါဆို သွားကြစို့"

အိမ်စည်ရဲ့ ကိုယ်လေးကိုတွဲပြီး အခန်းထဲကို ပို့ပေးသည်။ ခုတင်ပေါ်တွင် အိမ်စည်က ထိုင်လိုက်သည်။

"ခြေထောက် အခြေအနေ ဘယ်လိုနေလဲ"

"သက်သာပါတယ်"

"ပတ်တီးဖြေပြီး ဆေးလိမ်းရမှာလေ၊ လိမ်းပြီးပြီလား"

"လိမ်းလိုက်ပါ့မယ်"

"မလိမ်းရသေးရင် ကိုယ် လိမ်းပေးမယ်"

"အို ... နေပါစေ ငရဲကြီးပါ့မယ်။ ကျွန်မဘာသာ လိမ်းပါ့မယ်"





"မဟုတ်တာ အိမ်စည်ရယ်၊ ကိုယ် လိမ်းပေးမယ်"

ကျော်ရှင်းက ခြေထောက်ကို အတင်းကိုင်နေသည်ကို ငြင်းရှား၍ မရတော့ပါ။ အတင်းပင် ပတ်တီးကို ဖြည်သည်။

"အင်း ... မနေ့ကထက်စာရင် အရောင်လျော့သွားတယ် နော်"

"ဟုတ်ကဲ့"

ကျော်ရှင်းက ခြေထောက်ကို ဆေးလိမ်းပေးနေသဖြင့် ရင်ခုန်တာရော၊ အားနာတာကြောင့်ပါ အိမ်စည်က အလွန်နေရ က်သည်။

"ကန်တော့နော် ကိုကျော်ရှင်း"

"နေမကောင်းလို့ လုပ်ပေးရတာပဲ အိမ်စည်၊ ကိုယ်မှ လုပ်ပေးရင် ဘယ်သူက လုပ်ပေးမှာလဲ"

ကျော်ရှင်းက အကျအန ဆေးလိမ်းပေးပြီး ပတ်တီးစည်း ပေးလိုက်သည်။

"ကိုကျော်ရှင်း လက်ဆေးလိုက်ပါဦး"

"ဆေးမှာပါ"

ရေချိုးခန်းထဲဝင်ပြီး ကျော်ရှင်းက လက်ဆေးလိုက်သည်။ အိမ်စည် ရင်ထဲမှာ လှုပ်ရှားမှုတွေ ပြင်းထန်သဖြင့် ကျော်ရှင်းကို မျက်လုံးချင်း ရင်မဆိုင်ရဲအောင် ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ကိုယ်သွားမယ်။ ထမင်းစားချိန် ပြန်ရောက်မှာ မဟုတ်ဘူး။ အခန်းထဲကိုပို့ပေးဖို့ မှာထားခဲ့မယ်"

"ဟုတ်ကဲ့ ကျေးဇူးပါပဲ"

"ကဲ ... ကိုယ်သွားပြီ"

"ဟုတ်ကဲ့"

မယုံကြည်နိုင်လောက်အောင် ကျော်ရှင်းထံမှ ဂရုစိုက်မှု အလေးထားမှုတွေ ရနေသည့်အတွက် အလွန် အံ့သြနေသည်။ ဆေးသောက်ပြီး ခုတင်ပေါ် လှဲနေလိုက်သည်။ တီဗွီဖွင့်ကြည့်ပြီး အပျင်းဖြေလိုက်သည်။

နံနက်စာ အခန်းထဲအရောက် လာပို့သဖြင့် တစ်ယောက်တည်း အေးအေးဆေးဆေး စားလိုက်သည်။ စားသောက်ပြီး နားနေလိုက်ပြန်သည်။

ညနေ ရေမိုးချိုး အဝတ်အစားလဲပြီး အခန်းထဲမှာပဲနေသည်။ ကျော်ရှင်းက အပြင်က ပြန်ရောက် ရေချိုးအဝတ်အစားလဲပြီး အိမ်စည်ရဲ့ အခန်းတံခါးကို လာခေါက်သည်။ အိမ်စည်က ဖွင့်ပေးလိုက်သည်။

"ခြေထောက် သက်သာရဲ့လား"

"ဟုတ်ကဲ့၊ နားလိုက်တော့ သက်သာနေပါတယ်"

"ဒီနေ့ ဖြူးကောင်းတဲ့နေရာတွေ ကိုယ်ရောက်ခဲ့တယ်။





အိမ်စည် လမ်းကောင်းကောင်းလျှောက်နိုင်မှ သွားရိုက်ကြတာပေါ့"

"ဝေးလား"

"နည်းနည်းဝေးတယ်"

"ကိုကျော်ရှင်းကို အားနာလိုက်တာ ကျွန်မကြောင့် အလုပ်နှောင့်နှေးပြီး ငွေကုန်ကြေးကျများနေပြီ"

"ခြေထောက် မြန်မြန်ကောင်းအောင်သာလုပ်၊ အဲ့ဒါတွေ ခေါင်းထဲမထားနဲ့"

လူမှုရေးအသိစိတ်ဓာတ်တွေနှင့် ပြည့်ဝနေသော ကျော်ရှင်းကို တွေ့ရသည်။ စတွေ့တုန်းက ပုဂံတွင် ဟိုတယ်ကောင်းကောင်းမှာ မတည်းခဲ့၍ ကပ်စေးနဲဟု သူ့ကို သမုတ်ခဲ့သော အခေါ်အဝေါ်ကို ပြောင်းရတော့မလိုပင် ဖြစ်နေသည်။

"ကဲ ... ထမင်းသွားစားကြမယ် လျှောက်နိုင်လား"

"ဟုတ်ကဲ့"

"မလျှောက်နိုင်ရင်ပြော၊ အခန်းထဲ ပို့ပေးမယ်"

"နေပါစေ လျှောက်နိုင်ပါတယ်"

"ကိုယ်တွဲသွားပေးမယ်နော်"

"ရပါပြီ၊ ကျွန်မဘာသာ ဖြည်းဖြည်းလျှောက်ပါ့မယ်လို့ ကျော်ရှင်းသွားနှင့်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"တစ်ယောက်တည်း လဲနေဦးမယ်"

"ရပါတယ်၊ သွားနှင့်ပါ"

ကျော်ရှင်းနှင့် ပူးပူးကပ်ကပ် သိပ်မနေချင်၍ အိမ်စည်က ကျော်ရှင်းကို ပထုတ်လိုက်သည်။ မကြာခဏတွေ့ထိပါများရင် သူ့စိတ်ကို သူမနိုင်ဘဲဖြစ်မှာကိုလည်း ကြောက်လန့်နေသည်။

ကျော်ရှင်း ထွက်သွားပြီး ခဏကြာမှ အခန်းထဲမှ ထွက်လာသည်။ ထမင်းစားခန်းမှာ ကျော်ရှင်း စောင့်နေသည်ကို တွေ့ရသည်။

စားပွဲတွင် ဝင်ထိုင်လိုက်သည်။ စားသောက်ဖွယ်လျာများကို ကျော်ရှင်းကပဲ မှာလိုက်သည်။ စားသောက်ပြီး ခဏစကားပြောကာ အခန်းပြန်လာသည်။ ကျော်ရှင်းက အခန်းဝအထိ လိုက်ပို့ပေးသည်။

"ခြေထောက် ဆေးလိမ်းရဲ့လား"

"ဟုတ်ကဲ့"

"ကိုယ်လိမ်းပေးရမလား"

"ရပါတယ်၊ ကျွန်မဘာသာ လိမ်းနိုင်ပါပြီ"

"ကောင်းပြီလေ"

ကျော်ရှင်းက သူ့ကို စူးစိုက်ပြီး တစ်ချက်ကြည့်ကာ လှည့်ထွက်သွားသည်။ ကျော်ရှင်း သည်လို ဆက်ဆံလိုက်တော့





ဖိစည် ရင်ထဲမှာ ဟာတာတာကြီး ဖြစ်သွားသည်။

"ကောင်းပါတယ်၊ သူ ခပ်ဝေးဝေးနေတာ ငါ့အတွက် လုံခြုံဆုံးပါပဲ"

အခန်းတံခါး ပိတ်ပြီး တီဗွီဖွင့်ကြည့်လိုက်သည်။ အချိန်ကို ဖကုန်ကုန်အောင် ဖြုန်းရတာ ငြီးငွေ့နေသည်။ သာယာသော ပြင်ဘက်က ရှုခင်းတွေကို သွားကြည့်ချင်နေသည်။

"ခြေထောက်ကလည်း အရေးထဲ နာရသေးတယ်"

သူ့ခြေထောက်ကို သူ မကျေမနပ်ဖြစ်ရင်း ညဝတ်အင်္ကျီလဲကာ အိပ်ရာပေါ် လှဲလိုက်သည်။

"အင်း ... တစ်နေ့တခြား ကိုကျော်ရှင်းကို ငါ ချစ်စိတ်တွေ ပိုနေပြီ...

"ကြာလေ ဒုက္ခရောက်လေ ဖြစ်လိမ့်မယ်...

"ဒီခရီးစဉ် မြန်မြန်ပြီးမှ အေးမှာ"

ကျော်ရှင်းနှင့် ဘယ်လိုမှ ရေစက်ဆုံနိုင်မှာ မဟုတ်သည်ကိုသိ၍ ခပ်ဝေးဝေးနေခြင်းကသာ အကောင်းဆုံးဟု ခံယူထားသည်။

အတွေးတွေနှင့် အိပ်မပျော်နိုင်ဘဲ အချိန်ကြာမြင့်စွာ ကြာသွားသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



အိမ်စည်က သုံးရက်နားပြီး ခြေထောက်က အတော်လေး ကောင်းသွားသည်။

"ဘယ်လိုလဲ အိမ်စည် ဓာတ်ပုံရိုက်နိုင်ပြီလား"

"ဟုတ်ကဲ့"

"ဒါဆို လုပ်ငန်းစကြစို့"

"ဟုတ်ကဲ့"

ကျော်ရှင်းနှင့်အတူ သူလိုချင်သော ဓာတ်ပုံတွေကို လိုက်ရိုက်ပေးသည်။ တစ်ဦးကိုတစ်ဦး ချစ်သက်ဝင်ပြီး ရင်ခုန်နေကြသော်လည်း နှစ်ယောက်စလုံး ထိန်းနေကြသည်။

ကျော်ရှင်းက အိမ်စည်ကို အလွန်မေတ္တာသက်ဝင်နေသည်။ အိမ်စည့်အနားကပ်လျှင် သူ့စိတ်ကို သူ မနိုင်မှာစိုး၍ လူချင်းမထိအောင် ခပ်ဝေးဝေးမှာနေသည်။

"ဩော် ... ကိုကျော်ရှင်းက သူ့ပင်ကိုပုံစံအတိုင်း ဖြစ်သွားပြီကိုး"

ကျော်ရှင်းထံမှ နွေးထွေးသော ဆက်ဆံမှုတွေ မရှိတော့သည့်အတွက် အိမ်စည် ရင်ထဲမှာ ဟာတာတာကြီးနှင့် ဝမ်းနည်းနေသည်။

"ငါ သဘောပေါက်သင့်တယ်၊ ငါ့ကို ဂရုစိုက်နေတာ စေတနာ့ရှိလို့ မဟုတ်ဘူး၊ သူ့အလုပ်အတွက်ပဲ...





"ငါ့ခြေထောက် မြန်မြန်ကောင်းမှ သူခိုင်းလို့ရမှာကိုး...

"နောက်ဆုံးတော့ ဖြူရှိခရက် စိတ်ဓာတ်ပါပဲ...

"တန်အောင်ခိုင်းချင်တဲ့ သဘောပေါ့"

အိမ်စည်က ရင်ထဲကနေ ခပ်မဲ့မဲ့လေး ဝေဖန်လိုက်သည်။

နှစ်ရက်သုံးရက် ခရီးဆန့်ပြီး ကျော်ရှင်းက လိုချင်သော ...တွကို ရလိုက်သည်။

"ကဲ ... ကိုယ်တို့ ထွက်လာတာလည်းကြာပြီ၊ လိုချင်တာ ...ည်း ပြည့်စုံနေပြီဆိုတော့ ပြန်ကြရအောင်"

"ကိုကျော်ရှင်း ပြန်မယ်ဆို ကျွန်မလည်း အသင့်ပါပဲ"

"ကောင်းပြီလေ၊ မနက်ဖြန် ပြန်ကြတာပေါ့"

ကြာကြာနေလျှင် သူ့စိတ်ကို သူမနိုင်မှာစိုး၍ ကျော်ရှင်း ...ပြန်ရန်ဆုံးဖြတ်လိုက်သည်။ ပြန်ရန်အတွက် အိမ်စည်ကလည်း ...က်ချင်း ပြင်ဆင်သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

မြစ်ကြီးနားကနေ လေယာဉ်ဖြင့် ရန်ကုန်ကို ပြန်ခဲ့ကြသည်။ လေယာဉ်ပေါ်မှာ ဘေးချင်းထိုင်နေသော်လည်း အိမ်စည်က လ... မောင်းချင်းမထိအောင် သတိထားနေသည်။

"ဖလင်တွေကို အိမ်စည်က အိမ်မှာပဲကူးပေးမှာလား"

"ဟုတ်ပါတယ်"

"ဒါဆို သန်ဘက်ခါ အိမ်စည်ရဲ့အိမ်ကို လာခဲ့မယ်"

"အဲဒီအချိန်မှာ မပြီးနိုင်သေးဘူး"

"ရပါတယ်၊ ပြီးသလောက်ကို လာယူမှာပေါ့"

လေဆိပ်ကနေ ပစ္စည်းတွေနှင့် ထွက်လာကြသည်။

"ကိုယ် တက္ကစီငှားလိုက်မယ်၊ အရင်အိမ်စည်ကို ပို့... ကိုယ် ပြန်မယ်"





"ရပါတယ်၊ ကျွန်မဘာသာ ပြန်ပါ့မယ်"

"မဟုတ်တာ ကိုယ် လိုက်ပို့ပေးပါ့မယ်"

ကျော်ရှင်းက သွက်သွက်လက်လက် ကားငှားသည်။ ပစ္စည်းတွေ ...ကားပေါ်တင်ပြီး တက္ကစီက ထွက်လာသည်။

အိမ်စည်ရဲ့ လိပ်စာကို အလျင်မေးလိုက်ပြီး ပို့ခိုင်းသည်။ ...မ်ရှေ့ရောက်တော့ ကျော်ရှင်းက တက္ကစီသမားကို ပြောသည်။

"ခဏစောင့်ပါနော်"

"ဘာဖြစ်လို့လဲ ကိုကျော်ရှင်း"

"အိမ်စည်ရဲ့ ပစ္စည်းတွေ လိုက်ပို့ပေးမလို့"

"ရပါတယ်ရှင် နေပါစေ"

"ခြေထောက်က သိပ်ကောင်းသေးတာ မဟုတ်ဘူးလေ"

"ကျော်ရှင်းက ပြောပြီး အိမ်စည်ရဲ့ စကားပြန်ကို မစောင့် ...ဲ လှေကားပေါ် တက်သွားသည်။ အိမ်စည်ရဲ့ အခန်းဝမှာ ...ျည်းတွေကို ထားပေးပြီး ပြန်ဆင်းလာသည်။

"ကိုယ် သွားမယ်"

"ဟုတ်ကဲ့"

သူကလည်း ခပ်ပြတ်ပြတ်ပြောသလို အိမ်စည်ကလည်း ...ပြတ်ပြတ် လေသံနှင့် ပြောလိုက်သည်။ သူ့တိုက်ခန်းဆီသို့ ...က်လာပြီး ဘေးခန်းကို တံခါးခေါက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်တင်က ချောင်းကြည့်ပေါက်ကနေ ကြည့်ပြီး အိမ် မှန်းသိ၍ တံခါးဖွင့်ပြီး နှုတ်ဆက်သည်။

"ဪ ... သမီး ပြန်လာပြီလား"

"ဟုတ်ကဲ့၊ ဒေါ်ဒေါ်ကို ရောက်ကြောင်း နှုတ်ဆက်တာ"

"အေးကွယ် အိမ်စည် မရှိတုန်း ညခန်းဆိုဖာ ဒေါ်ဒေါ် သန့်ရှင်းရေး လုပ်ခိုင်းထားတယ်"

"ကျေးဇူးတင်ပါတယ် ဒေါ်ဒေါ်"

"ရော့ ... ဒီမှာ အခန်းသော့၊ လိုတာရှိရင် ကောင်မလေး ခေါ်ခိုင်းနော်"

"ဟုတ်ကဲ့၊ လက်ဆောင်ပါလာတယ်၊ နောက်တော့ မယ်နော်"

"မလိုပါဘူးကွယ်"

အိမ်စည်က သော့ကိုယူပြီး အခန်းတံခါးကို ဖွင့် သည်။ ပစ္စည်းများကို အခန်းတွင်းသို့ ထည့်လိုက်ပြီး တံ ပြန်ပိတ်လိုက်သည်။

ဒေါ်တင်ရဲ့ ကျေးဇူးကြောင့် ညခန်းက သန့်ရှင်းနေ မီးဖိုဆောင်ထဲ ဝင်လိုက်တော့လည်း သန့်နေသည်။

"ဒေါ်ဒေါ်က တကယ်အားကိုးရတဲ့ အိမ်နီးချ သူ့အခန်းတံခါးကို ဖွင့်ပြီး အဝတ်အစားသေတ္တ





ထည့်လိုက်သည်။ အိပ်ခန်းသော့ကို ယူထား၍ အိပ်ခန်း သူထား ခဲ့သည့်အတိုင်းပါ။

အမောမပြေနိုင်သေးဘဲ အိပ်ခန်းကို လှည်းကျင်းပြီး အိပ်ရာ ဖုံး၊ ခေါင်းဦးစွပ်တွေကို လဲလိုက်သည်။

သန့်ရှင်းရေး အကုန်လုပ်ပြီး မီးဖိုဆောင်ထဲ ဝင်လိုက်သည်။ မနက်စာရော၊ ညစာအတွက်ပါ ပေါင်းအိုးနှင့် ထမင်းသည်ပြီး အလွယ်တကူရှိသော အသားဘူးကို ဖောက်ချက်လိုက်သည်။

သည်နေ့ အပြင်ကို လုံးဝ ထွက်လိုစိတ်မရှိပါ။ မနက်ဖြန် မှ ဈေးဝယ်ပြီး ချက်ရန် စိတ်ကူးလိုက်သည်။ ရေချိုး အဝတ်အစား လဲပြီး ထမင်းစားမည်ပြုစဉ် တံခါးခေါက်၍ ဒေါ်တင်ကို ဖွင့် ပေးလိုက်သည်။

"သမီး စားစရာမရှိဘူးဆိုလို့ ဟင်းလာပို့တာ"

"ရပါတယ် ဒေါ်ဒေါ်ရယ်"

"ဒီနေ့ ပြီးစလွယ်ပဲ ချက်စားတယ်ပေါ့"

စားပွဲပေါ်က ဟင်းလျာကိုတွေ့ပြီး ဒေါ်တင်က ပြောသည်။

"ဟုတ်ပါတယ်၊ မနက်မှ ချက်စားမလို့"

"ကောင်းမလေး ဈေးသွားရင် မှာလိုက်လေ"

"ဟုတ်ကဲ့၊ ဒေါ်ဒေါ် ထိုင်ပါဦး"

အိမ်စည်က ဝယ်ခြမ်းလာသော စားစရာနှင့် လက်ဆောင် ကို ဒေါ်တင်အား ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"အလကား ဒုက္ခရှာလို့ကွယ်"

"ဒေါ်ဒေါ်က ကျွန်မကို ဒီလောက်တောင် စောင့်ရှော ပေးတာထက်စရာ ဒီပစ္စည်းက နည်းနည်းလေးပါ"

"ကဲ ... ဟင်းတွေ အေးကုန်မယ် စားလိုက်ဦး"

ဒေါ်တင်ပြန်သွားပြီး တံခါးပိတ်၍ ထမင်းစားလိုက်သည်။ စားသောက်ပြီး ပန်းကန်တွေဆေးပြီး ဖလင်လိပ်တွေနှင့်အ အမှောင်ခန်းထဲဝင်ပြီး ဖလင်တွေကို ဆေးလိုက်သည်။

"ဒီနေ့ ဆေးရုံပဲ ဆေးထားမလား၊ မနက်ဖြန်မှ စ မယ်"

တစ်နေ့လုံး အမှောင်ခန်းမှာ အချိန်ကုန်ပြီး ညနေတ ပြီး ရေမိုးချိုး ထမင်းစားပြီး နားလိုက်သည်။

ကျော်ရှင်း အိမ်ပြန်ရောက်တော့ ညီမတွေက လက်ဆေ တွေရပြီး ဆူညံနေသည်။

"ကိုလေး ဓာတ်ပုံတွေ အများကြီး ရိုက်ခဲ့လား"

"အင်း ..."

"ဓာတ်ပုံဆရာကို ခေါ်ခဲ့ဦးလေ၊ မေတွေးတို့ ရိုက် တယ်"

"နေပါဦး၊ ပါလာတဲ့ပုံတွေ ကူးမှာ တစ်ပတ်နှစ်ပတ်လော ကြာဦးမှာ"





"အဲ့ဒါပြီးရင် ခေါ်ခဲ့နော်"

"အေးပါ"

"သမီးတို့ကလည်းကွယ်၊ သားလေးကို ခရီးရောက်မဆိုက် ပူဆာနေတော့တာပဲ"

"မေမေကလည်းလေ ထွေးတို့ ဒါလေးပြောတာနဲ့ ကိုလေး က ပိုပြီး မပင်ပန်းသွားပါဘူး။ မေမေ့ သားလေးကိုဆိုရင် သိပ် ပိုတာပဲ"

"ဟဲ့ ... သမီးတို့ရဲ့ အဲ့လို မပြောနဲ့လေ၊ မိဘဆိုတာ သား သမီးအားလုံးကို အတူတူပါပဲ"

"ဟုတ်သားပဲ၊ နင်တို့က မေမေကို အလကားအပြစ်မြင် တယ်"

"ကဲ ... သားလေး၊ နားပြီး ရေမိုးချိုးပြီးရင် ထမင်းစားကြ မယ်"

"ဟုတ်ကဲ့ မေမေ"

ကျော်ရှင်းက သူ့အခန်းကို ပြန်ခဲ့သည်။ ခဏနားပြီး ရေချိုး အဝတ်အစားလဲကာ ထမင်းစားခန်းကို ထွက်ခဲ့သည်။

ဒေါ်မူမူက ထမင်းပွဲကို အကျအနပြင်ထားသည်။ သူ ထမင်းစားခန်းရောက်သည်နှင့် ဒေါ်မူမူက သမီးနှစ်ယောက်ကို လှမ်းခေါ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီးတို့ရေ ထမင်းစားကြရအောင်"

"လာပါပြီ မေမေ"

ထမင်းစားပွဲပေါ်က ဟင်းတွေကို ကြည့်ပြီး ကျော်ရှင်း ကျေနပ်စွာ ပြောလိုက်သည်။

"ဟင်းတွေက စုံလှချည်လား"

"သားလေး ပြန်လာမယ်ဆိုလို့ ဟင်းအမယ် တိုးလိုက်တ လေ"

"တွေ့လား ကိုလေးကို မေမေက ဘယ်လောက် ဂရုစို လဲ"

"မနာလိုမရှိနဲ့ ဆင်ဖြူတော်မှိုပြီး ကြံစုပ်ကြ"

"ကြည့်ပါလား၊ ကိုလေးက သူ့ကိုယ်သူ ဆင်ဖြူတော် ရယ်ရတယ်နော် မေလေး"

"အေး ... ဟုတ်တယ်"

"မေမေ့ဟင်းတွေက စားလို့ကောင်းလိုက်တာ၊ အပြင် ရတွေချည်းပဲ စားရတာ ငြီးငွေ့တယ်။ အိမ်ကိုရော အိမ်ထပ ဟင်းကိုပါ လွမ်းနေတာ"

"ကိုလေးရေ သိပ်အလွမ်းသယ်မနေနဲ့ စားဦး၊ တော် လေတွေနဲ့ ဗိုက်ပြည့်နေဦးမယ်"

"ဟုတ်ပါပြီ ခင်ဗျာ၊ နင်တို့အတွက် မကျန်အောင် စားပစ်လိုက်မယ်"





"ယဉ်ကျေးမှု နားလည်လေ၊ အဲ့လိုကြီးတော့ မလုပ်နဲ့"

မောင်နှမတွေ ရယ်မောနောက်ပြောင် ကျီစယ်နေသည်ကို ဒေါ်မှူမှူက တပြုံးပြုံးနှင့် ကြည့်နေသည်။

"ကျွန်တော် ရက်ကြာသွားလို့ ကိုကြီး ဘာပြောသေးလဲ မေမေ"

"ကိုကြီးက ဘွတ်အုပ်ကြီးအတိုင်းပဲလေ၊ အလုပ်မလေးစား ဘူး ဘာညာပြောတာပေါ့"

မေထွေးက ဝင်ပြောလိုက်သည်။ ဒေါ်မှူမှူက သားကြီးဘက် က လိုက်ပြောပြန်သည်။

"ကုမ္ပဏီမှာ အလုပ်တွေက များနေတာကိုး သားလေးရဲ့"

"ကျွန်တော်ကလည်း ရက်အတိအကျ ပြန်လာမလို့ပါ။ ဟိုမှာ ဓာတ်ပုံဆရာက ခြေထောက်ခေါက်သွားလို့ သုံးလေးရက် နားလိုက်ရတယ်"

"ဟုတ်လား၊ တော်သေးတာပေါ့ သုံးလေးရက်ပဲ နားလိုက် ရလို့"

အိမ်စည်အား ကျော်ရှင်းက ပြေးသတိရလိုက်ပြန်သည်။ နုထွေးလှပသော အိမ်စည်ရဲ့ အလှတွေကို ပြန်မြင်ယောင်ပြီး လွမ်းသလိုလို ဖြစ်သွားသည်။

"ကျော်ရှင်း မင်းကတော့ လွန်ပြီ၊ အိမ်စည်နဲ့ မတွေ့တာ



www.burmeseclassic.com

www.burmeseclassic.com



နာရီပိုင်းပဲ ရှိပါသေးတယ်ကွာ"

သူ့ကိုယ်သူ ပြောရင်း အဖြစ်သည်းမိသည်ကို ပြုံးမိသည်။

"ကိုလေး ဘာတွေ သဘောကျနေတာလဲ"

"ဘာမှမဟုတ်ပါဘူး မေထွေးရာ"

"ခရီးသွားရင်း ရည်းစားရခဲ့လား"

"ဟာ ... ပေါက်ပေါက်ရှာရှာ"

ဟန်မပျက် မြန်မြန်လေး ငြင်းလိုက်ရသည်။ အိမ်စည်ကို ချစ်မိသွားသည်ဆိုတာ သူ့ကိုယ်သူ အသိဆုံးပါ။

"ကိုကြီးတောင် မကြာခင် လက်ထပ်တော့မယ်၊ ကိုလေး က ရည်းစားမရသေးဘူးလား"

"ဒီကောင်မလေးတွေ အစ်ကိုကို ဘာတွေလျှောက်မေးနေ တာလဲ"

ဒေါ်မူမူက ဝင်ပြောလိုက်သည်။ မေထွေးက မလျှော့ဘဲ ဆက်ပြောပြန်သည်။

"ကိုလေးရှာလို့ မတွေ့ရင် ထွေးက ရှာပေးမလို့ သူငယ် ချင်းထဲမှာ အမိုက်စားလေးတွေ ရှိတယ်"

"လုတာထက် စာရိတ္တကောင်းဖို့က အရေးကြီးတယ် သမီးရဲ့၊ ခုခေတ် မိန်းကလေးတွေက ခပ်ကဲကဲရယ်"

"အဲ့ဒီထဲမှာ ထွေးတို့ မပါပါဘူး"





အိမ်စည်အပေါ် စိတ်ကူးယဉ်မိသည့်စိတ်က ရုတ်တရက် ပွင့်ခနဲ ဖြစ်သွားသည်။ အိမ်စည်ရဲ့ အနေအထိုင်ကို တစ်ချိုတည်း နှင့် ကျော်လင်းက ရွှတ်ချအပြစ်တင်လိုက်သည် မဟုတ်ပါလား။

"နင်တို့ ရှာပေးစရာ မလိုပါဘူး၊ ငါ့ဘာသာ ရှာနိုင်တဲ့ ရည်အချင်း ရှိပါတယ်"

"ကိုလေးက ကိုယ့်ကိုယ်ကိုလည်း ရှိုင်းဦးလေ၊ ဒီလို ဖြစ် လို မနေပါနဲ့"

"ဖြစ်သလိုနေတာ မဟုတ်ဘူး၊ ငါက သန့်သန့်ရှင်းရှင်းနေ တာပဲ"

"အဝတ်အစားက စမတ်မကျဘူး၊ ကိုကြီးလို နေပါလား။ ဒီလိုနေတော့ မိန်းကလေးတွေက ဘယ်ကြိုက်မလဲ"

"မကြိုက်လည်းနေပေါ့ဟာ အပြင်ပန်းကိုကြည့်ပြီး ရွေး ချယ်ရင် သူတို့ ခံရမှာပေါ့"

"ကြည့် အပြောက တစ်ပြားမှ မလျှော့ဘူး"

မောင်နှမတွေ ကျီစယ်နောက်ပြောင်နေသည်မှာ ပျော်စရာ ကောင်းလှပါသည်။ မောင်နှမတွေ ချစ်ချစ်ခင်ခင်နေသည်ကို ကြည့်ပြီး ဒေါ်မူမူက ကြည်နူးနေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

နောက်တစ်နေ့မှာ အိမ်စည်က ခတ်ပုံဖလင်တွေကို ဆေးသည်။ တစ်နေ့လုံး အခန်းအောင်းနေလိုက်သည်။ ဟင်းလည်းချက်မနေဘဲ မနက်တည်းက ညစာမနက်စာကို ဝယ်စားလိုက်သည်။

ညနေစောင်းမှာ တစ်ချိန်ချိန်ရောက်လာမည်ဟု မျှော်လင့်ထားသော ကျော်ရှင်းက ရောက်လာသည်။ ချောင်ကြည့်ပေါက်က ကြည့်ပြီး ကျော်ရှင်းမှန်းသိ၍ အိမ်စည်က တံခါးဖွင့်ပေးလိုက်သည်။

"ခတ်ပုံတွေ ကူးနေပြီလား"

"ဖလင်တွေ ဆေးနေတုန်းပါ"

"ဟုတ်လား၊ တစ်ပုံမှ မကူးရသေးဘူးလား"





"မကူးရသေးဘူး၊ အားလုံး ဆေးပြီးမှပဲ ကူးတော့မယ်"

ကျော်ရှင်းကို မထိုင်ခိုင်းသေးဘဲ စကားပြောမိကြသည်။

"ကိုယ် ထိုင်မယ်နော်"

"ဆောရီး နည့်ခံဖို့ မေ့သွားတယ်"

ကျော်ရှင်းအား ဆက်တီမှာ ထိုင်စေလိုက်သည်။

"ဆေးလိုက်တော့ ဖလင်တွေ ကောင်းလား အပျက်အစီးရှိသေးလား"

"မရှိပါဘူး။ ကိုကျော်ရှင်းက ခတ်ပုံတွေ အရင်လိုနေလား"

"မလိုပါဘူး၊ ကောင်းမကောင်း သိချင်တဲ့ဆန္ဒ စောနေလို့ပါ"

"ဆေးပြီးသလောက် အကုန်ကောင်းနေပါတယ်"

"ဒါဆို စိတ်အေးပြီ၊ အခု အိမ်စည် တစ်ယောက်တည်းလား"

"ဟုတ်ပါတယ်"

"ထမင်းစားပြီးပြီလား"

"မစားသေးပါဘူး"

"အပြင်ထွက်စားရအောင်လား"

"နေပါစေ အိမ်မှာပဲ စားမယ်"

"ဘာဟင်းတွေ ချက်ထားလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်းတစ်မယ်ပဲ ဝယ်ထားတာပါ"

"ဒါဆို ကိုယ်စားလို့ မရဘူးပေါ့"

"ပွင့်ပွင့်လင်းလင်းပြောရရင် တစ်ယောက်စာပဲ ရှိပါတယ်"

"ဒါဆို ကိုယ်စားရင် အိမ့်စည့်အတွက် မရှိတော့ဘူးပေါ့"

"ဟုတ်ပါတယ်"

"အလိုက်မသိဘဲ စားလို့မဖြစ်ဘူးပေါ့"

ကျော်ရှင်းက ဘာလို့ စကားမရှိ စကားရှာနေသည်ကို အိမ်စည် နားမလည်ပါ။

"အိမ်စည်နဲ့ စကားပြောရင်း ထမင်းစားချင်တယ် ခဏ စောင့်နော်၊ ကိုယ် သွားဝယ်ပြီး လာခဲ့မယ်"

"ဒုက္ခမရှာပါနဲ့၊ ကျွန်မအတွက် အဆင်ပြေပြီးသားပါ"

"ကိုယ့်ကို အတူမစားစေချင်လို့လား"

"အဲ့ဒီသဘော မဟုတ်ပါဘူး"

"ဒါဆို ဒီနေ့ နေပစေ၊ မနက်ဖြန်မနက် ကိုယ် လာခဲ့မယ်၊ ထမင်းစားချိန်အမီပေါ့"

"ကုမ္ပဏီအလုပ်ရှိတယ် မဟုတ်လား၊ အားလို့လား"

"ဒီလိုပဲ ကြံဖန်ရမှာပေါ့"

ကျော်ရှင်းက ခဏစကားပြောပြီး ပြန်သွားသည်။ ကျော်ရှ ပြန်သွားတော့ အိမ်စည်ရဲ့ ရင်ထဲမှာ ဟာပြီးကျန်ရစ်ခဲ့သည်။

ကျော်ရှင်းကလည်း သူ့ကိုယ်သူ အံ့သြနေသည်။ အိမ်စ





နှင့်တွေ့လျှင် သူ့စိတ်ကို ထိန်းထားသည့်ကြားက အိမ်စည့်အပေါ် ချစ်စိတ်နှင့် သာယာမိသည်။

အိမ်စည့် အနားမှာနေပြီး အဓိပ္ပာယ်ရှိသည့်စကားရော၊ အဓိပ္ပာယ်မရှိသည့် စကားတွေကို ပြောနေချင်သည်။

အိမ်စည်ရဲ့ မျက်နှာလေးကို တစိမ့်စိမ့် ကြည့်ပြီး နေချင်သည်။

သူ့မျက်စိထဲမှာ အိမ်စည်ရဲ့ လှပ်ရှားမှုမှန်သမျှသည် အလွန် ကြည့်ကောင်းနေသည်။

"အိမ်စည်ရယ် မင်းကို ကိုယ် သိပ်ချစ်နေပြီ၊ ဒါပေမဲ့ အဲ့ဒီအချစ်ကို ထုတ်ပြောရမှာ ကိုယ် ဝန်လေးနေသေးတယ်"

သည်အလုပ်ကိစ္စတွေ ပြီးသွားလျှင် အိမ်စည်နှင့် မမြင် မတွေ့ရလျှင် သူ့စိတ်တွေ တည်ငြိမ်သွားမည်ဟု မျှော်လင့်ထားသည်။

"အိမ်စည်နဲ့ မတွေ့မမြင်ရရင် ငါ့စိတ်တွေ ပြောင်းသွားမယ် ထင်ပါတယ်"

ဒါကြောင့် သူ့ရဲ့ ခံစားချက်ကို အိမ်စည်အား ဖွင့်ပြောရန် စောသေးသည်ဟု ထင်သည်။ အိမ်စည်ကလည်း သူ့ကို လိုအပ်သည်ထက် အရေးပေး ဂရုစိုက်နေသော ကျော်ရှင်းရဲ့ စိတ်ဓာတ်ကို နားမလည်ပါ။

"သူ့ကြည့်ရတာ ငါ့ကို စိတ်ဝင်စားသလို ရှိလိုက်၊ မရှိ



www.burmeseclassic.com

www.burmeseclassic.com



လိုက်နဲ့ ဘယ်လို နားလည်ရမှန်း မသိဘူး ...

တစ်ခါတလေ လူကို အရောဝင်လိုက်၊ တစ်ခါတလေ တော့လည်း ခပ်တည်တည်ကြီးနဲ့ ...

ဘာကြီးမှန်းကို မသိဘူး”

ကျော်ရှင်းပြန်သွားပြီး ထမင်းစားကာ အလုပ်ကို ဆ လုပ်လိုက်သည်။ ကျော်ရှင်း ကြိုပေးထားသော ငွေနှင့် လို သည့် ခာတ်ပုံစက္ကူတွေကို မနက်ဖြန်မနက် သွားဝယ်ရန် စိ ကူးလိုက်သည်။

ထိုနေ့ည မြတ်ထွေးက ခရီးစဉ်က ပြန်ရောက်ပြီး သူ့ သို့ ဖုန်းဆက်သည်။

“အိမ်စည်ရေ ငါ ပြန်ရောက်ပြီ”

“ဟုတ်လား၊ ဧည့်သည်တွေ ဘယ်နေ့ ပြန်မှာလဲ”

“မနက်ဖြန်ပြန်မှာ၊ ဒါကြောင့် သန်ဘက်ခါမှ နင့် လာနိုင်မယ်”

“ရပါတယ်၊ ငါလည်း ဒီမှာ အလုပ်တွေရှိနေတယ်”

“ဘယ်လိုလဲ နင့်ခရီးစဉ်က အဆင်ပြေလား”

“ပြေပါတယ်”

“ဟို ... ပုဂ္ဂိုလ်က နင့်ကို အထင်သေးပြီး စမ်းသေးလား”

“ဟင့်အင်း သေသေချာချာ ပေါင်းကြည့်တော့လည် သဘောကောင်းပါတယ်”





“ဓာတ်လမ်းလေး ဘာလေး ဖြစ်မလာဘူးလား”

“နင်ကလည်း အလုပ်သွားလုပ်တာ ဘာဓာတ်လမ်း ဖြစ် မှာလဲ။ ငါတို့နှစ်ယောက် အလုပ်သဘောနဲ့ပဲ ဆက်ဆံကြ တာပါ”

“တကယ် ဟုတ်ရဲ့လား၊ အိမ်လာတော့မှ နင့်ကို သေသေ ချာချာ စစ်ဆေးရမယ်”

“ဘာစစ်ဆေးမှာလဲ”

“ဒီလိုပဲပေါ့”

“အပိုတွေ ပြောမနေနဲ့၊ လာနေချင် မြန်မြန်လာခဲ့၊ ငါ့ကို ကူလုပ်ဦး”

“အောင်မယ် ငါ့ကို ခိုင်းမယ်ပေါ့”

“အလကား မခိုင်းပါဘူး လုပ်အားခပေးမယ်”

“ထောနေလို့ ငွေစကားပြောတာလား”

“ဒီခရီးက ငါ့အတွက် ငွေ ဖောဖောသီသီ ရလိုက်တယ်”

“အဲ့ဒီသူဌေးကို ရလိုက်ရင် ပိုပြီး ဖောသီမှာ”

“တော်ပါဟယ်၊ ဘဝင်တွေက ငါ့လိုလူကို စိတ်ဝင်စား လား”

“နင်က ဘာဖြစ်နေလို့လဲ၊ ဒီလောက်လှတာ”

“အဲ့ဒီအကြောင်းတွေ တော်ပါဟယ်၊ ကဲ ... ဖုန်းချလိုက် မယ် လာမှ အေးအေးဆေးဆေး စကားပြောမယ်”



www.burmeseclassic.com

www.burmeseclassic.com



ပုန်းချလိုက်ပြီး အိမ်စည်က လုပ်စရာရှိသည်များကို လုပ်လိုက်သည်။ တစ်နေ့လုံး ညောင်းညာပြီး အိပ်ရာထဲရောက်မှ အညောင်းဖြေရတော့သည်။

* * *

နောက်တစ်နေ့နံနက် အိပ်ရာထ ကော်ဖီသောက် မုန့်ရေချိုးပြင်ဆင်ပြီး ခေတ်ပုံကူး စက္ကူတွေဝယ်ရန် ထွက်လာခဲ့သည်။

ဈေးဝယ်နေစဉ် ဟန်းဖုန်းက မြည်လာ၍ ဖွင့်နားထောင်လိုက်သည်။ ကျော်ရှင်းရဲ့ ဖုန်းနံပါတ်ကိုမြင်မှ သူ မနက်ပိုင်းလာမည်ကို သတိရလိုက်သည်။

"အိမ်စည် ကိုယ် ဆယ့်နာရီခွဲလောက် ရောက်လာမယ် ထမင်းမစားနဲ့ဦးနော်"

"ခု ကျွန်မ အပြင်မှာ ဈေးဝယ်နေတယ်။ အဲ့ဒီအချိန် အိမ်ပြန်ရောက်မှာ မဟုတ်ဘူး"

"ဟင် ... ဒါဆိုရင် အခု ဘယ်မှာလဲ"

"လမ်းပေါ်မှာလေ"

"ဘယ်နေရာမှာလဲလို့ မေးနေတာ"

"ဗိုလ်ချုပ်ဈေးမှာပါ"

"ဒါဆို ကိုယ် အခုလာခဲ့မယ်၊ တံတားလေ့ကားနား





စောင့်နေပါလား"

"ဘာလုပ်ဖို့လဲ" ...

"အိမ်စည်နဲ့ အတူထမင်းစားမလို့"

"နေပါစေ ကျွန်မ မအားသေးပါဘူး"

"ခဏပါ စောင့်နေနော်၊ ငါးမိနစ်အတွင်း ရောက်လာမယ်"

ကျော်ရှင်းက ထိုအနီးအနားမှာပဲမို့ ရောက်အောင်မောင်းရနေသည်။ ဗိုလ်ချုပ်ဈေးရှေ့သို့ ငါးမိနစ်အတွင်းမှာပဲ ရောက်လာသည်။

အိမ်စည်က သူစောင့်ခိုင်းထားသော နေရာတွင် စောင့်လိုက်သည်။ ကျော်ရှင်းရဲ့ကားက လမ်းပေါ်မှာပဲ ရပ်ပြီး အိမ်စည်ကို လှမ်းခေါ်လိုက်သည်။

နောက်ကားတွေက ဟွန်းတီးနေ၍ အိမ်စည်က ခပ်သွက်သွက်ပင် ကားဆီသို့ လှမ်းလိုက်ပြီး ကားပေါ်တက်သည်။

"ကိုကျော်ရှင်းကို မလာပါနဲ့ဆိုတာ ပြောမရဘူး"

"ကိုယ် ဒီအနီးအနားမှာ ရောက်နေတာမို့ပါ"

ကျော်ရှင်းက ကားကို မောင်းထွက်လာရင်း အိမ်စည်ကို မေးသည်။

"ဝယ်လို့ပြီးပြီလား"

"ဟုတ်ကဲ့"

"ဒါဆို စားသောက်ပြီး အိမ်စည်ကို ပြန်ပို့ပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်၊ မစားတော့ပါဘူး၊ ပို့လည်း မပို့ပါနဲ့၊ တစ်နေရာမှာပဲ ကားကို ရပ်ပေးပါ။ ကျွန်မဘာသာ ကားငှား သွားပါ့မယ်"

"ကိုယ့်အလုပ်ကို ဂရုတစိုက် လုပ်ပေးတဲ့ အိမ်စည်ကို ကောင်းကောင်းညှေ့ခံ ကျွေးချင်လို့ပါ"

"တန်ရာတန်ကြေး ရပြီးပြီပဲ မလိုပါဘူး"

"စေတနာကိုတော့ ပုတ်ခတ်မပစ်လိုက်ပါနဲ့ဗျာ"

ကျော်ရှင်းက နီးနီးနားနား ထရိတ်ဒါးကိုပဲ သွားပြီး ထိုမှာ အိမ်စည်ကို တရုတ်အစားအစာကျွေးသည်။

စားသောက်ရင်း ဆွေးနွေးကြ ပြောဆိုကြသည်။ စားပြီး အိမ်စည်က နှုတ်ဆက်လိုက်သည်။

"ကျွန်မ ဒီကပဲ ကားငှားပြန်ပါ့မယ်၊ ခုလိုကျွေးတဲ့အတွက် ကျေးဇူးပါပဲ"

"လိုက်ပို့ပါ့မယ်"

"ကိုကျော်ရှင်းက အလုပ်များတဲ့လူပဲ မလိုပါဘူးရှင် ရပါတယ်"

အိမ်စည်က နှုတ်ဆက်ပြီး ခပ်သွက်သွက် ထွက်လာခဲ့သည်။ ကျော်ရှင်း တားချိန်ပင် မရလိုက်ပါ။

* * *



## အခန်း (၁၆)

အိမ်စည်က သူ့ကို သည်လိုထားသွား၍ ကျော်ရှင်း စိတ် ...မှာ ဟာတာတာကြီး ဖြစ်ကျန်ရစ်ခဲ့သည်။

အိမ်စည်ကို ကျောခိုင်းမယ်လို့ကြံလိုက်တိုင်း ငါ့ရဲ့စိတ်တွေ ...့ဆီကို တိုးတိုးပြီး ရောက်နေတာကို ငါ မတတ်နိုင်ပါလား။

ကုမ္ပဏီသို့ ကားကို ပြန်မောင်းခဲ့သည်။ သူ့စိတ်အစဉ် ...တော့ အိမ်စည်ရဲ့နောက်သို့ လိုက်ပါသွားနေသည်။

အိမ်စည်နှင့် ပတ်သက်ပြီး ချစ်သည့်စိတ်က တစ်ဖက် ...သယစိတ်ကတစ်ဖက် ဖြစ်နေသည်။ အိမ်စည်ရဲ့ အနေအထိုင် ...ို သူ မသိသေးပါ။

အကယ်၍ အိမ်စည်ရဲ့ ကိုယ်ကျင့်တရား သိက္ခာသည် ...သားစုတွေနှင့် ဆန့်ကျင်ဘက်ဖြစ်ပြီး မိသားစု လက်မခံနိုင်လျှင်



www.burmeseclassic.com

www.burmeseclassic.com



သူ့အတော်လေး အခက်တွေ့၊ စိတ်ဆင်းရဲသလို အိမ်စည်ကိုလည်း ဒုက္ခပေးမိသလို ဖြစ်မှာကို စိုးရိမ်သည်။

"ခက်တာက အိမ်စည်ကို ငါ သိပ်ချစ်သွားပြီဆိုတာပဲ။

"မိန်းကလေးတစ်ယောက်ကို ချစ်မိပြီဆိုရင် သူ့ကို လက်ထပ်ချင်တယ်၊ ငါနဲ့ပတ်သက်ပြီးတော့လည်း သူ့ကို စိတ်ချမ်းသာမှု အပြည့်အဝ ရစေချင်တယ်"

ကျော်ရှင်းက ချစ်သည့်စိတ်နှင့် အရှည်ကြီး အဝေးကြီးကို တွေးလိုက်သည်။

"ဟူး ... ဦးနှောက်ခြောက်လိုက်တာ မတွေးတာပဲ ကောင်းတယ်"

ထိုသို့တွေးပြီး ကားကို ဂရုတစိုက် မောင်းလိုက်သည်။ ကျော်ရှင်းရဲ့ ကြင်နာဂရုစိုက်မှုတွေကို ခံစားရပြီး အိမ်စည်က ကျော်ရှင်း သူ့ကို ချစ်နေပြီလားဟုပင် ထင်လိုက်သည်။

အိမ်ပြန်ရောက် အဝတ်အစားလဲပြီး အမှောင်ခန်းထဲ ဝင်ကာ ဓာတ်ပုံတွေကို ကူးသည်။ ညနေဘက်မှာ မြတ်ထွေး ရောက်လာသည်။

"မိန်းမ အလုပ်တွေများနေတယ်ပေါ့"

"ဟုတ်တယ်"

"ထင်တယ်၊ ဒါကြောင့် ဝါးတီးဝယ်လာတာ"





"အင်း ... ငါက တစ်ယောက်တည်းမို့ ခေါက်ဆွဲထုပ်ပဲ ...ကျတ်စားမလား စဉ်းစားနေ, တာ"

"မစဉ်းစားနဲ့ ဒီမှာ ဝယ်လာခဲ့ပြီ"

"ဟုတ်လား၊ ဒါဆို ငါ့ကို ကူလုပ်ဦး"

"ဟင် ... ကိုယ့်ထမင်းထုပ်နဲ့ ကိုယ်လာပြီး အခမရ ဘကြီး ...ားကျောင်းရမှာလား"

"ဘကြီးနွား မဟုတ်ပါဘူး ငါ့နွားပါ"

အိမ်စည်က မြတ်ထွေးကို အတင်းဆွဲပြီး အခန်းထဲကို ...ေါသွားသည်။ သူခိုင်းသလို မြတ်ထွေးက ကူလုပ်ပေးသည်။

"ပုံတွေကလည်း မနည်းပါလားဟယ်"

"အင်း ... အဲ့ဒါ ဖလင်သုံးလိပ်ပဲ ရှိသေးတယ်။ နောက်ထပ် ...ကျန်သေးတယ်"

"ဘယ်လောက်လဲ"

"လေးလိပ်"

"နှင့်ဟာကလည်း မနည်းပါလား"

"အဲ့ဒီအတွက် ထိုက်ထိုက်တန်တန် ရထားတာ လုပ်ရမှာ ...ပေါ့"

"ဒီလူက တော်တော်ပိုက်ဆံဖြုန်းနိုင်တာပဲနော်"

"စာအုပ်ကလည်း ပြန်ရလို့နေမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"နင်နဲ့ သူ့အခြေအနေကရော"

"အလုပ်သဘောနဲ့ပဲ ဆက်ဆံတာလေ၊ ဘာအခြေအနေ ဖြစ်ရမှာလဲ"

"မထူးခြားသေးဘူးလားလို့"

"တော်စမ်းပါ မြတ်ထွေးရယ်၊ လျှောက်ပြောမနေနဲ့ ကြား သွားလို့ အထင်သေးနေတာ ပိုပြီး အထင်သေးသွားလိမ့်မယ်"

"ဘာဆိုင်လို့ ကြားရမှာလဲ"

"သူ့ရှေ့ အမှတ်တမဲ့ ပြောမိမှာစိုးလို့ပါ"

"မပြောပါဘူးဟယ်၊ စိတ်ချပါ"

သူငယ်ချင်းနှစ်ယောက် စကားတပြောပြောနှင့် ခေတ်ပုံ တွေကူးကြသည်။ ထမင်းထွက်စား ခဏနားပြီး အလုပ်ဆက်လုပ် သည်။

"မနက်ဖြန် ညတော့ ငါ မအိပ်ဘူးနော်၊ နေခင်းတည်းက ပြန်မယ်"

"အေးပါဟယ်၊ ကူလုပ်ပေးတာ ကျေးဇူးပဲ"

"သူငယ်ချင်းအချင်းချင်း ဒီစကားပြောစရာလား အိမ်စည် ရယ်"

"နင့်ကို ပရဲဆန့်(စ်) ကောင်းကောင်း ဝယ်ပေးမယ်"

"အေးပါဟယ်၊ အတင်းဝယ်ပေးရင်တော့ အားနာပါးနာ





လက်ခံရမှာပဲ"

"အစုတ်ပလုတ်"

သူငယ်ချင်းနှစ်ယောက် ရယ်မောလိုက်ကြသည်။ နောက် ...စ်နေ့ မြတ်ထွေး ပြန်သွားသည်။ ခေတ်ပုံတွေလည်း အတော် ...လး ကူးပြီးပြီဖြစ်သည်။

* * *

ညနေဘက် အိမ်စည်က ကူးပြီး ခြောက်နေသော ခေတ်ပုံ ...တွေကို အိတ်နှင့်ထည့်ထားပြီး ကျန်ပုံတွေကို ဆက်ကူးရမည် ...ဖြစ်သည်။

ထမင်းစားချင်စိတ် မရှိသေး၍ ခဏထိုင်ပြီး အနားယူနေ ...ည့် တံခါးခေါက်သံကြား၍ ဖွင့်ပေးသည်။ ကျော်ရှင်းက လက်ဆွဲ ...တ်ကိုဆွဲပြီး အခန်းဝမှာ ရပ်နေသည်။

"ကုမ္ပဏီက ပြန်လာတာလား"

"ဟုတ်တယ်"

အထဲသို့ ကျော်ရှင်းက ဝင်လာပြီး ဆက်တီမှာ ထိုင်လိုက် ...သည်။

"ခုပဲပြီးတဲ့ ခေတ်ပုံတွေ အိတ်ထဲထည့်ထားတာ"

"ဟုတ်လား ကြည့်ရအောင်"



www.burmeseclassic.com

www.burmeseclassic.com



ကျော်ရှင်းအား ဓာတ်ပုံအိတ်ကို လှမ်းပေးလိုက်သည်။ ကျော်ရှင်းက ဓာတ်ပုံတွေကို တစ်ပုံပြီးတစ်ပုံ ကြည့်နေသည်။

"ဒီပုံလေးက လျှပ်တပြက် ရိုက်ပေမယ့် ကောင်းသားပဲ ဟာ"

ၾကနှစ်ကောင် ထပျံသည့်ပုံကိုပြရင်း ဓာတ်ပုံက သူ့လက်ထဲက လွင့်ကျသွားသည်။ အိမ်စည်က ကုန်ကောက်ပေးရန် လှမ်းလိုက်သည်။ ကျော်ရှင်းကလည်း လှမ်းရင်းနှင့် ခေါင်းချင်းတိုက်မိကြသည်။

"အို ..."

"ဆောရီးနော်"

နာသွားသော နဖူးကို အိမ်စည်က ပွတ်ရင်းနှင့် မျက်နှာလေး ရှုံ့သွားသည်။

"နာသွားလား"

"နည်းနည်းပါ"

"ကြည့်ပါဦး နဖူးလေးကို ရဲနေတာပဲ"

အိမ်စည်ရဲ့ နဖူးကို ခပ်ဖွဖွကိုင်ပြီး ပြောလိုက်သည်။ အိမ်စည်ရဲ့ ရင်ထဲ ခုန်မြည်သံတွေ ဆူညံသွားပြီး ရုတ်တရက် နောက်ကို ဆုတ်လိုက်သည်။

ကျော်ရှင်းရဲ့ ပြုမူပုံက ချစ်သူတစ်ယောက်ရဲ့ ပြုမူပုံနှင့်





တူနေသည်။

"ဆောရီးနော်"

အိမ်စည်ရဲ့ ရှက်ဝဲဝဲမျက်နှာလေးကို ကြည့်ပြီး အလွန်ထွေးပိုက်လိုက်ချင်သော်လည်း စိတ်ကို ထိန်းလိုက်သည်။

အိမ်စည့်အပေါ် ယိုင်မိသော စိတ်တွေကို ဆုစည်းပြီး ဓာတ်ပုံတွေဆီသို့ ပို့လိုက်သည်။ အားလုံးကြည့်ပြီး အိမ်စည်ကို လှမ်းကြည့်လိုက်သည်။

"ဘယ်လိုလဲ ကျေနပ်ရဲ့လား"

"ကောင်းပါတယ်၊ အိမ်စည် အဲ့ဒီလောက်တော်လိမ့်မယ် လို့ မထင်ခဲ့ဘူး"

သူက အရာရာမှာ ငါ့ကို အမြဲအထင်သေးနေတာကိုး။

ထိုသို့တွေးပြီး အိမ်စည်ရဲ့ မျက်နှာလေးက တင်းခနဲ ဖြစ်သွားသည်။

"စိတ်ဆိုးသွားလား"

"ကိုကျော်ရှင်းက လူတစ်ယောက်ကို ဒီလိုပဲ အပေါ်ယံတွေ ကြည့်ပြီး ထင်မြင်တတ်တာလား"

"အဲ့လို မဟုတ်ပါဘူး၊ ဒါပေမဲ့ လူတစ်ယောက်မှာ ဖတ်(စ)အိပ်စပရက်ရှင်ဆိုတာလည်း အရေးပါသေးတယ်လေ။ မြင်တွေ့တွေ့ချင်း အခြေအနေကလည်း အရေးပါပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ဟုတ်လား"

အိမ်စည်က ခပ်ထွေထွေ အပြုံးလေးနှင့် ပြောလိုက်သည်။ ကျော်ရှင်းက သူ့ကို အထင်သေးနေသည်ဆိုတာကို သွယ်ဝို သောနည်းနှင့် ပြောနေသည်ပဲ။

"အင်း ... ကြည့်ကြသေးတာပေါ့၊ ငါ ဘယ်လောက် မှာ ကြီးတယ်ဆိုတာ အခွင့်အခါသင့်ရင် ပြလိုက်ဦးမယ်"

"ဒီလောက်ပဲ ပြီးသေးတယ်၊ အဲ့ဒါ ယူသွားပါ။ မနက် ဖြန်ညနေကို ကျွန်မ အားလုံးပြီးအောင် ကူးထားပါ့မယ်၊ ဘယ် ကိုလာပို့ရမလဲ ပြောပါ"

"ဟာ ... ကိုယ်လာယူမှာပေါ့"

"ကျွန်မဆီကိုလာရတာ ကိုကျော်ရှင်း သိမ်ငယ်နေသလို ဖြစ်မှာစိုးလို့ပါ"

"ဟာ ... အိမ်စည် ကိုယ့်ကို တကယ် စိတ်ဆိုးသွားတာ ကိုး"

"အဲ့ဒါတွေ ထားလိုက်ပါ။ ကျွန်မ လုပ်စရာတွေ ရှိသေး တယ်"

"ကိုယ့်ကို နှင်တာလား"

"မဟုတ်ပါဘူး၊ ရှင့်ခါတတ်ပုံတွေကို အချိန်မီပေးချင်လို့ပါ"

"ဒါဆို ကိုယ် ပြန်မယ်လေ"





"ကောင်းပါပြီ"

သူထွက်သွားသည်နှင့် အခန်းတံခါးကိုပိတ်ပြီး ကျောမှီ လိုက်သည်။ မဆင်မချင် လုပ်မိသည့်အတွက် ချစ်မိသူရဲ့ အထင် သေးမှုတွေကို ခါးသီးစွာ အိမ်စည် ခံစားနေရပါတော့သည်။

ရင်ထဲမှာ တဆစ်ဆစ် နာကျင်လာပြီး ဒေါသခံပြင်း မျက်ရည်လေးတွေပင် စို့လာသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

နောက်တစ်နေ့မှာ အိမ်စည်က ဓာတ်ပုံတွေအားလုံး
အောင် နားချိန်မယူဘဲ ကူးလိုက်သည်။ ကျော်ရှင်းနှင့် အမြန်
အဆက်အသွယ် ဖြတ်ချင်နေသည်။

ကျော်ရှင်းထံမှ နောက်ထပ် အထင်အမြင်သေး
ဆက်ဆံမှုတွေကိုလည်း မလိုလားပါ။

ဓာတ်ပုံအားလုံးကို အိတ်တွေနှင့်ထည့်ထားပြီး ကျော်
လာလျှင် အသင့်ဖြစ်အောင် စီစဉ်ထားသည်။ ကျော်ရှင်း
ညနေ ကုမ္ပဏီကအပြန်မှာ အိမ်စည်ထံသို့ ဝင်လာသည်။

မြတ်ထွေးက ပြန်သွားပြီမို့ အိမ်မှာ အိမ်စည်တစ်ယော
တည်းပါ။ အလုပ်ပြီး၍ ရေချိုး အနားယူလိုက်သည်။ ကျော်
က ထင်ထားသည့်အချိန်ထက် နောက်ကျရောက်လာသည်။

"ကုမ္ပဏီမှာ နည်းနည်းအလုပ်များတာနဲ့ နောက်ကျသွ
တယ်"





"ရပါတယ်၊ ကျွန်မက အိမ်ကစောင့်နေရတာပဲ"

"အားလုံးပြီးပြီလား"

"ပြီးပါပြီ၊ ကြည့်လိုက်ပါဦး"

အိတ်ထဲက ဓာတ်ပုံတွေကို တစ်ပုံပြီးတစ်ပုံ ကျော်ရှင်းက
ကြည့်လိုက်သည်။

"ဖလင်တစ်လိပ်ကပုံက အိတ်တစ်အိတ်ထဲမှာပါ၊ ပုံတွေ
တစ်လိပ်စီ သီးသန့်လုပ်ထားပါတယ်။ ဒီမှာ ဖလင်တွေပါ"

"ကောင်းပါပြီ"

ကျော်ရှင်းက ဓာတ်ပုံတွေကို တစ်ပုံချင်းစီ ကြည့်နေ၍
အချိန်က နည်းနည်းကြာသွားသည်။ အိမ်စည်က ဘေးမှာ ထိုင်
နှင့် တီဗွီကြည့်နေသည်။

"အားလုံးကောင်းပါတယ်၊ တစ်ပုံမှ အပျက်မရှိတဲ့အတွက်
ပုံနှိပ်လိုက်တာ"

ကျော်ရှင်းက အားပါးတရပြောပြီး အိမ်စည်ကို ကြည့်
လိုက်သည်။

"ကျေးဇူးအထူးတင်ပါတယ်"

"ကျွန်မအလုပ်ကို ကျွန်မလုပ်တာပဲ ကျေးဇူးတင်စရာ
မှ မပါဘူး"

"စေတနာပါပေးတဲ့အတွက် ကျေးဇူးတင်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



အိမ်စည်ရဲ့ မျက်နှာလေးက အပြုံးအရယ်နည်းပြီး တည်တည်လေး ဖြစ်နေသည်။

"အိမ်စည်ကို ကျန်တဲ့ငွေ ရှင်းပေးမယ်နော်"

သူ့ရဲ့ လက်ဆွဲအိတ်ကိုဖွင့်ပြီး ငွေတစ်ထပ်ကို အိမ်စည်ရဲ့ လက်သို့ လှမ်းပေးသည်။

"ရေကြည့်ပါဦး"

"ကိုကျော်ရှင်း ရေပြီးသားပဲ မဟုတ်လား၊ ရပါတယ်"

"ဒီနေ့ တစ်ယောက်တည်းလား"

"ဟုတ်ပါတယ်"

"ဒါဆို ကိုယ် ပြန်လိုက်ပါဦးမယ်၊ အစစအရာရာအတွက် ကျေးဇူးတင်ပါတယ် အိမ်စည်"

အိမ်စည်အား ရူးနစ်စွာ တစ်ချက်ကြည့်ပြီး နှုတ်ဆက်လိုက်သည်။ နောက်ထပ် ပြန်ဆုံဖို့ မရှိတော့သဖြင့် ချစ်မိသော သူလေးရဲ့ မျက်နှာကို စေ့စေ့ကြည့်လိုက်သည်။

ကျော်ရှင်း နှုတ်ဆက်ပြီး ပြန်သွားတော့ အိမ်စည်ရဲ့ ရင်ထဲမှာ ဟာတာတာကြီးနှင့် ငိုချင်စိတ်ပင် ပေါက်လာသည်။

"အို ... ငါ့ကို ဂရုမစိုက်ဘဲ အမြဲအထင်သေးနေတဲ့ လူအတွက် ငါ ဒီလိုခံစားရမှာလား ...

"ပျော့ညံ့လိုက်တာ ဒီလို ယောကျာ်းတစ်ယောက်အတွက် ငါ ခံစားရတာ မတန်ပါဘူး"





အိမ်စည်က သူ့ကိုယ်သူ အားပေးပြီး ကျော်ရှင်းအား မေ့ ...ိုင်ရန် ကြိုးစားလိုက်သည်။ လုပ်အားခရသော ငွေထဲက ကင်မရာ ...က ပစ္စည်းတစ်ခုကို ဝယ်ချင်၍ ဟန်ကျသွားသည်။

"ဒီနေ့တော့ နားလိုက်ဦးမယ်၊ မနက်ဖြန်မှ သွားဝယ်မယ်"

ထမင်းစားသောက် ပန်းကန်ခွက်ယောက်များကို ဆေးပြီး ...နားယူလိုက်သည်။

* * *

နောက်တစ်နေ့နံနက် မြတ်ထွေးထံသို့ အိမ်စည်က ဖုန်း ...က်လိုက်သည်။

"မြတ်ထွေး နင် ဒီနေ့အားလား"

"မအားတအားပဲ"

"ဘာလဲဟာ၊ အားရင်အားတယ်ပေါ့"

"အေဂျင်စီက ခေါ်ထားတယ်၊ အရေးကြီးတဲ့ကိစ္စ မဟုတ် ...ို့ သွားလည်းရတယ်၊ မသွားလည်းရတယ်"

"ဒါဆို ငါနဲ့ အဖော်လိုက်မလား"

"ဘယ်ကိုလဲ"

"ကင်မရာပစ္စည်းတချို့ ဝယ်ချင်လို့"

"ရတယ်လေ၊ နင့်ဆီ လာခဲ့ရမလား"



www.burmeseclassic.com

www.burmeseclassic.com



"ငါ လာခဲ့မယ်၊ အန်တီတို့နဲ့လည်း မတွေ့တာကြာပြီလေ"

"ဒါဆို ငါ ပြင်ဆင်ပြီး စောင့်နေမယ်။ ဘယ်အချိန် လာမှာလဲ"

"နောက်ထပ် တစ်နာရီလောက်ပေါ့"

"ကောင်းပြီ"

အိမ်စည်က ဖုန်းချလိုက်ပြီး အပြင်ထွက်ရန် ပြင်ဆင်လိုက်သည်။ လမ်းမှာ မြတ်ထွေးရဲ့ အမေအတွက် မုန့်ဝင်ဝယ်လိုက်သည်။

မြတ်ထွေး အိမ်ကို လိုင်းကားစီးပြီး သွားလိုက်သည်။ မြတ်ထွေးက အသင့်ဖြစ်နေပါပြီ။

"အိမ်စည် တစ်ယောက်တည်း အလုပ်တွေများနေလို့ဆို"

"ဟုတ်ပါတယ် အန်တီ၊ မြတ်ထွေးတောင် ကူလိုက်ရသေးတယ်"

"အေးလေ မနိုင်ရင် ကူရမှာပေါ့"

"အန်တီ့အတွက် မုန့်ဝယ်လာပါတယ်"

"အိုကွယ် ဒုက္ခရှာလို့"

"မေမေက ဒုက္ခရှာလို့ နောက်ကို များများဝယ်လာလို့ ပြောတာဟဲ့"

"သမီးနော် ပေါက်ကရပြောပြီ"





မြတ်ထွေးက နောက်လိုက်သဖြင့် အိမ်စည်က ရယ်လိုက်သည်။

"ကျွန်မတို့ သွားလိုက်ပါဦးမယ် အန်တီ"

"ကောင်းပါပြီကွယ်၊ ဒီနေ့ အိမ်စည် အိမ်မှာ အိပ်မှာလား"

"ဟုတ်ကဲ့ မေမေ"

နှစ်ယောက်သား နှုတ်ဆက်ပြီး ထွက်ခဲ့ကြသည်။ ဈေးဝယ်ပြီး နံနက်စာကို အပြင်မှာစားပြီး ညစာအတွက် ချက်ပြုတ်စရာဝယ်ကာ ပြန်လာခဲ့ကြသည်။

အိမ်ပြန်ရောက်ပြီး အဝတ်အစားလဲပြီး ဧည့်ခန်းထဲမှ အေးအေးဆေးဆေး ထိုင်လိုက်ကြသည်။

"ဟိုလူနဲ့ နင့်အလုပ်က ပြီးပြီပေါ့"

"အင်းလေ ပြီးလို့ ပိုက်ဆံအကျေရှင်းသွားတာပေါ့"

"အဲ့ဒီ အလုပ်က တော်တော်လေး အမြတ်ရလိုက်တာပဲ"

"ဟုတ်တယ်"

"နောက်တစ်ခါ သူထပ်ငှားရင် ကောင်းမယ်နော်"

"သူက ဒီတစ်အုပ်ပဲ ရေးတော့မှာတဲ့"

"စိတ်မကောင်းစရာပဲ၊ အဲ့ဒါမျိုး အလုပ်တစ်ယောက်ယောက်က လာအပ်ရင် ကောင်းမှာပဲနော်"

"ဒါမျိုးက ရှိဖို့မလွယ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ဟုတ်တော့ ဟုတ်တယ်နော်"

"ဒါပေမဲ့ ငါ ဝယ်ချင်တာတွေ ဝယ်လို့ရလိုက်ပြီး ငွေ့ ငွေလျှံ ဖြစ်လိုက်လို့ စိတ်ချမ်းသာပါတယ်"

"ကိုကျော်ရှင်းတို့က တော်တော် ချမ်းသာတယ်ထင်တယ်"

"အင်း ... ချမ်းသာကြပါတယ်"

"သူ့ကြည့်ရတာ သဘောကောင်းပုံ ရပါတယ်"

"ခင်တတ်ပါတယ်၊ ဒါပေမဲ့ သူတို့အသိုင်းအဝိုင်းက အဆင့်အတန်း ခွဲတတ်ကြမယ့်ပုံပဲ"

"အင်းလေ ချမ်းသာတဲ့သူတော်တော်များများက ဒီလို မဟုတ်လား"

မြတ်ထွေးက သူ့ထင်မြင်ချက်ကို ပြောသည်။

"ငါ့သူငယ်ချင်းလေးကို ဒီလို ချမ်းသာပြီး အဆင့်အတန်း ရှိတဲ့လူမျိုးနဲ့ ရစေချင်တယ်"

"သူများအတွက်ပြောနေ နင့်အတွက်ရော"

"ငါက မိဘမောင်နှမ ရှိသေးတယ်လေ၊ နင်က တစ် ယောက်တည်း မဟုတ်လား"

"ငါ့လို တစ်ကောင်ကြွက်ကို အဲ့လို ချမ်းသာပြီး ဂုဏ်ပြ ပညာရှိတဲ့လူတွေက စိတ်ဝင်စားမှာ မဟုတ်ပါဘူး"

ကျော်ရှင်းရဲ့ ပုံသဏ္ဌာန်ကို ပြေးမြင်လိုက်ပြီး ရင်ထဲ





ဝမ်းနည်းအားငယ်စိတ်တွေ ဖြစ်သွားသည်။ ကျော်ရှင်းကို တိတ် တခိုး ချစ်မိသည့်အချစ်ကို မြတ်ထွေးပါ မသိအောင် လုံခြုံစွာ သိမ်းဆည်းထားရပါတော့မည်။

သူငယ်ချင်းနှစ်ယောက် ညစာကို အတူတကွ ချက်ပြုတ် ပြီး စားသောက်လိုက်ကြသည်။ စိတ်လွတ်လက်လွတ် ပျော်ကြ ပြီး ညဥ့်နက်မှ အိပ်ကြသည်။

ကျော်ရှင်းက ဓာတ်ပုံတွေထဲက ကြိုက်နှစ်သက်သည်များ ကို ရွေးရင်းနှင့် အိမ်စည်ကို လွန်စွာ သတိရနေသည်။

"မတွေ့တာကြာရင် သူ့ကို ငါ မေ့သွားမှာပါ"

တွေ့ချင် မြင်ချင်သောစိတ်ကို ကျော်ရှင်းက ဖြေဖျောက် လိုက်သည်။

ညဘက်အချိန် ဘယ်မှမသွားဘဲ စာအုပ်ကိုသာ ဖိဖိစီးစီး ရေးနေသည်။ ဓာတ်ပုံတွေကို ကြည့်လိုက်တိုင်း ဓာတ်ပုံနှင့် သူ မျက်ဝန်းကြားမှာ အိမ်စည်ရဲ့ ရိပ်သွင်က ပေါ်ပေါ်လာသည်။

"မေ့ထားပါတယ်ဆိုမှ ဘာပြုလို့ ဒီလောက်တောင် သတိ ရနေရတာလဲ"

အိမ်စည်ကို သတိရမိတိုင်း သူ့ကိုယ်သူ မကျေမနပ် ဖြစ် မိသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

တစ်နေ့ အိမ်စည်က ကိုရိုးထံသို့ ရောက်သွားသည်။ ကိုရိုးထံသို့ ခရီးကပြန်လာပြီးတည်းက မရောက်သေး၍ သွား လိုက်ခြင်းပါ။

"ဟော ... အိမ်စည်ပါလား၊ ခရီးက ပြန်ရောက်ပြီကိုး"

"ဟုတ်ကဲ့ ပြန်ရောက်ပါပြီ၊ မအားတာနဲ့ ကိုရိုးဆီ မလာ ဖြစ်လို့"

"ပုံတွေအပ်ပြီးပြီပေါ့"

"ဟုတ်ကဲ့၊ ဒီမှာ ကိုရိုးအတွက် လက်ဆောင်ပါ"

"လက်ဆောင် မလိုပါဘူးကွာ"

"ကိုရိုး ကူညီလိုက်လို့ ကျွန်မ အဆင်ပြေသွားတာပါ"

"ဒီလိုပဲ၊ နှုတ်နဲ့စောင်မခြင်းပါ အိမ်စည်ရယ်၊ ဒါနဲ့ သူ့ အလုပ်လုပ်ရတာ အဆင်ပြေရဲ့လား"





"ပြေပါတယ်"

"အဲ့လိုမျိုးခွင်က ရခဲတယ်"

"ဟုတ်ပါတယ်၊ ကိုရိုးကို ဒါကြောင့် ကျွန်မ သိပ်ကျေးဇူး တင်တာပါ"

"ကဲ ... ကျေးဇူးစကားတွေ အသာထား၊ အိမ်စည်အတွက် ရော ပုံတွေပါခဲ့ရဲ့လား"

"ပါပါတယ်၊ မကူးရသေးဘူး"

"အင် ... ကူပြီးရင် ပြဦးလေ"

"ဟုတ်ကဲ့"

ကိုရိုးနှင့် အလုပ်အကြောင်း ဆွေးနွေးပြောဆိုပြီး အိမ်စည် က ပြန်လာခဲ့သည်။ ကျော်ရှင်းနှင့် မတွေ့ရသည်မှာ သုံးလေး ရက်ရှိနေသေးသော်လည်း အချိန်ကြာမြင့်စွာက ခွဲခွာရသကဲ့သို့ ခံစားနေရသည်။

"လွမ်းလိုက်တာ"

စိတ်ထဲက ထိုသို့ပြောပြီး ရယ်ချင်နေသည်။ ချစ်သူရည်းစား မဟုတ်သေးဘဲ လွမ်းမိသည့် သူ့အဖြစ်ကို ရယ်ချင်နေသည်။

မြတ်ထွေးက လာနေလိုက် ပြန်သွားလိုက်နှင့် အချိန်တွေ တရွေ့ရွေ့ ကုန်လာသည်။ အချိန်တွေ ကြာညောင်းသော်လည်း ကျော်ရှင်းကို မေ့မရပါ။



www.burmeseclassic.com

www.burmeseclassic.com



ကျော်ရှင်းကလည်း အိမ်စည်ကို တမ်းတနေသည်။ မတွေ့ရလေ မြင်ချင်လေ ဖြစ်လာသောစိတ်ကို မထိန်းနိုင်ဘဲ ဖြစ်ရသည်။

သူ့စိတ်ကို မနိုင်သည့်အဆုံးမှာ အိမ်စည်ထံသို့ တယ်လီဖုန်းဆက်လိုက်သည်။

"ဟုတ်ကဲ့ အမိန့်ရှိပါရှင်"

ပေါ်လာသော ဖုန်းနံပါတ်ကို မသိ၍ အိမ်စည်က ယဉ်ယဉ်ကျေးကျေး ဖြေလိုက်သည်။

"အိမ်စည် ကိုယ် ကျော်ရှင်းပါ"

"ဟုတ်ကဲ့ ပြောပါ၊ ဓာတ်ပုံတွေ အဆင်ပြေလား"

"ပြေပါတယ်၊ ကိုယ် အိမ်စည်နဲ့ တွေ့ချင်တယ်"

"ဘာကိစ္စရှိလို့လဲ"

"ဒီလိုပဲ စကားပြောချင်လို့ အိမ်စည် အိမ်မှာပဲလား"

"ဟုတ်ပါတယ်"

"ဒါဆို ကိုယ် လာခဲ့မယ်"

အိမ်စည်မတားနိုင်ခင်မှာပဲ ကျော်ရှင်းက ဖုန်းချသွားသည်။

"သူ ဘာလာလုပ်မှာလဲ"

အိမ်စည်က တွေးရင်း ဧည့်ခန်းကို သန့်ရှင်းရေး လုပ်လိုက်သည်။ နာရီဝက်လောက်အကြာမှာ ကျော်ရှင်းက တံခါး





လာခေါက်၍ ဖွင့်ပေးလိုက်သည်။

"ကိုယ် အိမ်စည်နဲ့ စကားပြောချင် ခဏလောက် အပြင်လိုက်ခဲ့ပါလား"

"ကိုကျော်ရှင်နဲ့ ကျွန်မကြားမှ ပြောစရာစကား မရှိပါဘူး"

"ခဏပါ အိမ်စည်ရယ်၊ ကိုယ့်အပေါ် ဒီလောက် မစိမ်းကားသင့်ပါဘူး၊ ကိုယ်တို့ မိတ်ဆွေတွေလို ရင်းနှီးခဲ့ကြတာပဲ"

ကျော်ရှင်းရဲ့ တောင်းပန်တိုးလျှိုးသော မျက်နှာကိုကြည့်ပြီး အိမ်စည်က ပိုက်ဆံအိတ် ယူလိုက်ပြီး တံခါးပိတ်လိုက်သည်။

"နီးနီးနားနား ရှမ်းကန်သွားရအောင်နော်၊ ညစာစားရင်း စကားပြောကြတာပေါ့"

"ဟုတ်ကဲ့"

ကန်တော်မင်ခြံက ရှိနေသော ရှမ်းကန် စားသောက်ဆိုင်ဆီသို့ကားကို မောင်းလိုက်သည်။ သီးသန့်ခန်းကို ယူလိုက်သည်။

"အိမ်စည် ဘာမှာမလဲ"

"ကိုကျော်ရှင်း ကြိုက်တာမှာပါ"

ကျော်ရှင်းက အစားအသောက်များကို မှာလိုက်သည်။ စားသောက်ရင်း ကျော်ရှင်းက အလုပ်ကိစ္စ စီးပွားရေးကိစ္စတွေကိုသာ ပြောနေသည်။

သည်အတွက် သူ့ကို တကူးတက ခေါ်လာခြင်းမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



သည်ကို အိမ်စည်က သိနေသည်။ သူ ဘာစကားတွေပြော
မည်ဆိုတာကို မမေးဘဲ စိတ်ရှည်ရှည်နှင့် စောင့်နေလိုက်သ

"ကဲ ... အချိုပွဲလေး စားလိုက်ပါဦး"

သစ်သီးစားရင်းနှင့် ကျော်ရှင်းက အိမ်စည်ကို ရှူးရှ
အကြည့်တွေနှင့် ကြည့်လိုက်သည်။

"အချိုစားရင်း ချိုမြိန်တဲ့စကားလေးကို ပြောပါရစေ"

"ဘာများလဲ ကိုကျော်ရှင်း"

"ကိုယ် အိမ်စည့်ကို သိပ်ချစ်နေပြီလို့ ပြောပါရစေ"

"ရှင် ..."

"ဘာလို့ အံ့သြသွားတာလဲ အိမ်စည်"

"ကိုကျော်ရှင်းရဲ့ စကားက သိပ်အံ့သြစရာ ဖြစ်နေလို့ပါ"

"ဘာပြုလို့လဲ"

"အထင်မကြီးတဲ့ မိန်းမတစ်ယောက်ကို ချစ်နိုင်တ
ဟုတ်လား"

"ကိုယ် အိမ်စည်ကို အထင်သေးတယ်လို့ မပြောခဲ့ပါလ"

"အဲ့လိုကြီး မပြောခဲ့ပေမယ့် ရှင်ပြောတဲ့စကား ရှင် ကြ
ခဲ့တဲ့အကြည့်တွေက အဲ့ဒီအဓိပ္ပာယ်ပဲလေ"

"စစချင်း အထင်လွဲခဲ့တဲ့ ကိစ္စတွေ မေ့လိုက်ပါ အိမ်စ
ရယ်၊ အခု မင်းကို ကိုယ် သိပ်ချစ်နေပြီ၊ မတွေ့ရတဲ့ရက်





အရမ်းလွမ်းတယ်"

"ရှင်နဲ့ကျွန်မရဲ့ အခြေအနေချင်းက သိပ်ကို ကွာခြားပါ
ယ်"

"တကယ့် အချစ်စစ်မှာ အဲ့ဒါတွေ မပါပါဘူး အိမ်စည်"

"ရှင့်ရဲ့မိသားစုက ကျွန်မကို လက်ခံနိုင်လို့လား"

"အိမ်စည့်မှာ ဘာအပြစ်ရှိလို့လဲကွာ"

"ရှင့်ရဲ့အစ်ကို ကိုကျော်လင်းက ကျွန်မကို သိပ်အထင
းခဲ့တာလေ"

"အဲ့ဒါတွေ ထားလိုက်ပါ၊ ကိုယ်တို့နှစ်ယောက်အကြောင်း
ပြောကြရအောင်လား အိမ်စည်ရယ်"

ကျော်ရှင်းက အိမ်စည်ရဲ့စကားကို ဖြတ်လိုက်သည်။

"အိမ်စည့်ကို ကိုယ် သိပ်ချစ်တယ်၊ အိမ်စည့်ဆီက
ချစ်ကိုလည်း ကိုယ် ရချင်တယ်"

အိမ်စည်က ထိုစကားကို ကြားပြီး ရင်ပွင့်မတတ် နှလုံး
သံတွေ ဆူညံသွားသည်။ ကျော်ရှင်းကို ချစ်နေသည်မို့ ရင်ထဲ
အခြေက ရှိနှင့်ပြီးသားပါ။

ဒါပေမဲ့ ကွာခြားလွန်းသော အခြေအနေကြောင့် တစ်နေ့
ဆင်းရဲရမည့်အဖြစ်ကို မလိုလားပါ။

"မဖြစ်နိုင်တဲ့လမ်းကို မလျှောက်တာ အကောင်းဆုံးပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ မဖြစ်နိုင်ရမှာလဲ"

"ကိုကျော်ရှင်းရဲ့အိမ်က အပြင်းအထန် ကန့်ကွက်ရင်ကော"

"ကိုယ်က ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်တဲ့သူပဲ အားလုံးနဲ့ ဆန့်ကျင်လို့ရတယ်"

အိမ်စည့်ကို အလွန်ချစ်မိသည်နှင့် ဖြစ်လာ၊ ကြုံတွေ့လာသည့် ကိစ္စတွေကို ရဲရဲကြီး ရင်ဆိုင်မည်ဟု ကျော်ရှင်းက ဆုံးဖြတ်ထားသည်။

"အိမ်စည်ရယ် ကိုယ့်မေတ္တာကို တုံ့ပြန်ပါနော်"

"မဖြစ်နိုင်ပါဘူးရှင်"

"ဖြစ်နိုင်ပါတယ်။ အဲ့လိုကြီး အပြတ်မငြင်းပါနဲ့။ တစ်ပတ် စဉ်းစားနော်။ ပြီးရင် ကိုယ်လိုချင်တဲ့အဖြေပေး"

"ကျွန်မပေးမယ့်အဖြေက ကိုကျော်ရှင်း လိုချင်တာနဲ့ ဆန့်ကျင်ဘက် ဖြစ်မှာပဲ"

"အဲ့လို မလုပ်ပါနဲ့ အိမ်စည်ရယ်၊ ကိုယ့်အချစ်ကို လက်ခံပေးပါ။ အိမ်စည် အဲ့ဒီအတွက် ဘယ်တော့မှ စိတ်မဆင်းရဲစေရပါဘူး"

ကျော်ရှင်းက တကျီကျီနှင့် နားပူနေသည့်အတွက် အိမ်စည်က စဉ်းစားမည်ဟု ပြောလိုက်သည်။





"ကောင်းပါပြီ၊ ကျွန်မ စဉ်းစားပါ့မယ်"

"ကျေးဇူးပါပဲ အိမ်စည်ရယ်"

စားသောက်ပြီး ကျော်ရှင်းက ပြန်လိုက်ပို့ပေးသည်။ သူ ...က်ဆက်ပြီး ထွက်သွားတော့မှ အိမ်စည် တိုက်ပေါ်တက်လာ ...သည်။

ရင်ထဲမှာ ကျော်ရှင်းရဲ့ စကား၊ ကျော်ရှင်းရဲ့ အမူအရာ ...ကြည့်ပြီး တလှပ်လှပ်နှင့် ရင်ခုန်နေသည်။ အခန်းကိုရောက် ...ကာ ခတ်ထားသော သော့ခလောက်က ရှိမနေပါ။ ချက်ချင်းသိ ...ိုက်ပါသည်။ မြတ်ထွေး ရောက်နေပြီဆိုတာ သိလိုက်သည်။ ...ခါးခေါက်၍ မြတ်ထွေးက တံခါးဖွင့်ပေးသည်။

"ဘယ်တွေသွားနေတာလဲ မိုးချုပ်နေပြီ"

မြင်မြင်ချင်း မြတ်ထွေးက အပြစ်တင်သည်။

"ဒီလိုပါပဲ၊ နင် ဘယ်တုံးက ရောက်လဲ"

"နာရီဝက်လောက် ရှိပြီ"

"ဖုန်းဆက်လိုက်တာ မဟုတ်ဘူး"

"ဆက်မနေတော့ပါဘူး၊ ဒီတိုင်းလာခဲ့တာ"

အိမ်စည်က အခန်းထဲဝင်ပြီး အဝတ်အစားလဲ... အိမ်ရှေ့ ...ပြန်ထွက်လာသည်။

"နင် ထမင်းစားပြီးပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"မစားရသေးဘူး နှင့်စောင့်နေတာ"

"ငါ အပြင်မှာစားခဲ့ပြီ နှင်ပဲ စားလိုက်တော့"

"ဘယ်မှာစားခဲ့တာလဲ။ တစ်ယောက်တည်းတော့ ဟုတ်မယ် မထင်ဘူး"

"တစ်ယောက်တည်း မဟုတ်ဘူး"

"ဘယ်သူနဲ့လဲ"

"ကိုကျော်ရှင်းနဲ့"

"ဟင် ... သူနဲ့က အဆက်အသွယ် ပြတ်နေတာ မဟုတ်လား"

"အခု သူက လာဆက်သွယ်လို့"

"အလုပ်အပ်ပြန်ပြီလား"

"ဟင့်အင်း သူ့ဘဝကို အပ်တာ"

အိမ်ဗုည့်စကားကို မြတ်ထွေးက တအံ့တသြဖြစ်ပြီး ပါးစပ်အတွင်း သွင်းမည့်ထမင်းလုတ်ကိုတောင် မသွင်းဖြစ်တော့ပါ။

"ဘာလဲ ရှင်းရှင်းပြောစမ်းပါ"

"ငါ့ကို ချစ်တယ်တဲ့"

"ဟယ် ... ဟုတ်လား"

"အေး ... သိပ်ချစ်တာပဲလို့ ပြောတယ်"

"အဲ့ဒီတော့ နင်က ဘာပြန်ပြောလိုက်လဲ"





"ငါက လက်မခံဘူးလို့ ပထမ ပြောတယ်၊ သူက အတင်းပဲ ငါ့ကို စဉ်းစားခိုင်းတယ်။ ပြီးတော့ သူလိုချင်တဲ့အဖြေကို ပေးပါလို့ ပြောတယ်"

"အဲ့ဒီတော့ နင် ဘာဆုံးဖြတ်မလဲ"

"သူတို့အသိုင်းအဝိုင်းကို ကြောက်တယ်၊ ပြီးတော့ စတွေ့တည်းက ငါ့အဖြစ်က ယဉ်သလိုဆိုတာမျိုး ဖြစ်နေပြီ"

"အင်း ... သူ့အစ်ကိုက နင့်ကို အထင်သေးခဲ့မှာပဲ"

"သေချာတာပေါ့"

"နင့်ခံစားချက်က အရေးကြီးပါတယ်"

"သူကတော့ ငါသာ လက်ခံမယ်ဆိုရင် သူ့မိသားစုက ဘာပြောပြော ရှေ့တိုးမှာပဲတဲ့"

"သတ္တိရှိတယ်ပေါ့"

"အင်း ... အဲ့လိုပြောတာပဲ"

"ဒါဆို နင့်ရဲ့အဖြေပဲ လိုတော့တာပေါ့"

"အင်း ..."

"နင်ကရော ဘယ်လိုလဲ"

"ရှင်းရှင်းပြောရင် ငါလည်း သူ့ကို စိတ်ဝင်စားနေပြီ"

"ဒါဆို ရှင်းပါတယ်၊ လက်ခံလိုက်ပေါ့"

"သူ့ကို လက်ခံပြီးမှ စိတ်ညစ်စရာတွေနဲ့ ကြုံရမှာ



www.burmeseclassic.com

www.burmeseclassic.com



ကြောက်တယ်"

"အချစ်က အရာရာကို အောင်နိုင်သွားမှာပါ"

"သူ့ဖြင့် ရည်းစားမထားဖူးဘဲနဲ့ လျှောက်ပြောနေတယ်"

"ရည်းစားမထားဖူးပေမယ့် သီအိုရီက အပြည့်ပဲ၊ ဘယ်ဘက်ကစမ်းစမ်း၊ အမှတ်ပြည့်ပဲ"

"လေလုံးကလည်း ထွားတယ်"

"လေလုံးလည်း ထွားတယ်၊ လူလည်း ထွားတယ်၊ အားလုံးထွားတယ်"

ပျော်တတ်သော မြတ်ထွေးကိုကြည့်ပြီး ရယ်လိုက်သည်။ သူငယ်ချင်းနှစ်ယောက် တတွတ်တွတ်နှင့် ပြောမဆုံးအောင် ရှိနေကြသည်။

* * *



## အခန်း (၁၉)

ကျော်ရှင်းက တစ်ပတ်ပြည့်သည့်နေ့မှာ လှပသော ပန်းစည်း...နှင့် စားသောက်ဖွယ်ရာများဝယ်ပြီး အိမ်စည်ရဲ့ တိုက်ခန်း...ရောက်လာသည်။

ကျော်ရှင်းကိုမြင်ပြီး အိမ်စည် ရင်တွေတအား ခုန်သွား...ည်။ တံခါးဖွင့်ပေးလိုက်စဉ် ကျော်ရှင်းက ဧည့်ခန်းထဲ ဝင်လာ...ည်။

"အိမ်စည့်အတွက် ကိုယ် ပန်းလက်ဆောင် ဝယ်လာတယ်၊ ...ူစားချင်လို့ စားစရာ ဝယ်လာတယ်၊ အရင် စားကြရအောင်...် "

ပန်းစည်းလေးကို ယူပြီး အိမ်စည်က ကြည့်လိုက်ရင်း...သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ်၊ ဘုရားကပ်လိုက်မယ်နော်"

"ကောင်းပါပြီ၊ ဒါတွေ အေးကုန်မှာစိုးလို့ အရင်စားလို့ ကြရအောင်နော်"

"ဟုတ်ကဲ့"

ကျော်ရှင်းလက်ထဲက အထုပ်ကို ယူပြီး မီးဖိုဆော င်ပြီး ပန်းကန်တွေထဲ ထည့်လိုက်သည်။ ထမင်းစားပွဲပေါ် ပြင်ဆင်ပြီး ကျော်ရှင်းကို ခေါ်လိုက်သည်။

နှစ်ယောက်သား ထမင်းစားပွဲမှာ ထိုင်လိုက်ကြသည်။

"အိမ်စည် ထမင်းစားဦးမှာ မဟုတ်တာသိလို့ ဝယ်လာပြီး ဒီမှာ စားတာ"

"ကျွန်မအတွက်က ချက်ပြီးသားပါ"

"ပူတုန်းစားလိုက်ကြရအောင်"

စားသောက်ရင်းနှင့် ကျော်ရှင်းက အိမ်စည်ရဲ့အလုပ် အကြောင်းတွေကိုသာ မေးသည်။

"အိမ်စည် ဂိုက် မလုပ်တော့ဘူးလား"

"တစ်ခါတစ်ရံမှပဲ လိုက်ဖြစ်တော့မယ်"

"ဒီကအလုပ်ရော အဆင်ပြေလား"

"ရရစားစားပါ၊ နည်းနည်း ငွေလိုရင် ခရီးစဉ်ကို လိုက် သွားလိုက်တယ်"





"အဆင်ကို ပြေနေတယ်ပေါ့"

"ဒီလိုပါပဲ၊ အဆင်ပြေအောင် လုပ်ရတာပေါ့"

စားသောက်ပြီး အိမ်စည်က ပန်းကန်တွေကို အေးအေးဆေး ...းမှာ ဆေးမည်မို့ ရေဆေးကန်ထဲ ထည့်ထားလိုက်သည်။

ကျော်ရှင်းနှင့် သူ့အတွက် အအေးယူပြီး ဧည့်ခန်းဆီကို ...က်လာသည်။

"ကိုကျော်ရှင်း ဒီနေ့ အလုပ်က စောစောပြန်တာလား"

"ဟုတ်တယ်"

"အိမ်စည်"

"ရှင် ..."

အိမ်စည်ရဲ့ မျက်နှာလေးကို ရွှန်းလဲ့စွာ စူးစိုက်ကြည့်ပြီး ...ါလိုက်သည်။

"ကိုယ့်အတွက် အဖြေရှိနေပြီ မဟုတ်လားဟင်"

"ဟုတ်ကဲ့"

"အိမ်စည့်ကို သိပ်ချစ်တယ်၊ ကိုယ့်အချစ်ကို လက်ခံပါ ...ိမ်စည်ရယ်၊ လက်ခံမယ် မဟုတ်လား"

အိမ်စည်က ရှက်ဝဲဝဲလေး ခေါင်းငုံ့ပြီး ခေါင်းကို ညိတ် ...ိုက်သည်။

"ဟာ ... လက်ခံတယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"ဝမ်းသာလိုက်တာ အိမ်စည်ရယ်၊ ကိုယ့်ကြောင့် အိမ်စ... ဘယ်တော့မှ စိတ်မဆင်းရဲစေရဘူးလို့ ကတိပေးပါတယ်"

အိမ်စည်ရဲ့လက်ကလေးကို နွေးထွေးစွာ ဆုပ်ကိုင်... နက်နက်ရှိုင်းရှိုင်း ပြောပြန်သည်။

"သိပ်ချစ်တယ် အိမ်စည်ရယ်"

အိမ်စည်ရဲ့ကိုယ်လေးကို တင်းတင်းပွေ့ဖက်လိုက်သည်။

"ကိုယ်တို့ အမြန်ဆုံး လက်ထပ်ကြရအောင်နော်"

"လက်ထပ်ဖို့တော့ မလောပါနဲ့ ကိုကျော်ရှင်းရယ်"

"ဟုတ်ပါပြီလေ၊ မေမေရဲ့ ခွင့်ပြုမှုကို ကိုယ် ရအောင်လု... မယ်နော်"

"ဟုတ်ကဲ့"

"အိမ်စည့်ကို မောင် သိပ်တန်ဖိုးထားတယ်၊ ဒါကြော... လူကြီးတွေ အိမ်စည့်ကို အသိအမှတ်ပြုပြီး လက်ခံတာကိုပဲ ဖြ... စေချင်တယ်"

"ဟုတ်ပါတယ်၊ အိမ်စည်လည်း အဲ့လိုပဲ ဖြစ်ချင်ပါတယ်"

"ဖြစ်ရမှာပေါ့ အိမ်စည်ရယ်၊ အိမ်စည်လေး စိတ်ချမ်းသ... အောင် မောင် လုပ်ပါ့မယ်"

ကျော်ရှင်းက သူ့ကိုယ်သူ မောင်ဟုသာ တွင်တွင်သုံး...





သော်လည်း အိမ်စည်က နှုတ်မရဲသေး၍ မခေါ်ပါ။

"မောင် အသက်က အခု သုံးဆယ်ထဲ ရောက်နေပြီ၊ အိမ်စည်ကရော"

"နှစ်ဆယ့်ငါးနှစ်ပါ"

နှစ်ယောက်သား မွေးသက္ကရာဇ်တွေ ပြောမိကြသည်။

"ကိုကျော်ရှင်းက ဒီအသက်အထိ တစ်ခါမှ ရည်းစား မထားဖူးဘူးလား"

"ဟာ ... ဘယ်က ကိုကျော်ရှင်းကမှာလဲ မောင်ပါ အိမ်စည် ရဲ့"

ကျော်ရှင်းက အိမ်စည်ရဲ့ ပခုံးလေးကို ညှစ်လိုက်ပြီး ပြော လိုက်သည်။ ကျော်ရှင်းထံမှ ကိုယ်သင်းနံ့နှင့်အတူ သင်းသင်း လေးမွှေးနေသော အမွှေးနံ့ကို ရလိုက်သည်။

"ကိုကျော်ရှင်းက ရေမွှေးကြိုက်လား"

"လာပြန်ပြီ မောင်လို့ခေါ်ပါဆို"

"အင်း ... ဟုတ်ပါပြီ၊ မောင်က ရေမွှေးသုံးတာလား"

"အပ်ဖကာရှေ့(ဖ)လိုရှင်း သုံးထားတာ။ မွှေးလို့လား"

"ဟုတ်တယ်"

"အိမ်စည်ရဲ့ ကိုယ်လေးကလည်း သင်းသင်းလေးမွှေးနေ တယ်၊ ဘာသုံးတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သနပ်ခါး လိမ်းထားတာလေ"

"ဟုတ်လား၊ အနံ့က သိပ်မသဲကွဲဘူး သေသေချာချာ ရှုကြည့်ဦးမှ"

ကျော်ရှင်းက ရုတ်တရက် လှုပ်ရှားလိုက်၍ အိမ်စည်ရဲ့ ပါးလေး နွေးသွားသည်။

"ဟုတ်တယ်၊ သနပ်ခါးနံ့ပဲ"

"ဟွန်း ... လူလည်ကျပြီးတော့နော်"

ကျော်ရှင်းက နာရီဝက်လောက်နေပြီး ပြန်ရန် နှုတ်ဆက်သည်။

"မောင် ဒီထက်ကြာကြာနေလို့ မသင့်တော်ဘူး ပြန်မယ်နော်"

"ဟုတ်ကဲ့"

"နေ့တိုင်းတွေ့ဖို့ မလွယ်ပေမယ့် နေ့တိုင်း ဖုန်းဆက်မယ်နော်"

"ဟုတ်ကဲ့"

ကျော်ရှင်း ပြန်သွားပြီး နောက် အိမ်စည်က မြတ်ထွေးဆီ ဖုန်းဆက်လိုက်သည်။

"မြတ်ထွေးရေ ငါ ကိုကျော်ရှင်းကို အဖြေပေးလိုက်ပြီ"

"ဟုတ်လား၊ ရည်စားတွေ ဖြစ်သွားပြီးပေါ့"





"အင်း ..."

"နင် ပျော်နေတယ်ပေါ့"

"ဟုတ်တယ်"

"ဘာတွေပြော ဘာတွေလုပ်သွားသေးလဲ"

"ကြည့် လျှောက်ပြောပြန်ပြီ၊ ရည်းစားဖြစ်မှ ရည်းစားလိုပေါ့"

"နင်က တစ်ယောက်တည်းဆိုတော့ စိတ်မချဘူး"

"အောင်မယ် ဘာစိတ်မချစရာရှိလဲ"

"စည်းကမ်းရှိရှိမနေမှာ စိုးလို့ပေါ့"

"အထင်သေးလိုက်တာဟယ်"

"နင့်ကို အထင်မသေးပါဘူး၊ ဒါပေမဲ့ အတွေ့ဆိုတာ ...ိုင်နိုင်ခဲ့တယ်လို့ သိထားလို့"

"ဟာ ... ဒီအပျိုကြီးတော့ မဟုတ်တော့ဘူး။ ကိုယ်တွေ့...း၊ ဗဟုသုတလား"

"ကောင်စုတ်မ ငယ်ငယ်တည်းက နင်နဲ့အတူနေလာတာ ...ယ်တွေ့ဖြစ်မလားဟဲ့"

မြတ်ထွေး ဒေါသဖြစ်ပြီး တစ်ဖက်ကနေ မေတ္တာပို့နေသည် အိမ်စည်က သဘောကျစွာ ရယ်လိုက်သည်။ မြတ်ထွေးသာ ...ားမှာရှိလျှင် သူ့ အထုခံရမှာ သေချာသည်။



www.burmeseclassic.com

www.burmeseclassic.com



"မိန်းမ သိပ်ပျော်နေတယ်ပေါ့"

"အင်း ... ပျော်တာမှ အရမ်းကိုပျော်တာ၊ ငါ့ကို အားမ
ဘူးလား"

"ဟင့်အင်း"

"ဘာလို့"

"အပူမရှာချင်လို့"

"အပိုတွေ"

ရယ်မောပြောဆိုပြီး ဖုန်းပိတ်လိုက်သည်။ အိမ်စည့်၏ ရင်ထဲမှာ အပျော်တွေနှင့် ပြည့်နေသည်။ အိမ်စည်က အပျော်တွေဖြင့် တော်တော်နှင့် အိပ်မပျော်ပါ။

* * *

နောက်တစ်နေ့ ကျော်ရှင်းက အိမ်စည့်ထံသို့ ဖုန်းဆက်သည်။

"အိမ်စည်ရေ မောင် ဒီနေ့ မလာဖြစ်ဘူး။ အိမ်စည့်၏ အသံလေး ကြားချင်လို့ ဖုန်းဆက်တာ"

"အလုပ်များလို့လား"

"ဟုတ်တယ်၊ ကိုကြီး ခိုင်းထားတာတွေရှိလို့"

"ပင်ပန်းနေလား မောင်"





"ဟာ ... အဲ့ဒီအသံလေး ကြားလိုက်တာနဲ့တင် ပင်ပန်းတာတွေ ပျောက်ကုန်ပြီ"

"တကယ်လား"

"တကယ်ပေါ့၊ အခု ဘာလုပ်နေလဲ"

"အိမ်သန့်ရှင်းရေး လုပ်နေတယ်"

"အလုပ်တွေ ပင်ဂင်ပန်းပန်း လုပ်မနေနဲ့ဦးနော်"

"လုပ်နေကျတွေပါ"

"ဟင်းရော ကောင်းကောင်းချက်ထားရဲ့လား"

"ပုံမှန်ပါပဲ"

"အိမ်စည်လေး ဒီလို တစ်ယောက်တည်း ပင်ပန်းနေတာ မောင် မကြည့်ရက်ဘူး"

"မပင်ပန်းပါဘူး"

"မောင်နဲ့ လက်ထပ်ပြီးရင် ဘာအလုပ်မှ မခိုင်းဘူး သိလား"

"အဲ့ဒီတော့ အိမ်အလုပ်ကို ဘယ်သူလုပ်မှာလဲ"

"အိမ်ဖော်တွေ ထားမှာပေါ့"

"မောင့်အပြောတွေနဲ့တင် ဝမ်းသာကြည်နူးရပါပြီ"

"အပြောမဟုတ်ဘူး လက်တွေ့ပြမှာ"

"အင်းလေ ကြည့်ရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အဲ့လို မယုံသင်္ကာ မပြောနဲ့။ မောင် စိတ်မကောင်းဘူး"

"ဟုတ်ပါပြီ မောင်ရယ် ယုံပါတယ်"

"ကဲ ... ဖုန်းချလိုက်မယ်နော်"

"ဟုတ်ကဲ့"

"သိပ်ချစ်တယ် အိမ်စည်ရယ်"

ကျော်ရှင်းရဲ့စကားကို ကြားပြီး အိမ်စည်ရဲ့ ရင်ထဲမှာ ဖျတ်ဖျတ်ခါအောင် ကြည်နူးသွားပါတော့သည်။ ကျော်ရှင်းကိုလည်း သူ့ရဲ့ နှလုံးသားတွေ အားလုံး ပုံအပ်ပြီး ချစ်လိုက်ပါတော့သည်။

* * *



## အခန်း (၂၀)

အိမ်စည်ရဲ့ဖခင် ဦးမြတင်က သူဌေးသမီး ဇနီးသည် ဒေါ်ခင်အေးနှင့်ကွဲပြီးနောက် ရန်ကုန်ကနေ လွင့်သွားပါတော့သည်။

မြိတ်ဘက်ကိုရောက်ပြီး ထိုမှာပဲ ဇာတ်မြုပ်နေလိုက်သည်။ စိတ်ပျော့သော ဒေါ်ခင်အေးက မိဘတွေနောက် ပြန်ပါသွားပြီး သူ့ကို လုံးဝ အဆက်အသွယ် ဖြတ်လိုက်သည်။

ဒေါ်ခင်အေးထံတွင် ကိုယ်ဝန်ပါသွားသည်ကို သိသည်။ သားလား၊ သမီးလား သိချင်နေသည်။ တစ်နေ့မှာတော့ သိချင်စိတ်ကို မမြိုသိပ်နိုင်၍ ရန်ကုန်လိုက်ခဲ့ပြီး စုံစမ်းသည်။

ဒေါ်ခင်အေးသည် မီးဖွားပြီး သေဆုံးတာကို သိခဲ့ရပြီး သမီးတစ်ယောက် ကျန်ခဲ့သည်ကို သိသည်။ သမီးကို ရလိုမှုနှင့် ဒေါ်ခင်အေးရဲ့ မိဘတွေဆီ သွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကလေးကို မရခဲ့သည့်အပြင်၊ သူ့ကို လုံးဝ လက်မခံပါ။ တစ်ချိန်တုန်းကလည်း သူတို့ရဲ့ အရိပ်အဝါကိုသုံးပြီး ဇနီးနှင့် ခွဲခဲ့ရသလို သည်တစ်ချိန်မှာလည်း သမီးနှင့် ခွဲခဲ့ရသည်။

ဒေါ်ခင်အေးရဲ့ မိဘတွေ စီးပွားကျ သေဆုံးပြီး သမီးက ဒေါ်ခင်သိန်းလက်ထဲမှာ ကျန်ရစ်ခဲ့သည်ကိုသိရသည်။

သမီး အိမ်စည် သုံးလေးနှစ်အရွယ်မှာ သူ ရန်ကုန်တစ်ခေါက် ရောက်သေးသည်။ ဒေါ်ခင်သိန်းက ခြေရာဖျောက်၍ သမီးနှင့် မတွေ့ခဲ့ပါ။

မြိတ်မှာပဲ စီးပွားလုပ်ရင်း တဖြည်းဖြည်း အဆင်ပြေလာသည်။ သူ့ရဲ့ စီးပွားဘက်က သေဆုံးသွားပြီး သားတစ်ယောက် ကျန်ရစ်ခဲ့သည်။

ထိုသားကို ကြီးပြင်းအောင်မွေး ပညာသင်ပြီး စီးပွားရေးကိုပါ လုပ်စေသည်။

ဦးမြဘင်ရဲ့ ကျန်းမာရေးက တဖြည်းဖြည်း ဆုတ်ယုတ်လာသည်။ မွေးစားသား ဝေလကို တစ်နေ့မှာ သူ့ရင်ထဲက မျိုသိပ်ထားရသော အဖြစ်တွေကို ပြောပြသည်။

“ဝေလရေ ဦးရဲ့ ကျန်းမာရေးက နေ့လား၊ ညလား ဖြစ်နေပြီနော်”

“ဟာ ... ဦးဦးကလည်း ဒီလောက် ဆေးကုနေတာ ဘာမှ





ဖြစ်နိုင်ပါဘူး”

“ကလေးရယ် ဦးဦးကို မဖုံးကွယ်ချင်ပါနဲ့၊ ပြောချင်တဲ့ စကားတွေ ပြောခဲ့ပါရစေ”

“ဦးဦး တစ်စုံတစ်ရာဖြစ်သွားရင် ဦးဦးရဲ့ စီးပွားရေးကို ဟင်ဝေလ တစ်ဝက်၊ သမီးတစ်ဝက် ပေးချင်ပါတယ်ကွယ်”

“ဟင် ... ဦးဦးမှာ သမီးရှိတယ် ဟုတ်လား”

“ရှိတာပေါ့”

“ဘယ်သူလဲဟင်”

“အိမ်စည်တဲ့”

“အခု ဘယ်မှာလဲ”

“ရန်ကုန်မှာ သားထက် လေးငါးနှစ်လောက် ငယ်တယ်”

“ဟုတ်လား၊ ဦးဦးက သမီးရှိတာ တစ်ခါမှမပြောဘူးနော်”

“သားရဲ့အဖေ သိပါတယ်၊ သားကိုတော့ စိတ်မကောင်းဖိုးလို့ မပြောခဲ့ဘူး”

“အဆက်အသွယ် လုံးလုံးမရှိဘူးပေါ့”

“ဟုတ်တယ်၊ အဲ့ဒီသမီးကို ရှာပေးပါကွယ်”

“ဟုတ်ကဲ့၊ ဘယ်မှာ ရှာရမလဲသာပြောပါ”

“ကောင်းပါပြီကွယ်”

ဦးမြတင်က ဒေါ်ခင်အေးတို့ ယခင်နေခဲ့သော လိပ်စာကို



www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်သည်။ ပြီးတော့ ရပ်ခွေ ရပ်မျိုးတစ်ယောက်ရဲ့ လိပ်စာကိုပေးပြီး စုံစမ်းခိုင်းလိုက်သည်။

ဝေလ ရန်ကုန်ကိုမသွားခင်မှာပဲ ဦးမြတင်က ရောဂါဖောက်လာသည်။ မသေဆုံးမီ အိမ်စည်ကို တွေ့အောင်ရှာပါဟု ဝေလထံတွင် ကတိတောင်းလိုက်သည်။

"စိတ်ချပါ ဦးဦးရယ်၊ ဦးဦးသမီး ရသင့်ရထိုက်တဲ့ ဥစ္စာ သူ့လက်ထဲ ရောက်အောင်လုပ်ပေးပါ့မယ်"

"သားကို ဦးဦး ယုံကြည်ပါတယ်ကွယ်"

ဦးမြတင်က ရက်ပိုင်းလောက်သာခံပြီး သေဆုံးသွားသည်။ ဝေလကပဲ ဦးမြတင်ရဲ့ ကိစ္စအဝဝကို စွမ်းဆောင်ပေးသည်။ ဦးမြတင် ကွယ်လွန်ပြီး တစ်လအကြာမှာ အလုပ်တွေပါးသဖြင့် ရန်ကုန်ကို ဆင်းလာသည်။

ဒေါ်ခင်အေးတို့နေခဲ့သော လိပ်စာကို သွားကြည့်သည်။ ပိုင်ရှင်က နှစ်လက်တောင် ပြောင်းခဲ့ပြီဖြစ်သည်။ သတင်းအစ...ကို လုံးဝ မရပါ။

စိတ်ညစ်ညစ်နှင့် လက်ဖက်ရည်ဆိုင်ကို ဝင်လိုက်သည်။ ရပ်ကွက် လက်ဖက်ရည်ဆိုင်မှာတော့ ဒေါ်ခင်အေး...ကို သိသူရှိမည်ဟု ထင်သည်။

မျက်နှာစိမ်းမို့ ဆိုင်ရှင်က သူ့ကို ကြည့်နေသည်...





...က်ဖက်ရည်နှင့် မုန့်မှာစားပြီး သူဆက်နည်းနည်းကြီးပုံရသော ...င်ရှင်ကို ဌေရှင်းရင်းနှင့် စပ်စုလိုက်သည်။

"ခင်ဗျား ဒီမှာ ဆိုင်ဖွင့်တာကြာပြီလား"

"အင်း ... ကြာပြီ၊ ဘာပြုလို့လဲ"

"မေးတာ စိတ်မရှိပါနဲ့၊ ကျွန်တော် သိချင်တာလေး ရှိ...ပါ"

"ဘာများလဲ"

"အရင်က ဒီလမ်းထဲက တိုက်ကြီးက အိမ်ရှင်တွေ...ကြောင်း သိချင်လို့ပါ"

"အိမ်ရှင်က ပြောင်းလာတာ ငါးနှစ်လောက်ပဲရှိဦးမယ်"

"လွန်ခဲ့တဲ့ နှစ်အစိတ်လောက်ကကို သိချင်တာပါ"

"အဲ့ဒီတုန်းက ခင်ဗျားက ဘယ်အရွယ်မို့လဲ"

"ကျွန်တော့်ရဲ့ မွေးစားအဖေက အဲ့ဒီအိမ်မှာ ဒရိုင်ဘာ...ခဲ့ဖူးပါတယ်"

"ဟုတ်လား၊ ကျွန်တော်ကလည်း နောက်ပိုင်းမှရောက်တဲ့ ...ိုတဲ့ အဲ့ဒီအဖြစ်တွေ သိမှာမဟုတ်ဘူး"

"ဒီရပ်ကွက်မှာနေခဲ့တဲ့ လူကြီးတစ်ယောက်ယောက်ကို ...မှဖြစ်မှာ"

ဆိုင်ရှင်က ထိုသို့ပြောပြီး ဆိုင်ရှေ့သို့ လှမ်းကြည့်၊ ဝမ်း



www.burmeseclassic.com

www.burmeseclassic.com



သားအားရ ပြောသည်။

"ဟာ ... ဟိုမှာ အဘဦးဌေးလာပြီ၊ သူ့မေးရင် သိမှာ"

"ဟုတ်လား"

"အဘဦးဌေး ဒီမှာဗျာ ဟိုအိမ်ကြီးရဲ့အကြောင်း စုံစမ်းချင်လို့တဲ့"

"ဘယ်အိမ်လဲ"

"လမ်းထဲက ခြံကျယ်ကြီးနဲ့ တိုက်ဝါအိမ်ကိုလေ"

"ဩော် ... ဟုတ်လား၊ မင်းဂ၂ ဘယ်သူလဲ"

"ကျွန်တော်က ဟိုအလွန်ခဲ့ အနှစ်အစိတ်လောက်တုန်းက အိမ်ကြီးမှာ ဒရိုင်ဘာလုပ်သွားတဲ့ ဦးမြတင် ရဲ့ မေးစားသားပါ"

"ဟော ... မြတင်ရဲ့သား ဟုတ်လား"

"ဟုတ်ပါတယ်၊ မွေးစားသားပါ"

"ဒါနဲ့ မြတင်တစ်ယောက်ရော"

ဝေလက ဖြစ်ပျက်သမျှတွေကို ပြောပြလိုက်သည်။ အဘဦးဌေးက စိတ်ဝင်စားစွာ နားထောင်နေသည်။

"အဘ ဒေါ်ခင်သိန်းနဲ့ အိမ်စည် ဘယ်ပြောင်းသွားလဲ သိလားဟင်"

"အင်း ... မခင်သိန်းနဲ့က အဆက်အသွယ် ရှိခဲ့ပါတယ်၊ သူနေတဲ့ လိပ်စာပေးခဲ့လို့ တစ်ခါတောင် သွားလည်သေးတယ်"





"ဟုတ်လား၊ သူ့လိပ်စာလေးပေးပါလားဗျာ"

"သူကတော့ ဆုံးသွားပြီ၊ အိမ်စည်ကတော့ အဲ့ဒီမှာ ဆက်နေမှာပဲ"

"ဝမ်းသာလိုက်တာ အဘရယ်၊ ကျွန်တော် ချက်ချင်းပဲ လိုက်သွားချင်တယ် ဦးဦးရဲ့ဆန္ဒတွေ ဖြည့်ဆည်းပေးမှ ကျွန်တော် စိတ်အေးရမှာပါ"

"အေးကွယ် လိုက်သွားပါ၊ အဖေဆုံးမှပဲ ကလေးမလေးလည်း အဖေ့ရဲ့ အဆက်အသွယ်ကို ရရှာတယ်။ ဝေလက နှမ်းပါးပုံရသော အဘဦးဌေးကို ငွေအချို့နှင့် ကန်တော့ပြီး အငှားကားဖြင့် အိမ်စည်နေသော တိုက်ခန်းကို ထွက်လာသည်။

* * *

ဝေလက အရပ်မြင့်မြင့်၊ ကိုယ်လုံးထွားထွားနှင့် ရုပ်ရည်က ရှက်ကြမ်းရေချိုအသင့်အတင့်ကြည့်ကောင်းသည်။ ချောသည့်ဘက်မပါသော်လည်း ယောကျ်ားပီသသည့် ပုံစံပါ။

အိမ်စည်ရဲ့ တိုက်ခန်းဆီသို့ရောက်ပြီး တံခါးခေါက်လိုက်သည်။ အိမ်စည်က ချောင်းကြည့်ပေါက်ကကြည့်ပြီး သူစိမ်းဖြစ်နေ၍ မဖွင့်ရဲပါ။

"ဘယ်သူပါလဲရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် မအိမ်စည်နဲ့ တွေ့ချင်လို့ပါ။ မြတ်က မအိမ်စည်ရဲ့အဖေ ဦးမြတင်ရဲ့ မွေးစားသားပါ"

"ဟင် ... မြတ်ထွေး ငါ့အဖေရဲ့ မွေးစားသားဘဲ"

မြတ်ထွေး အိမ်မှာရှိနေ၍ အဆင်ပြေသွားသည်။ အဖော်ရှိ၍ အိမ်စည်က ချက်ချင်းတံခါးဖွင့်ပေးလိုက်သည်။

"အထဲဝင်ပါရှင်"

ဝေလက အခန်းထဲဝင်ပြီး ဆက်တီမှာ ထိုင်လိုက်သည်။

"ဒီက ဖေဖေ့ရဲ့ မွေးစားသား ဟုတ်လား"

"ဟုတ်ပါတယ် ဝေလာပါ။ ဦးဦးက သူ့သမီးကို မတွေ့တွေ့အောင် ရှာပေးပါဆိုလို့ ကျွန်တော် လိုက်ရှာခဲ့တာပါ"

"ဟုတ်လား၊ ဖေဖေက ကျွန်မကို တွေ့ချင်တယ် ဟုတ်လား"

"သိပ်ကို တွေ့ချင်ခဲ့တာပါ"

"တွေ့ချင်ရင် ဘာလို့ လာမတွေ့တာလဲ"

"မအိမ်စည်က လူကြီးတွေအကြောင်းကို သေသေချာချာ မသိရှာဘူးနော်"

"ကိုဝေလက သိလား"

"ဦးဦးပြောပြလို့ အားလုံးကို သိပါတယ်"

"ကျွန်မကို ပြောပြပါလား"





ဝေလက အိမ်စည်ကို ဦးမြတင်နှင့် ဒေါ်ခင်အေးတို့အဖြစ်အပျက်တွေ အားလုံးကို ပြောပြလိုက်သည်။

"ဒါဆို ဖေဖေက ကျွန်မနဲ့ တွေ့ဖို့ကြိုးစားခဲ့တာပေါ့နော်"

"ဟုတ်ပါတယ်"

"ဒါဆို ခု ဘာလို့ ဖေဖေ လိုက်မလာတာလဲ"

ဝေလရဲ့မျက်နှာက ညှိုးကျသွားသည်။ အိမ်စည်ကို ကြည့်ပြီး စိတ်မကောင်းသော်လည်း ပြောလျှင်မပြီးသည့်ကိစ္စမို့ ပြောလိုက်ရပါသည်။

"မအိမ်စည်ရဲ့အဖေ ကွယ်လွန်သွားပါပြီ"

"ရှင် ... ဖေဖေ မရှိတော့ဘူး"

"ဟုတ်ပါတယ်"

ဝေလက အဖြစ်အပျက်အားလုံးကို ပြောပြပြီး ထားရစ်ခဲ့သော အမွေကိစ္စကိုလည်း ပြောသည်။

အိမ်စည်က ဝမ်းနည်းလွန်း၍ တရှိုက်ရှိုက် ငိုကြွေးနေသည်။ မြတ်ထွေးက ကံဆိုးရှာသော သူငယ်ချင်းကို ချော့နေသည်။

"အဖေဆိုတာ ဘယ်လိုမှန်းမသိလို့ ကျွန်မ သိပ်ပြီး တွေ့ချင်မြင်ချင်နေတာပါ"

"ဦးဦးကလည်း သိပ်တွေ့ချင်ခဲ့ရှာပါတယ်၊ မအိမ်စည်ကို



www.burmeseclassic.com

www.burmeseclassic.com



သားအဖက မဆုံတွေ့ဖို့ကို ဖြစ်လာတာ"

"ဖေဖေ့ဓာတ်ပုံ ရှိလားဟင်"

"ရှိပါတယ်၊ ဒီမှာ ပါလာပါတယ်"

ဝေလက ဓာတ်ပုံကို ထုတ်ပြသည်။ ရုပ်ရည်သန့်သန့် နားနားရှိသော ဖခင်ရဲ့ ငယ်ရွယ်သည့်ပုံကိုကြည့်ပြီး အိမ်စည်က စိတ်ထိခိုက်စွာ ငိုကြွေးလိုက်သည်။

"ဦးဦးရဲ့ အမွေကို မအိမ်စည် လက်ခံရမှာမို့ မြိတ်ကို လိုက်စေချင်တယ်"

"အဖေ့အစား အမွေကိုပဲ အိမ်စည်ရမှာပေါ့နော်"

"အဲဒီအတွက် ကျွန်တော်လည်း စိတ်မကောင်းပါဘူး မအိမ်စည်ရယ်"

ညှိုးငယ်နေသော အိမ်စည်ရဲ့ မျက်နှာလေးကိုကြည့်ပြီး သနားစိတ်နှင့်အတူ ချစ်စိတ်က ဝေလရဲ့ရင်ထဲကို တိုးဝင်လာသည်။

"မအိမ်စည် မြိတ်ကိုလိုက်ခဲ့ပြီး လွှဲစရာရှိတာတွေ ရန်ကုန်ကို လွှဲလိုက်ရင် အဆင်ပြေမှာနော်"

"ဖေဖေက ကျွန်မကို မမြင်ဖူးပေမယ့် ကျွန်မကို သံယောဇဉ်ရှိသားပဲ"

"မိဘနဲ့ သားသမီးပဲ မအိမ်စည်ရယ်၊ သားသမီးကို ချစ်





စိတ် သူ့မှာ အပြည့်ရှိတာပေါ့။ မအိမ်စည်ရဲ့အကြောင်း အိမ်စည်နဲ့ တွေ့ခွင့်မရခဲ့ပေမယ့် အမြဲတမ်း သမီးကို တမ်းတခဲ့ ပါ"

"ဟုတ်မှာပါ၊ ဖေဖေ့ကို အသက်ရှင်ရက် ပြန်တွေ့ရရင် ကောင်းမှာ"

"သူကလည်း သိပ်ကို တွေ့ချင်ရှာပါတယ်"

အိမ်စည်က ဖခင်ရဲ့အကြောင်းကို တွေးပြီး စိတ်မကောင်း ဖြစ်နေသည်။

"မအိမ်စည် မြိတ်ကို ဘယ်တော့လောက် လိုက်နိုင်မလဲ၊ ဖြစ်နိုင်ရင် ကျွန်တော် အပြန်မှာ တစ်ခါတည်း လိုက်ပါစေချင် တယ်"

"ဘယ်တော့လောက်ကို ဝေလ ပြန်မှာလဲ"

"လေးငါးရက်နေရင် ပြန်ချင်တယ် တစ်ခါတည်း လိုက် နိုင်မလား"

"မြတ်တွေး နှင့် လိုက်နိုင်လား"

"အားတယ် လိုက်ခဲ့မယ်"

"ဒါဆို ကျွန်မ လိုက်ခဲ့ပါ့မယ်"

"ကောင်းပါပြီ၊ လေယာဉ်လက်မှတ် ကျွန်တော် လုပ်လိုက် ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



မြတ်ထွေးနှင့် အိမ်စည်ရဲ့ လေယာဉ်လက်မှတ်ကို ဝေလ က ဝယ်ပေးမည်ဟု ပြောသည်။ ဝေလ ပြန်သွားပြီး အိမ်စည် သူ့အဖြစ်ကို သူ မယုံနိုင်လောက်အောင် ခံစားနေရသည်။

"မြတ်ထွေးရယ် ငါတစ်ခါမျှ မမြင်ဖူးလိုက်တဲ့အဖေ ငါ့အတွက် အမွေတွေ ထားခဲ့တယ်တဲ့"

"အေးလေ တကယ် အံ့ဩတယ်"

"စိတ်မကောင်းလိုက်တာ ငါ့ဘဝက ဆိုးလိုက်တာ မိဘတွေနဲ့ မကြီးရဘူး၊ အမေဟာ ငါ့ကိုမွေးပြီး ဆုံးတယ်။ အဖေ နဲ့က အသက်ရှင်နဲ့ လွဲနေတယ်။ ဆုံးပြီဆိုမှ အဆက်အသွယ် ရတယ်နော်"

"အဲ့ဒါတွေကို တွေးပြီး စိတ်မကောင်းမဖြစ်ပါနဲ့ အိမ်စည် ရယ်၊ မိဘတွေအတွက် ကောင်းမှုကုသိုလ် လုပ်ပေးပေါ့"

"အင်းလေ ... ဒါပဲရှိတာပဲ"

သူငယ်ချင်းနှစ်ယောက် ထိုနေ့က စကားတွေ ပြောမဆုံး ပါ။

* * *



## အခန်း (၂၁)

ကျော်ရှင်းနှင့် တွေ့သည့်အခါ အိမ်စည်က ထိုအကြောင်း ကို ပြောပြသည်။

"မောင်ရေ ကျွန်မရဲ့ဖေဖေက ကျွန်မကို အမွေတွေပေးခဲ့ လို့ ဗြိတ်ကို လိုက်သွားရမယ်"

"အိမ်စည်ရဲ့အဖေ ဟုတ်လား၊ ဒါနဲ့ အဖေ မရှိတော့ဘူး ဆို"

"မရှိတော့ဘူးလို့ ကျွန်မ သိခဲ့တာ၊ ဒါပေမဲ့ မောင်ရေ အဖြစ်က ဒီလို မယုံနိုင်စရာပဲ"

အိမ်စည်က ကိုဝေလရောက်လာပြီး ကြားခဲ့ရသမျှကို ကျော်ရှင်းအား ပြောပြသည်။

"ဒါဆို ဗြိတ်ကို အိမ်စည် လိုက်သွားရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်"

"မောင် စိတ်မချဘူး"

"မြတ်ထွေးပါတာပဲ မောင်ရယ်"

"မြတ်ထွေးကလည်း မိန်းကလေးလေ၊ တစ်စုံတစ်ခုဆို ဘာကာကွယ်ပေးနိုင်မှာလဲ"

"ဘာမှမဖြစ်နိုင်ပါဘူး မောင်ရယ်"

"စိတ်မချပါဘူးကွာ၊ မောင်ပါ လိုက်ခဲ့မယ်"

"မောင်က အားလို့လား"

"အားအောင်လုပ်မယ်"

ကျော်ရှင်း အလုပ်ရှုပ်မှာစိုး၍ မလိုက်စေချင်သော်လည်း တစ်မျိုးတမည် ထင်မှာစိုးရိမ်ပြီး အိမ်စည်က လိုက်ခွင့်ပြုလိုက်သည်။

"ဒါဆိုလည်း မောင့်သဘောပါပဲ"

"ဘယ်နေ့သွားမှာလဲ။ အဲ့ဒီ ကိုဝေလက ဘယ်မှာတည်းလဲ မောင်သွားတွေ့မယ်"

ဝေလ တည်းခိုသော လိပ်စာကို အိမ်စည်က ပေးလိုက်သည်။ အိမ်စည်ထံမှ ပြန်လာပြီး ကျော်ရှင်းက ဝေလဆီကို ဝင်သည်။

တစ်ယောက်နှင့်တစ်ယောက် မဆုံဖူးသူချင်းမို့ ဝေလအား





ကျော်ရှင်းကပဲ စတင်မိတ်ဆက်လိုက်သည်။ ကျော်ရှင်းသည် အိမ်စည်ရဲ့ ချစ်သူဆိုတာ သိလိုက်ရပြီး ဝေလ အလွန် စိတ်ညစ်သွားသည်။

အိမ်စည်ကို ခြေမြင်ချင်း စိတ်ဝင်စားမိပြီး ယခုလို အိမ်စည့်ထံတွင် ချစ်သူရှိသည်ဆိုတာ သိရပြီး စိတ်ခေတ်ကျသွားသည်။

သူကြိုးစားရှာသော စပယ်ကုံးကို ဦးနှင့်သူက ရှိပြီးနေပြီးသဖြင့် ဝေလ စိတ်မကောင်းသည်မှာ မဆန်းပါ။

"အိမ်စည်တို့နဲ့အတူ ကျွန်တော် မြိတ်ကို လိုက်ခဲ့ချင်တယ် ဖြစ်မလား"

"ဖြစ်ပါတယ်၊ လေယာဉ်လက်မှတ်တော့ လုပ်ပြီးနေပြီ"

"ရပါတယ်၊ ဘယ်နေ့လဲဆိုတာ သိပြီပဲ ကျွန်တော့်ဘာသာ လုပ်လိုက်ပါ့မယ်"

"ကောင်းပါပြီ"

ဝေလကို နှုတ်ဆက်ပြီး ပြန်ခဲ့သည်။ အိမ်စည်နှင့် ချစ်သူတွေဖြစ်သည့်ကိစ္စ အိမ်ကို မပြောရသေး၍ သူသွားမည့်ခရီးအတွက် ဆင်ခြေကောင်းတစ်ခု ပေးရပါတော့မည်။

ကျော်ရှင်းက ထိုနေ့ ညစာထမင်းဝိုင်းမှာ သူ ခရီးထွက်မည်အကြောင်း ပြောသည်။

"ကျွန်တော် သန်ဘက်ခါ မြိတ်ကို ခရီးထွက်မယ် မေမေ"



www.burmeseclassic.com

www.burmeseclassic.com



ကျော်လင်းက သူ့ကို မကျေနပ်သောအကြည့်နှင့် လှမ်းကြည့်သည်။

"မင်းကလည်း အလုပ်များပါတယ်ဆိုမှ ခဏခဏ ခရီးထွက်နေတာပဲ"

"ကိစ္စလေးတစ်ခု ရှိလို့ပါ"

"ဘာကိစ္စလဲ"

"ကျွန်တော့်စာအုပ်အတွက် ကိစ္စလေးရှိလို့ပါ"

"မင်းကိစ္စကလည်း မပြီးနိုင်ဘူး"

"ကိုကြီးရယ် ကမ္ဘာကြီးမှာ ခဏလောက် ကျွန်တော်မရှိလည်း ဖြစ်နိုင်တာပဲ"

"မင်းက အလုပ်မဟုတ်တာ လုပ်နေတာကိုး"

"အလုပ်မဟုတ်တာ မဟုတ်ပါဘူး၊ ဒါ ကျွန်တော် စိတ်ဝင်စားပြီး အကျိုးအမြတ်ရှိတဲ့ အလုပ်ပါ"

"ဟုတ်ပါတယ် သားကြီးရယ်၊ သူ့စာအုပ်ကိစ္စအတွက်ဆိုရင် ခွင့်ပြုလိုက်ပါ"

အမေကပါ ဝင်ပါတော့ ကျော်လင်းက မပြောတော့ပါ။ စိတ်ထဲက မကျေနပ်ပါ။

"ကျောင်းသာပိတ်ရင်ကောင်းမှာ ကိုလေးနဲ့ လိုက်လို့ရမှာ"

မေလေးနှင့် မေထွေးက လိုက်ချင်၍ ပြောသည်။ သူတို့





ကျောင်းမပိတ်တာပဲ ကံကောင်းလေစွဟု ကျော်ရှင်းက တွေးသည်။

"ထွေးတို့ကျောင်းပိတ်ရင် အဲ့လိုခရီးထွက်ချင်တယ် ကိုလေး လိုက်ပို့ပေးနော်"

"အားရင် ပို့ပေးမှာပေါ့"

"မေမေလည်း ခရီးမထွက်တာကြာပြီဆိုတော့ ထွေးတို့နဲ့ အတူ ခရီးထွက်ကြရအောင်နော်"

"အေးပါ သမီးရယ်၊ စာမေးပွဲပဲ ပြီးပါစေဦး"

"မေထွေး စာမေးပွဲကဖြေရမှာ နှစ်လပဲ လိုတော့တယ်၊ စာအကြောင်း မတွေးဘဲ ဘာပြုလို့ လည်ဖို့ချည်းပဲ စိတ်ဝင်စားနေရတာလဲ"

"ကိုကြီးကလည်း စာက အဓိကပဲ ကျက်တာပေါ့၊ ဒါပေမဲ့ လည်ဖို့လည်း ကြိုစဉ်းစားထားရတာပေါ့"

မေထွေးက အငယ်ဆုံးပီပီ အကြောက်အလန့်လည်းနည်းပြီး ပြောချင်တာကို စွတ်ပြောပါတော့သည်။ သူ့ကို ခွင့်လွှတ်ထားရသည်မို့ ကျော်လင်းက ထပ်မပြောတော့ပါ။

ခရီးသွားခွင့်ရလိုက်ပြီမို့ ကျော်ရှင်းက ဝမ်းသာနေသည်။ ထမင်းစားသောက်ပြီး သူ့အခန်းထဲ ရောက်သည်နှင့် အခန်းတံခါးကို ပိတ်လိုက်ပြီး အိမ်စည်ထံ ဖုန်းဆက်သည်။

"အိမ်စည်လေး ဘာလုပ်နေလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ထမင်းစားပြီး ထိုင်နေတာ"

"မြိတ်ကို မောင် လိုက်မယ့်အကြောင်းကို အိမ်ကို ပြော ပြီးပြီ"

"လိုက်ခွင့်ရရဲ့လား"

"အင်း ..."

"ကျွန်မနဲ့သွားမှာ မောင့်အိမ်က မသိဘူးပေါ့နော်"

"ဟင့်အင်း"

ကျော်ရှင်းက အိမ်ကို ဖွင့်မပြောရဲသေးသည့်အဖြစ်ကို၊ အိမ်စည်က စိတ်မကောင်းပါ။

"ကျွန်မနောက် လိုက်တာမှန်းသိရင် ဘယ်ခွင့်ပြုကြမလဲ နော်"

"အဲ့လို ဝမ်းနည်းစကားတွေ မပြောပါနဲ့ အိမ်စည်ရယ်၊ မောင် စိတ်မကောင်းဘူး"

"မောင် လိုက်မယ်ဆိုတော့ တစ်တပ်တအားပါပဲ။ ဒါပေမဲ့ မောင့်အလုပ်တွေကို ပစ်ထားခဲ့ရတာ စိတ်မကောင်းဘူး"

"တစ်ခါတလေပဲကွာ ရပါတယ်"

"အစ်ကိုက ဆူသေးလား"

"ဟင့်အင်း"

"တော်သေးတာပေါ့"





"သူတားလည်း မောင်က ရအောင်လိုက်မှာပါ"

"သတ္တိရှိတယ်ပေါ့"

"ဟုတ်တယ်၊ မောင် ဘယ်လောက် သတ္တိရှိတယ်ဆိုတာ လက်တွေ့ပြမှာပါ"

"ယုံပါတယ် မောင်ရယ်"

"ဒါဆို ဂွတ်နိုက်နော်၊ အိပ်မက်ထဲမှာ မောင့်ကို ထည့်မက်ဦး"

"ဟုတ်ကဲ့"

"အိမ်စည်လေးကို သိပ်ချစ်တယ်"

ချစ်တတ်မှ အဖြစ်သည်းလွန်းသော ကျော်ရှင်းကြောင့် အိမ်စည်က ကြည်နူးစွာ ရယ်လိုက်သည်။

* * *

အိမ်စည်တို့ မြိတ်သွားမည့်နေ့က ကျော်ရှင်းကို လေဆိပ်မှာပဲ ဆုံလိုက်ကြသည်။ ခရီးစဉ်ကို အတူတကွ ထွက်လာကြသည်။

မြိတ်ရောက်ပြီး အိမ်စည်တို့က သူများအိမ်တွင် မတည်းချင်၍ ဟိုတယ်မှာပဲ တည်းလိုက်သည်။ ရောက်ပြီး နောက်တစ်နေ့မှာ ဦးမြတင် လွှဲအပ်ထားခဲ့သော ရွှေနေနှင့် သူတို့ကို ဝေလက တွေ့ဆုံပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးမြတင် လွှဲခဲ့သော အမွေအနှစ်က သိန်းသုံးရာကျော် ရှိနေသည်။ သည်လို များများစားစားရအောင် ဖခင်ကြီးက ပင်ပင်ပန်းပန်း ရှာခဲ့ရမှာပဲဟု အိမ်စည်က တွေးရင်း စိတ်မကောင်းပါ။

ဖခင်ရဲ့ ကျေးဇူးကို အောက်မေ့ပြီး ရင်ထဲမှာ စူးစူးနင့်နင့် နာကျင်နေသည်။ ငွေသားအားလုံး ရန်ကုန်သို့ ဘဏ်ကနေပဲ လွှဲလိုက်သည်။

သုံးလေးရက်နှင့် အမွေကိစ္စက ပြီးပြတ်သွားသည်။ အိမ်စည်ကို မျှော်လင့်လို့ မရတော့သော ဝေလက စိတ်ရင်းစေတနာ အပြည့်နှင့် ကူညီရင်း ကျော်ရှင်းကိုပါ ခင်သွားသည်။

"ရောက်တုန်းရောက်ခိုက် လည်ပတ်ပြီးမှ ပြန်ကြပါလား"

"ကျွန်မတို့ကတော့ ဖြစ်ပါတယ်။ ကိုကျော်ရှင်းက အားတာမဟုတ်လို့ပါ"

"နောက်ထပ် နှစ်ရက်သုံးရက်တော့ နေလို့ရပါတယ်"

"ဒါဆို အဆင်ပြေတာပေါ့"

"မြတ်ထွေးရော နေလို့ဖြစ်လား"

"မနေ့က အေဂျင်စီကို ဆက်ကြည့်တော့ သန်ဘက်ခါ ခရီးစဉ်ထဲ ထည့်ထားတယ်တဲ့။ ဒီမှာ ကိုကျော်ရှင်းရှိနေရင် အိမ်စည်ကို ထားခဲ့လို့ ဖြစ်တာပဲနော်"





"ဟယ် ... မြတ်ထွေးရယ် အဲ့ဒီခရီးစဉ်ကို ဖျက်လိုက်ပါလား"

"လူမရှိလို့တဲ့"

"ဟုတ်လား၊ ဒါဆိုလည်း ပြန်ပေါ့၊ ဘယ်တတ်နိုင်မလဲ"

နောက်တစ်နေ့မှာ မြတ်ထွေး ပြန်သွားသည်။ အိမ်စည်နှင့် ကျော်ရှင်းတို့ နှစ်ရက်သုံးရက် လည်ပတ်ပြီး ရန်ကုန်ပြန်ခဲ့ကြသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

လေယာဉ်ပေါ်မှာ ကျော်ရှင်းက အိမ်စည်ရဲ့ မျက်နှာလေးကို စေ့စေ့ကြည့်ပြီး လက်ကလေးကို ဆုပ်ထွေးကိုင်လိုက်ပြီး ပြောသည်။

"မောင်တို့ လက်ထပ်ပြီးရင် နိုင်ငံခြား... ...နီးမွန်း ထွက်မယ်နော်"

"ဘယ်ကိုသွားမှာလဲ"

"စင်ကာပူနဲ့ ဘန်ကောက်ဆိုရင် သဘောကျလား"

"ကျွန်မက တစ်ခါမှ မရောက်ဖူးတော့ ဘယ်နေရာဖြစ်ဖြစ် အဆင်ပြေပါတယ်"

"ကောင်းပြီ အဲ့ဒီကိုပဲ သွားဖို့ စီတ်ကူးကြတာပေါ့"

အိမ်စည်က နှစ်ခြိုက်စွာပြုံးလိုက်သည်။

"ဒါနဲ့ မောင့်ကို ဘယ်တော့ လက်ထပ်မှာလဲ"





"အဲ့ဒါ မောင့်အပေါ်မှာပဲ မူတည်တယ်လေ"

"ဟုတ်တယ်နော်၊ အိမ်ကို အမြန်ဆုံး မောင် ဖွင့်ပြောဘာမယ်"

နှစ်ယောက်သား ကြည်နူးစရာစကားတွေ ပြောပြီး ပျော်ျော်ကြီး လေယာဉ်စီးလာကြသည်။ ရန်ကုန်လေဆိပ်ရောက်း ပစ္စည်းတွေရွေးပြီး လေဆိပ်အဆောက်အအုံရဲ့အဝကို ထွက်ာသည်။

ကျော်လင်းက နယ်ကဧည့်သည်တစ်ယောက်ကို ထိုအချိန် လာကြိုသည်။ လေဆိပ်အပြင်ဘက်မှာ ရပ်စောင့်နေသည်။

ထိုစဉ်မှာပဲ သူ့မျက်ဝန်းထဲသို့ လုံးဝ မမျှော်လင့်ထားသော ရိုပ်နှစ်ခု တိုးဝင်လာသည်။ ကျော်ရှင်းက အိမ်စည့်လက်ကို ပြီး လေဆိပ်အပြင်ကို ထွက်လာသည်။ သူတို့ရဲ့ အခြားလက် ွမှာလည်း ဝန်စည်စလွယ်တွေနှင့်ပါ။

ရယ်မောပျော်ရွှင်နေပြီး ဘေးပတ်ဝန်းကျင်ကိုပင် သတိမပြုါ။ ကျော်လင်းက သူတို့ကို တွေ့ပြီး အံ့သြသွားသည်။

အိမ်စည့်ကို သေသေချာချာကြည့်ရင်းနှင့် မှတ်မိသွားသည်။

"ဟင် ... တစ်ခါက ဆီဒိုးနားမှာ ငါ့လက်ကိုဆွဲတဲ့ ာင်မလေးပဲ ....

ကြည့်စမ်း ဒီမိန်းမလည်လေးနဲ့ ကျော်ရှင်းက ခရီးအတူ



www.burmeseclassic.com

www.burmeseclassic.com



သွားတာကိုး ...

သူတို့အခြေအနေက ဘယ်လောက်ထိ ဖြစ်နေပြီလဲ။

ကျော်လင်းက ညှော်သည်နှင့်အတူရှိနေသည်မို့ ကျော်ရှင်း ထံသို့ မသွားနိုင်ပါ။ လေဆိပ်က ထွက်ခွာခဲ့ရသော်လည်း သူ့ စိတ်တွေက ကျော်ရှင်းအနားတွင် ကျန်ရစ်ခဲ့သည်။

မိုးမမြင်လေမမြင် ပျော်နေရကသော ကျော်ရှင်းနှင့် အိမ်စည် က ကျော်လင်းကို လုံးဝ မတွေ့လိုက်ပါ။ အငှားကားငှားပြီး ကျော်ရှင်းက အိမ်စည်ကို ပို့ပြီးမှ သူ့အိမ်ကို ပြန်ခဲ့သည်။

အမေက သူပြန်လာ၍ ဝမ်းသာနေကြသည်။ ညီမနှစ် ယောက်က ကျောင်းသွား၍ အိမ်မှာမရှိပါ။

ကျော်လင်းက ညှော်သည်နှင့်သွားပြီး ကိစ္စပြီးသည့်နှင့် အိမ်ကို ပြန်လာသည်။

"ဟော ... သားကြီး ဒီနေ့ စောပါလား"

"ဟိုကောင် ကျော်ရှင်းရော"

"သားလေးကို ဒေါသဖြစ်နေတာလား"

"ဟုတ်တယ် မေမေ သူ့ကို ခေါ်ခိုင်းလိုက်ပါ"

ဒေါ်မူမူက ကျော်ရှင်းကို ခေါ်ခိုင်းလိုက်၍ ညှော်ခန်းဆီသို့ ကျော်ရှင်း ရောက်လာသည်။ ဒေါ်မူမူက သားကြီး ဘာကို ဒေါသ ဖြစ်လာသည်ကို မသိ၍ ရင်တမမနှင့် နားထောင်နေသည်။





"ကိုကြီး ဒီနေ့ပြန်တာ စောလှချည်လား"

"မင်း ဒီမှာလာထိုင်စမ်း"

တင်းမာနေသော မျက်နှာထားကိုမြင်ပြီး ကျော်လင်း ဒေါသ ဖြစ်နေသည်မှာ ထင်ရှားနေသည်။

"မင်း မြိတ်ကို ဘယ်သူနဲ့ သွားတာလဲ"

"ဗျာ ... ကိုယ့်ဘာသာ သွားတာကိုလေ"

"လိမ်မနေနဲ့ မင်း ဟိုမိန်းမလည်မလေးနဲ့အတူ သွားတာ မဟုတ်လား"

"ဟိုက် ... ဒုက္ခပါပဲ၊ ကိုကြီး ဘယ်လို သိသွားတာပါလိမ့်"

ကျော်ရှင်း မျက်လုံးပြူးသွားသည်။ ချက်ချင်း ဘာပြန်ဖြေ ရမှန်းမသိပါ။

"မင်းတို့နှစ်ယောက် လေဆိပ်မှာ အတူလက်ချင်းတွဲ ထွက်လာတာ ငါ တွေ့တယ်"

"ခင်ဗျာ"

"နေကြစမ်းပါဦး၊ သားတို့ ဘာတွေပြောနေတာလဲ။ မေမေ နားလည်အောင် ရှင်းပြစမ်းပါဦး"

"ဒီလို မေမေ၊ တစ်ခါတုန်းက မိန်းမလည်လေးတစ် ယောက် ရှိတယ်။ ကျွန်တော်တို့နှစ်ယောက်အနား ရောက်လာပြီး ကျွန်တော့်လက်မောင်းကို လာကိုင်တဲ့ပုံစံက သူ့ချစ်သူလို အချိုး



www.burmeseclassic.com

www.burmeseclassic.com



မျိုး ချိုးလိုက်တာ”

“ဟင် ... အဲ့ဒီလောက်တောင် ရဲလား”

“ဟုတ်တယ် မေမေ၊ ကျွန်တော်နဲ့ ကျော်ရှင်းကို လာ။ တာ၊ ကျွန်တော် ကောင်းကောင်း ပြောပစ်ခဲ့တယ်”

“အဲ့ဒါ ဟုတ်ပါပြီ၊ အဲ့ဒီ မိန်းကလေးနဲ့ သားငယ်။ ဘယ်လိုပတ်သက်နေလို့လဲ”

“မြိတ်ကို အတူသွားကြတာလေ၊ မေမေ့သားကို မေး မေးကြည့်တော့”

ဒေါ်မူမူက အထိတ်တလန့်နှင့် မျက်လုံးပြူးနေသည်။

“သားငယ် ပြောစမ်း၊ အဲ့ဒီမိန်းကလေးနဲ့အတူ သွားတာ လား”

“ဟုတ်ပါတယ်”

“အမယ်လေး သားလေးရယ်၊ ဘာတွေဖြစ်နေတာလဲ”

“သူ့နာမည်က အိမ်စည်ပါ မေမေ၊ သူက သားရဲ့ချစ်သူ ပါ”

“ဟင် ... လက်မထပ်ရသေးဘဲ သားတို့ ဒီလိုသွားနေ ကြ လား”

“နေပါဦး မေမေ တလွဲတချော်တွေ မတွေးပါနဲ့၊ သား ရှင်းပြတာကို နားထောင်ပါဦး”





“တောက် မိန်းမလည်ရဲ့ ကျော့ကွင်းမှာ မင်းမိနေတာ ဘာရှင်းပြချင်သေးလို့လဲ”

“ကိုကြီးရယ် ခဏလေးတွေ့ပြီး ဖြစ်ခဲ့တဲ့ အဖြစ်တစ်ခု ကြောင့် တစ်သတ်မှတ်တည်း မထင်လိုက်ပါနဲ့ ကျွန်တော် ရှင်း ပြပါ့မယ်”

ကျော်ရှင်းက မိခင်ကို အိမ်စည်နှင့် စတွေ့စဉ်ကစပြီး ယနေ့အထိ အဖြစ်အပျက်များကို ပြောပြလိုက်သည်။

“ဟင် ... ဒါဆို သားတို့က ချစ်သူတွေပေါ့”

“ဟုတ်ပါတယ် မေမေ၊ ဒါပေမဲ့ အခု သွားခဲ့တဲ့ခရီးစဉ် မှာ သားတို့ ရိုးရိုးသားသားပါ။ အိမ်စည့် အမွေကိစ္စအတွက် အဖော်လိုက်သွားပေးတာပါ”

“အကျင့်စာရိတ္တနဲ့ ပတ်သက်ပြီး အဲ့ဒီမိန်းကလေးက ဘယ် လောက်ယုံရလို့လဲ”

“ကိုကြီးရာ မိန်းမလည်တွေ ကျူးသွင်းတာခံရလောက် အောင် ကျွန်တော် မညံ့ပါဘူး။ အိမ်စည်က ဖြူစင်ရိုးသားတဲ့ မိန်းကလေးပါ။ မိဘတွေ မရှိဘဲ တစ်ယောက်တည်း ဘဝကို တည်တည်ကြည်ကြည် သတ္တိရှိရှိ ရင်ဆိုင်နေတဲ့သူပါ”

“မင်းက ကြိုက်နေတော့ အဲ့လိုပြောမှာပေါ့”

“သူ့အဒေါ်နဲ့ ဗိုင်းကောင်းကျောက်ဖိနေခဲ့တာပါ။ အဒေါ်



www.burmeseclassic.com

www.burmeseclassic.com



က ဆုံးသွားတာ လေးငါးခြောက်လပဲ ရှိပါသေးတယ်"

"ငါကတော့ အဲ့လိုမိန်းကလေးမျိုးနဲ့ လုံးဝ သဘောမတူဘူး။ မေမေလည်း အဲ့လိုမိန်းမရှုပ်မျိုးနဲ့ သူ့ကို သဘောမတူပါနဲ့"

"ဟာ ... ကိုကြီးက တယူသန်ကြီးပဲ"

"မင်းအတွက် စေတနာနဲ့ပြောနေတာ ပြီးတော့ ငါတို့မျိုးရိုးထဲမှာ အဲ့လို မိန်းမရှုပ်မျိုး ဝင်မလာစေချင်ဘူး"

"ဟုတ်တယ်၊ သားလေး အဲ့လိုမိန်းမမျိုးဆိုရင် မေမေလက်မခံဘူးနော်"

"မဟုတ်ပါဘူး မေမေရယ်၊ အိမ်စည်က အဲ့လိုမိန်းကလေးမျိုး မဟုတ်ပါဘူး"

"အိမ်စည့်အကြောင်းကို မေမေတို့ စုံစမ်းကြည့်ပါ။ ကိုကြီးပြောတဲ့မိန်းမမျိုး မဟုတ်ဘူးဆိုတာ ကျွန်တော် ရဲရဲကြီး အာမခံပါတယ်"

"အေး ... ငါကတော့ စကားအကုန်ပြောပြီးပြီ၊ သူနဲ့မင်းအဆက်ဖြတ်လိုက်တော့"

ကျော်လင်းက ခပ်ပြတ်ပြတ်ပြောပြီး သွားသည်။ ကျော်ရှင်းက အလွန်စိတ်ညစ်စွာ မျက်နှာငယ်လေးနှင့် အမေကို ကြည့်လိုက်သည်။

"မေမေရယ် ကျွန်တော် သူ့ကို သိပ်ချစ်တယ်၊ သူနဲ့ မခွဲ





နိုင်ဘူး၊ မေမေတို့ သူ့အကြောင်းကို စုံစမ်းကြည့်ပါဦး၊ ဒီလိုကြီးမပြောပါနဲ့။ အိမ်စည့်အပေါ်မှာ မတရားလွန်းလို့ပါ"

"အင်း ... သားလေးကလည်း ခက်လိုက်တာ"

"သားကို ချစ်ရင် သား စိတ်ချမ်းသာပါရစေ မေမေရယ်"

ကျော်ရှင်းက မိခင်ကို ဒီလောက်သာပြောပြီး သူ့အခန်းထဲကို ဝင်လိုက်သည်။ အခန်းထဲရောက်ပြီး စိတ်ရှုပ်လွန်း၍ အော်ဟစ်ပစ်လိုက်ချင်သည်။

* * *

မေလေးနှင့် မေထွေး ကျောင်းကပြန်ရောက်ကြပြီး သူတို့နှစ်ယောက် ပြန်လာသည်နှင့် အိမ်က ညံစီသွားသည်။

"မေမေ ကိုလေး ပြန်ရောက်ပြီလား"

"အင်း ... အခန်းထဲမှာ"

"လာ မေလေး၊ ကိုလေး ဘာတွေဝယ်လာလဲ သွားမေးရအောင်"

"နေဦး သမီးတို့ ကိုလေး စိတ်ညစ်နေတယ်"

"ဟင် ... ဘာလို့လဲ မေမေ"

"သမီးတို့ ကိုလေးက ရည်းစားရနေပြီ၊ အဲ့ဒီရည်းစားနဲ့ အတူ မြို့တော်ကိုသွားတာ အဲ့ဒါ ကိုကြီးက သိလာတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဟုတ်လား၊ ကိုလေးရည်းစားက ချောလား"

ထွေးက ရယ်ဟဟနှင့် သဘောကျစွာ မေးသည်။

"ချောလား မသိပါဘူးကွယ်၊ ကိုကြီးက လုံးဝ သဘော မတူဘူး"

"ဟင် ... ဘာပြုလို့လဲ"

ဒေါ်မူမူက စိတ်မကောင်းစွာ ပြောပြသည်။ အမြွာနှစ် ယောက်က စိတ်ဝင်တစား နားထောင်နေသည်။

"ကိုလေးရဲ့ ရည်းစားက ကိုကြီးပြောသလို မိန်းမလည် လား"

"မသိပါဘူးကွယ်၊ သားလေးက မဟုတ်ဘူး စုံစမ်းကြည့် ပါလို့ ပြောတာပဲ"

"ဒါဆိုလည်း စုံစမ်းကြည့်ပါလား မေမေရယ်၊ ကောင်းရင် သဘောတူလိုက်ပေါ့"

"မေမေကလည်း မိန်းမကောင်းလေးဆိုရင် သဘောတူ ပေးချင်ပါတယ်"

"အခု ကိုလေး အခန်းထဲမှာလား"

"ဟုတ်တယ်"

"ထွေး သွားတွေ့လိုက်ဦးမယ်"

"လွှတ်ထားလိုက်ဦး၊ ညကျမှ အေးအေးဆေးဆေးပြော ကြ"





"ဟုတ်ကဲ့ မေမေ"

ညီအစ်မနှစ်ယောက်က နှစ်ယောက်အတူနေသော အခန်း ကို သွားသည်။ အဝတ်အစားလဲရင်းနှင့် ကျော်ရှင်းအကြောင်း ပြောကြသည်။

"မေလေး တကယ်လို့ ကိုလေးရဲ့ရည်းစားက မိန်းမလည် ဆိုရင်ကော"

"အဲ့ဒါဆို ငါတို့လည်း သဘောမတူနိုင်ဘူး"

"ကိုလေးဆီကနေ သူ့လိပ်စာကို မေးကြည့်ပြီး စုံစမ်း ကြည့်ရအောင်"

"ဟုတ်တယ်၊ မေမေက ဘယ်လို စုံစမ်းမလဲ၊ ငါတို့ စုံစမ်း မှ ဖြစ်မှာပေါ့"

"ဟုတ်တယ်၊ လာ ကိုလေးကို သွားတွေ့ကြရအောင်"

"မေမေက ညကျမှ အေးအေးဆေးဆေးပြောတဲ့"

"ကိုလေး စိတ်ညစ်နေရင် သနားပါတယ်။ သွားပြီး အား ပေးကြရအောင်"

"အေးလာ နောက်မှ ရေချိုးမယ် သွားကြရအောင်"

နှစ်ယောက်သား ကျော်ရှင်းရဲ့အခန်းကို သွားကြသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

အခန်းတံခါးကို တွန်းကြည့်တော့ သော့(ခ)ချထား၍ ဖွင့်မရပါ။

"ကိုလေး"

အထဲက မထူး၍ အခန်းတံခါးကိုထုပြီး ခေါ်လိုက်သည်။

"ကိုလေး ပြန်လာပြီဆို တံခါးဖွင့်ဦးလေ"

ကျော်ရှင်းက မနေသာဘဲ တံခါးထဖွင့်ပေးသည်။ စိတ်ညစ်နေသော ကျော်ရှင်းရဲ့မျက်နှာကိုကြည့်ပြီး ညီအစ်မနှစ်ယောက်က စိတ်မကောင်းပါ။

"ကိုလေး ထွေးတို့အတွက် လက်ဆောင်ပါလား"

"ပါတယ် ဒီအိတ်ထဲမှာ ထုတ်ယူကြ"

"ကိုလေး ဘာဖြစ်နေတာလဲ။ စကားပြောတာ အသက်မပါလိုက်တာ စက်ရုပ်ကြီးကျနေတာပဲ"





"အင်းလေ ဘာတွေ ဗီလင်အောက်နေလဲ"

မေလေးက မသိဟန်ဆောင်ပြီး မေးလိုက်သည်။ ညီမတွေအပေါ် အမြဲပွင့်လင်းသော ကျော်ရှင်းက မဖုံးကွယ်ဘဲ ဖြေသည်။

"ငါ့ရည်းစားကို ကိုကြီးက သဘောမတူတာနဲ့ မေမေကပါ သဘောမတူဘူး"

"ဟယ် ကိုလေးက ရည်းစားရနေပြီလား"

"ဟုတ်တယ်"

"ဘယ်ကလဲ၊ ဘယ်သူလဲ"

"အိမ်စည်တဲ့ တိုးရစ်(စ)ဂိုက်လည်း လုပ်တယ်၊ ဓာတ်ပုံလည်း ရိုက်တယ်"

"ဓာတ်ပုံဆရာမပေါ့"

"ဟုတ်တယ်"

"သူက ကိုကြီးပြောသလို မိန်းမလည်တော့ မဟုတ်ပါဘူးနော်"

"ဘယ်ကလာ ဟုတ်ရမှာပဲဟာ၊ ကိုကြီးက တစ်ခါမြင်ဖူးရုံနဲ့ စွတ်ပြီး လျှောက်ပြောနေတာ"

"အင်း ... အဲဒါမှ ပြဿနာပဲ"

"မေမေကလည်း ကိုကြီးစကားကို မလွန်ဆန်နိုင်ပါဘူး"

"ကိုလေး သိပ်စိတ်ညစ်နေလား"



www.burmeseclassic.com

www.burmeseclassic.com



"ညစ်တာမှ သေတောင် သေချင်တာ"

"သေတော့ မသေလိုက်ပါနဲ့ ကိုလေးရယ်၊ မေလေးနဲ့ မေထွေးတို့ ကြားဝင်ပေးမယ်"

"ဘယ်လိုဝင်ပေးမှာလဲ"

"အဲ့ဒီ မမအိမ်စည့်အကြောင်း စုံစမ်းပေးမယ်လေ"

"ဘယ်လို စုံစမ်းမှာလဲ"

"သူက ဓာတ်ပုံဆရာမဆို"

"အင်း ..."

"လွယ်ပါတယ်၊ သူ့လိပ်စာပေး ဓာတ်ပုံသွားရိုက်ရင်းနဲ့ ရင်းနှီးအောင်လုပ်ပြီး စုံစမ်းမှာပေါ့"

"နင်တို့ တကယ်ပြောတာလား"

"တကယ်ပေါ့ ထွေးတို့က ကိုလေးရဲ့ ဘော်ဘော်တွေပဲ ကိုလေး အခက်အခဲကို ကူညီရမှာပေါ့"

ကျော်ရှင်းရဲ့မျက်နှာက ညီမတွေရဲ့ အားပေးစကားကြောင့် အနည်းငယ် ကြည်လင်လာသည်။

"အဲ့လို ကူညီရင်တော့ အရမ်းအဆင်ပြေမှာ"

"ကူညီမယ်၊ စိတ်ချ လိပ်စာသာပေး"

"နင်တို့က ဘယ်လိုစပြီးဝင်မှာလဲ၊ ကိုလေးရဲ့ ညီမတွေ လို့ ဖြေမှာလား"





"ဟာ ... အဲ့လိုပြောရင်း သူ့ရဲ့စရိုက်အမှန်ကို ဘယ်သိမလဲ၊ သိတဲ့သူအနေနဲ့ ဝင်မှာ"

"နေဦး နင်တို့နာမည်တွေ သူ သိနေတယ်"

"အဲ့ဒါ လွယ်ပါတယ်၊ နာမည်များ လွှဲပြောလိုက်ရုံပေါ့"

"ငါ့ညီမတွေက အားကိုးရမယ်"

"စိတ်ချ၊ အဲ့ဒီ မမအိမ်စည်က အမှန်ကန်ဆိုရင် ကိုလေး ဘက်မှာ မေထွေးတို့ ရှိတယ်"

"ဟုတ်ပါပြီ၊ စုံစမ်းကြည့်ပါ လုံးဝ အမှန်အကန်ပဲ"

"ကဲ ... ဒါဆို မျက်နှာကြီးကို ပြင်လိုက်၊ ပြီးရင် လက်ဆောင်တွေ ထုတ်ပေး"

"အေး ... အေး ပေးမယ်"

ညီမတွေရဲ့ အားပေးစကားကြောင့် ကျော်ရှင်း စိတ်ဓာတ် နည်းနည်း တက်ကြွလာသည်။

နောက်တစ်နေ့ ကျောင်းပိတ်ရက်မို့ မေလေးနှင့် မေထွေး အိမ်စည်ရဲ့အိမ်ကို တိုက်ရိုက်မသွားဘဲ ကျော်ရှင်းညွှန်ကြားသလို ကိုရိုးထံသွားသည်။

ကိုရိုးထံတွင် ဆုရဓာတ်ပုံဆရာမနှင့် တွေ့ချင်သည်ဆိုပြီး အိမ်စည်ရဲ့လိပ်စာကို တောင်းလိုက်သည်။

"တွေ့လား မေလေး၊ မှုင်သေသေနဲ့လုပ်လိုက်တော့ အဲ့ဒီ



www.burmeseclassic.com

www.burmeseclassic.com



လူကြီးက တကယ်ထင်ပြီး မမအိမ်စည်ရဲ့လိပ်စာကို ပေးလိုက်တယ်"

"အေး ... ပထမအဆင့် အောင်မြင်သွားပြီ၊ ဆက်ချီတက်ကြရအောင်"

"ဟုတ်တယ်၊ ကျောင်းပိတ်တဲ့နေ့ဆိုတော့ ဟန်ကျတာပေါ့"

"ဒါနဲ့ နေဦး၊ ငါတို့နာမည်တွေ ဘယ်လိုလုပ်မလဲ၊ မေစီနဲ့ နေစီလေ နင်က မေစီပေါ့"

"ဟုတ်ပြီ၊ နင်က နေစီ"

ညီအစ်မနှစ်ယောက် သူတို့ကို ဝယ်ပေးထားသော ကိုယ်ပိုင်ကားလေးကို မောင်းပြီး အိမ်စည်ထံ ရောက်လာသည်။

အိမ်စည်က တစ်ခါမှ မတွေ့ဖူးသော သူတို့နှစ်ယောက်ကို တံခါးဖွင့်ပေးရင်း မေးမည်ပြုစဉ် မေတွေးက စပြောသည်။

"ဒီက ဓာတ်ပုံဆရာမ အိမ်စည်ပါနော်"

"ဟုတ်ပါတယ်၊ ဘာကိစ္စရှိလို့လဲ"

"ဟို ... ဦးရိုးဆီက လိပ်စာရလို့ လိုက်လာတာပါ။ ဆရာမက ဆုရထားတော့ ကျွန်မတို့က အထင်ကြီးတယ်၊ ဆရာမနဲ့ ဓာတ်ပုံရိုက်ချင်လို့"

"ရပါတယ်၊ အောက်ဒိုးလား အင်ဒိုးလား"





"ဟုတ်ကဲ့၊ ဒီနေ့လာပြီး မိတ်ဆက်တာပါ။ မနက်ဖြန် အောက်ဒိုးရိုက်ချင်လို့ပါ"

"ရပါတယ်"

အိမ်စည်က ဧည့်ခန်းထဲမှာ ဧည့်ခံရင်း ရုပ်ချင်းဆင်သော သူတို့နှစ်ယောက်ကို ကြည့်ပြီး လေ့လာနေသည်။

"အမြွှာတွေပေါ့နော်"

"ဟုတ်ပါတယ်၊ မမအိမ်စည်လို့ခေါ်ရင် ရမလား"

"ရပါတယ်"

"ကျွန်မက နေစီ သူက မေစီပါ"

"ဟုတ်လား၊ လှရော နာမည်လေးတွေပါ ချစ်စရာလေးတွေ"

"မမကလည်း အရမ်းချော‌တာပဲ"

"ဟုတ်ပြီ၊ ရိုက်ခတော့ ဈေးလျှော့ပေးရတော့မယ်"

အိမ်စည်ရဲ့ ဖော်ရွေမှုကြောင့် ညီအစ်မနှစ်ယောက် ကျေနပ်သွားကြသည်။

စကားပြောဆိုပြီး မနက်ဖြန်ရိုက်မည့် နေရာနှင့် အချိန်ကို ချိန်းဆိုပြီး ပြန်လာကြသည်။ အိမ်ပြန်ရောက်ပြီး ကျော်လင်းရဲ့ ကွယ်ရာမှာ အမေနှင့် သူတို့မောင်နှမသုံးယောက် ပြောကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"မေမေရေ မမအိမ်စည်က သိပ်ချောတာပဲ။ ပြီးတော့ လည်း ထွေးတို့ထက် နှစ်နှစ်လောက်ပဲကြီးမှာ သဘောကောင်းပုံ ရတယ်"

"နင်တို့ကို အိမ်စည် မရိပ်မိဘူး မဟုတ်လား"

"ဘယ်ရိပ်မိမလဲ၊ မေထွေးမဟုတ်ဘူး မေစီနဲ့ နေရီအနေ နဲ့ ဝင်လိုက်တာပေါ့"

"မေထွေးက ဉာဏ်ပြေးလိုက်တာ"

"သူနဲ့ ရင်းနှီးအောင်လုပ်ပြီး အိမ်ကို ဝင်ထွက်မယ် အနီး ကပ် လေ့လာပေးမယ် သိလား"

"ကျေးဇူးပါပဲ ညီမတွေရယ်၊ အိမ်စည်ရဲ့သိက္ခာကို မေမေ လက်ခံရင် မင်တို့ကို ကိုလေး လက်ဆောင်ကောင်းကောင်းပေး မယ်"

"တကယ်နော်"

"တကယ်ပါ"

"သမီးတို့ ဒီလိုလုပ်တာ ကိုကြီး မသိစေနဲ့ဦး"

"စိတ်ချ မေမေ အားလုံး အဆင်ပြေတော့မှ အထုပ်ဖြေ ပြလိုက်မယ်"

အင်တိုက်အားတိုက်ဖြစ်နေသော ညီမ နှစ်ယောက်ကို ကျော်ရှင်းက ကျေးဇူးတင်နေပါသည်။

* * *





နောက်တစ်နေ့ အိမ်စည်နှင့် မေလေးတို့ အကွက်အကွင်း ကောင်းသည့် နေရာတွင် ဓာတ်ပုံရိုက်ကြသည်။ တစ်နေ့လုံး အချိန်ဖြုန်း အပြင်မှာ စားကြသောက်ကြရင်း ခင်သွားသည်။

"မမအိမ်စည်က အရမ်းခင်ဖို့ကောင်းတယ်"

"ညီမတို့နှစ်ယောက်ကလည်း ချစ်စရာကောင်းတယ်"

"ဓာတ်ပုံတွေ ဘယ်နေ့ရမှာလဲ"

"အမြန်ဆုံး ကူးပေးမယ်နော်"

"မအိမ်စည်ဆီကို လာလည်လို့ရလား"

"ရပါတယ် လာလည်ပါ"

ထိုနေ့က ညနေစောင်းမှ အိမ်စည် တိုက်ခန်းကို ပြန်ရောက် သည်။ သည်တစ်နေ့ နားလိုက်မှာမို့ ရေမိုးချိုးပြီး နားလိုက်သည်။ နောက်နေ့မှ ဓာတ်ပုံတွေကို ကူးမည်ဖြစ်သည်။

နောက်တစ်နေ့ညနေ ဓာတ်ပုံတွေကူးနေစဉ် ကျော်ရှင်း ရောက်လာသည်။ ညစာအတွက် ဝယ်ခြမ်းလာသည်။

"ဟင် ... မောင်က ဖုန်းကြိုမဆက်ဘဲ ရောက်လာပြီကိုး"

"ဖုန်းကြိုဆက်ရဦးမှာလား အိမ်စည်ရယ်"

"မောင်ရောက်လာတဲ့အချိန် ကျွန်မ အိမ်မှာမရှိရင် ဘယ်လို လုပ်မလဲ"

"အိမ်စည်က ဘယ်သွားနေမှာမို့လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"အလုပ်ရှိရင် သွားရမှာပေါ့၊ မနေ့က တစ်နေ့လုံး အောက်ပို့လိုက်ရိုက်ပေးရတယ်"

"ဟုတ်လား၊ ဘယ်သူတွေကိုလဲ"

"ဒီမှာကူးနေတယ် လာကြည့်စမ်းပါ မောင်ရယ်၊ အမြွာလေးနှစ်ယောက် ချစ်စရာလေးတွေ"

"ဟုတ်လား"

အိမ်စည်က ကူးပြီးသား ရေမခြောက်သေးသော ပုံလေးကိုပြသည်။ ညီမနှစ်ယောက်ရဲ့ပုံကို ကြည့်ပြီး ကျော်ရှင်းက ရယ်ချင်စိတ်ကို မျိုသိပ်ထားရသည်။

"ချစ်စရာလေးတွေနော်"

"အင်း ..."

"မောင့်ရဲ့ညီမလေးနှစ်ယောက်ကရော ဒီလိုပဲ ချစ်စရာကောင်းမှာပဲနော်"

"အင်း ..."

"သူတို့နဲ့ တွေ့ချင်လိုက်တာ"

"တွေ့ရမှာပေါ့ အိမ်စည်ရယ်"

ကျော်ရှင်းက စကားလမ်းကြောင်း ပြောင်းလိုက်သည်။ ဝယ်လာသည့် အစားအသောက်တွေကိုစားရင်း ချစ်သူတို့သဘာဝ ပျော်ရွှင်နေကြသည်။





ကျော်ရှင်းက အိမ်စည့်အနားတွင် အကြာကြီးနေချင်သော်လည်း အိမ်စည်က တစ်ယောက်တည်းနေရသည်မို့ ပတ်ဝန်းကျင်မှာ မသင့်တော်မှာစိုးပြီး ပြန်ခဲ့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

မေလေးနဲ့ မေထွေးက အိမ်စည့်ထံ မကြာခဏ ဝင်ထွက်သည်။ အိမ်စည့်ရဲ့ အနေအထိုင်ကို လေ့လာပြီး နှစ်ယောက်သား တိုင်ပင်သည်။

"မမအိမ်စည်က တစ်ယောက်တည်းနေပေမယ့် သူ့ကိုယ်သူ ထိန်းတယ်၊ ဣန္ဒြေသိက္ခာလည်း ရှိတယ်နော်"

"သူ့မှာ ချစ်သူရှိတယ်၊ သူ့ချစ်သူနဲ့ ဆုံပေးချင်တယ်လို့ ပြောတော့ ငါဖြင့် ရယ်ချင်လိုက်တာ မေလေးရယ်"

"အေးလေ ဆုံများဆုံဖြစ်ရင် တော်တော်ရယ်စရာကောင်းမယ်"

"ကဲ ... ကိုလေးလာရင် မေမေနဲ့ အားလုံး မျက်နှာစုံညီ မီးစိမ်းပြလိုက်ကြရအောင်"





"အေး ... ဟုတ်တယ်"

ကျော်ရှင်း ပြန်ရောက်လာချိန်မှာ ကျော်လင်းက မရောက်သေးသည့်အတွက် အဆင်ပြေသွားသည်။

"မေမေနဲ့ ကိုလေး ဒီကိုလာပါဦး"

မေထွေးက မိခင်နှင့် အစ်ကိုကို ဧည့်ခန်းဆီသို့ ခေါ်လိုက်သည်။

"ဘာများလဲ သမီးတို့ရယ်"

"မမအိမ်စည်အကြောင်း ထွေးတို့ စုံစမ်းပြီးပြီ"

"ဟုတ်လား"

"ကိုကြီးပြောသလို မိန်းမရှုပ် မဟုတ်ပါဘူး မေမေရယ်၊ တစ်ယောက်တည်းနေပေမယ့် ဣန္ဒြေနဲ့ သိက္ခာနဲ့ပါ။ ပြီးတော့ သူ့မှာ ချစ်သူရှိတယ်။ သူ သိပ်ချစ်တာပဲဆိုတာကိုလည်း ထွေးတို့ကို ပွင့်ပွင့်လင်းလင်း ပြောတယ်"

"ဟုတ်လား၊ အိမ်စည်က အဲ့လိုပြောလား"

"အင်းပေါ့ ရုပ်ကြီးကို ကြည့်ပါဦး၊ ပါးစပ်က နားရွက်ချိတ်တော့မယ်"

မေထွေးက ကျော်ရှင်းရဲ့ လက်မောင်းကို ထုရင်းနှင့် ပြောလိုက်သည်။

"ကဲ ... မေမေ သားရဲ့ အိမ်စည်ကို လက်ခံပေးနော်



www.burmeseclassic.com

www.burmeseclassic.com



သဘောတူပေးပါ မေမေရယ်”

“အင်းလေ ဒါဆိုလည်း မေမေက သားလေး စိတ်ချမ်းသာအောင် လိုက်လျောရမှာပေါ့”

“ကိုကြီးကိုလည်း ပြောပေးဦး”

“အေးပါကွယ်”

မောင်နှမတွေ ရယ်စရာ မောစရာပြောရင်း ပျော်ရွှင်နေကြသည်။

ထိုနေ့ ညစာထမင်းစားသောက်ပြီး ဒေါ်မွှေမွှေက ကျော်ရှင်းရဲ့ကိစ္စကို ပြောသည်။

“သားကြီးရေ မေမေသားလေးရဲ့ ချစ်သူကို လက်ခံလိုက်ပြီ”

“ဟာ ... မေမေပါ ဘယ်လိုဖြစ်သွားတာလဲ”

“အိမ်စည်က သားကြီးထင်သလို မိန်းကလေး မဟုတ်ပါဘူး”

“အဲဒါ သူပြောတာ မဟုတ်လား၊ သူက ကြိုက်နေတော့ အဲဒီလိုပဲ ပြောမှာပေါ့”

“မဟုတ်ဘူး ကိုကြီး၊ မွေးတို့ စုံစမ်းကြည့်ပြီးပြီ၊ သူနဲ့လည်း ပေါင်းကြည့်ပြီးပြီ”

“နင်တို့ကို ကျော်ရှင်းရဲ့ညီမဆိုတာ သိနေတယ်ပေါ့”





“မဟုတ်ပါဘူး”

မမွေးက သူတို့လုပ်ခဲ့သည့် စုံစမ်းမှုကို အသေးစိတ်ပြောပြလိုက်သည်။

“အင်းလေ အိမ်စည်က မိန်းမကောင်းဆိုရင်တော့ သဘောတူရမှာပေါ့”

“အားလုံးကို ကျေးဇူးတင်ပါတယ်”

အိမ်စည်ကို လက်ခံပေးသည့်အတွက် ကျော်ရှင်းက အလွန်ဝမ်းသာနေသည်။

“မနက်ဖြန် ညစာ သူကို ဒီမှာထမင်းဖိတ်ကျွေးပြီး မိသားစုတွေနဲ့ တွေ့ရအောင်နော် မေမေ”

“အေးပါကွယ်”

ကျော်ရှင်းက ဝမ်းသာမြူးထူးစွာ သူ့အခန်းထဲရောက်သည်နှင့် အိမ်စည်ကို ဖုန်းဆက်သည်။

“အိမ်စည်လေးရေ”

“ပြောပါ မောင်”

“မနက်ဖြန် ညစာ မေမေက အိမ်စည်ကို ထမင်းလာစားပါတဲ့ ဖိတ်လိုက်တယ်”

“ဟင် ... ဟုတ်လား”

“အိမ်သားတွေနဲ့ တွေ့ရအောင်တဲ့ မောင်ဖြင့် ပျော်လိုက်



www.burmeseclassic.com

www.burmeseclassic.com



တာ ရင်ဘတ်ကြီးတောင် မွှင့်ထွက်မလာဘူးပဲ"

"သူတို့က သဘောတူလို့ပေါ့နော်"

"ဟုတ်တယ်"

"ကျွန်မလည်း ဝမ်းသာလိုက်တာ မောင်ရယ်"

"ဟုတ်တယ်၊ မနက်ဖြန်ညနေ ငါးနာရီခွဲ လာခေါ်မယ် အလှဆုံး ပြင်ထားနော်"

"ဟုတ်ကဲ့"

ကျော်ရှင်တို့လို လူကုံထံ အသိုင်းအဝိုင်းက သူ့ကို လက်ခံသည်ဆို၍ အိမ်စည်က ဝမ်းသာနေသည်။ ကျော်ရှင်းကို သိပ်ချစ်နေပြီမို့ ကျော်ရှင်းနှင့် ကွဲရမှာကို အလွန်ကြောက်ရွံ့နေသည်။

ထိုနေ့ညက အပျော်တွေများဖြင့် တော်တော်နှင့် အိပ်မပျော်ပါ"

* * *

ထိုသတင်းကို မနက်မှာ မြတ်ထွေးကို ပို့လိုက်သည်။ မြတ်ထွေးကလည်း ဝမ်းသာနေသည်။

"နင့်အတွက် ဝမ်းသာလိုက်တာ အိမ်စည်ရယ်"

"အေးဟယ် ငါက ဒီလောက်လွယ်လွယ်ကူကူနဲ့ သဘောတူလိမ့်မယ်လို့ မထင်ဘူး"





"ဟုတ်ပါရဲ့၊ နင့်ကို အထင်သေးတဲ့ ဟိုပုဂ္ဂိုလ်ကြီးက ရော လက်ခံလိုက်ပြီပေါ့"

"အင်း ..."

"ဝမ်းသာလိုက်တာ အိမ်စည်ရယ်"

မြတ်ထွေးနှင့် အချိန်ကြာမြင့်စွာ ဖုန်းပြောလိုက်သည်။ ညနေအတွက် အကြိုက်ဆုံးနှင့် အလှဆုံးလို့ထင်သည့် ဝတ်စုံကို ရွေးလိုက်သည်။

ဣန္ဒြေရရလေးနှင့် လှလှပပလေး ဝတ်ဆင်သွားရန် စိတ်ကူးလိုက်သည်။ ကျော်ရှင်းလာခေါ်သည့်အချိန်မှာ အိမ်စည်က အဆင်သင့်ဖြစ်နေသည်။

"ဟာ ... ချစ်လေး အိမ်စည်က ဒီနေ့ အရမ်းကိုလှပြီး သားနားနေတာပဲ"

"အဲဒါ မောင့်မိသားစုအမြင်မှာ တင့်တယ်စေချင်လို့ပါ"

"မေမေက အိမ်စည့်ကို မြင်တာနဲ့ ချစ်သွားမှာ သေချာတယ်"

"အဲ့လိုပဲ ဖြစ်ပါစေ မောင်ရယ်"

ကျော်ရှင်းရဲ့ကားနှင့် သူတို့အိမ်ကို လိုက်ပါသည်။ သူ့ခြွေးတွေနေသောအိမ်ပိုပိ ခြံဝင်းရော၊ အိမ်ပါ သားနားလှပနေသည်။

"လာ အိမ်စည်"



www.burmeseclassic.com

www.burmeseclassic.com



ကျယ်ဝန်းသားနားသော ဧည့်ခန်းတွင်းသို့ အိမ်စည်ကို ခေါ်ပြီး ထိုင်စေသည်။

"မေမေ့ကို ခေါ်လိုက်ဦးမယ်"

ကျော်ရှင်းက သွားခေါ်၍ ဒေါ်မူမူ ပါလာသည်။ ဒေါ်မူမူကို အိမ်စည်က ထနှုတ်ဆက်လိုက်သည်။

"ထိုင်ပါ သမီးရယ်"

ပထမဦးဆုံး ဒေါ်မူမူထံမှ ကြားရသောစကားကြောင့် အိမ်စည်က မျက်ရည်လည်သည်အထိ ဝမ်းသာသွားသည်။

"သမီးရဲ့အကြောင်းကို မေလေးပြောပြလို့ သိရပြီးပါပြီကွယ်၊ မိဘတွေ မရှိကြတော့ဘူးဆို"

"ဟုတ်ပါတယ်ရှင်"

"တစ်ယောက်တည်း ရပ်တည်ခဲ့တာ တော်လည်းတော် သတ္တိလည်းရှိလိုက်တာ"

"သူငယ်ချင်းရဲ့အမေနဲ့ ဘေးခန်းက အဒေါ်ကြီးကလည်း စောင့်ရှောက်ပေးပါတယ်"

"ဟုတ်တာပေါ့ကွယ်"

မေထွေးနှင့် မေလေးက ဧည့်ခန်းထဲကို ဝင်လာတော့ အိမ်စည်က မျက်လုံးလေး ဝိုင်းသွားသည်။

"ဟင် ... မေစီနဲ့ နေရီ"





အိမ်စည်က သူတို့နှစ်ယောက်ကို လက်ညှိုးလေးထိုးပြီး တအံ့တဩ ဖြစ်နေသည်။

"ဒါ မောင့်ရဲ့ ညီမတွေလေ၊ မေထွေးနဲ့ မေလေးပါ"

"ဟင် ... ဟုတ်လား၊ ဒါနဲ့ မေစီနဲ့ နေရီဆို"

"အဲ့ဒါ တစ်ခါတလေ ဇာတ်ကျချင်ရင် သုံးတဲ့နာမည်ပါ"

အားလုံးက ရယ်မောနေကြသည်။ အိမ်စည်ကို မေထွေးက ရှင်းပြသည်။

"ကိုလေးက မမအိမ်စည်အကြောင်းကို ပြောပြီး သူသိပ်ချစ်တာ သိရလို့လေ၊ ကိုလေး ဒီလောက်ချစ်တာ ဘယ်လိုမိန်းမမျိုးလဲ သိချင်လို့ ပုံစံပြောင်းပြီး ဝင်တာ"

"ဟင် ... ဟုတ်လား"

"အနီးကပ်ပေါင်းကြည့်တော့ ကိုလေး သိပ်ချစ်တာ မထူးဆန်းပါဘူး၊ ထွေးတို့တောင် မမအိမ်စည်ကို ချစ်သွားတာပဲ"

မေထွေးတို့ထံမှ ထိုစကားကို ကြားရပြီး အိမ်စည်က ငိုချင်လောက်အောင် ဝမ်းသာသွားသည်။

"ကျေးဇူးတင်ပါတယ် နေရီရယ်"

"နေရီမဟုတ်ဘူး မေထွေးပါ"

"ကျွန်မကို လက်ခံပေးတဲ့အတွက် အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်"



www.burmeseclassic.com

www.burmeseclassic.com



ကျော်လင်းပြန်ရောက်လာသည့်အခါ ကျော်လင်းရဲ့မျက်နှာကို မကြည့်ရဲလောက်အောင် ရှက်နေသည်။

"ကဲ … ပြီးခဲ့တာတွေ မေ့လိုက်ကြ၊ ဒီနေ့ကစပြီး သမီး အိမ်စည် ရဲရဲဝံ့ဝံ့ နေနိုင်ပါတယ်ကွယ်"

ဒေါ်မူမူက ထိုသို့ပြောလိုက်၍ အိမ်စည်က နေသာသွားသည်။ ညစာထမင်းကို ပျော်ရွှင်စွာ အတူတကွ စားသောက်ကြသည်။

သိပ်မိုးမချုပ်ခင် အိမ်စည်ကို ကျော်ရှင်းက ပြန်ပို့သည်။ တိုက်ခန်းထဲရောက်ပြီး အိမ်စည်က မီးတွေဖွင့်လိုက်သည်။

"ဒီနေ့ မြတ်ထွေး မလာဘူးလား"

"ဟင့်အင်း"

"ကောင်းတာပေါ့"

"ဘာကိုကောင်းတာလဲ"

"ချစ်လေးနဲ့ လွတ်လွတ်လပ်လပ် နေလို့ရတာပေါ့"

"မောင်နော် ပေါက်ကရ မစဉ်းစားနဲ့"

"ဟာ … ဘာတွေ အတွေးချော်နေတာလဲ။ စိတ်ချ လက်မထပ်ခင်အထိ မောင် စည်းမကျော်ဘူး"

ကျော်ရှင်းက ပြုံးစိစိနှင့်ပြောပြီး ဖျတ်ခနဲ အိမ်စည့်ကို ပွေ့ဖက်လိုက်သည်။



BURMESE CLASSIC .com



"ဒါမျိုးတော့ ရှိမှာပေါ့နော်"

အိမ်စည်ရဲ့ကိုယ်လေးကို တင်းတင်းပွေ့ဖက်လိုက်သည်။

"သိပ်ချစ်တယ်ကွယ်၊ ကိုကြီးကြောင့် အချစ်လေးနဲ့ ဆုံခွင့်ရပါ့မလားလို့ စိတ်ပူလိုက်ရတာ"

"တော်ပါသေးရဲ့နော်၊ ကျွန်မကို လက်ခံလိုက်တာ၊ သူတို့သာ လက်မခံရင် မောင် ဘာလုပ်မလဲ"

"အချစ်လေးနဲ့မှ မခွဲနိုင်တာ အားလုံးကို ဆန့်ကျင်ရမှာပဲ"

"တော်ပါသေးရဲ့နော်၊ သူတို့ လက်ခံတာကို ကျေးဇူးတင်လိုက်တာ၊ မိဘ မကြည်ဖြူတဲ့ အိမ်ထောင်ရေးကို မထူထောင်ချင်ဘူး မောင်ရယ်"

"ဟုတ်တယ်၊ ဒါကြောင့် မောင်ကလည်း အစစအရာရာ အဆင်ပြေပြီး ဆုံခွင့်ရပါစေ ဆုတောင်းရတာပေါ့"

"ကျွန်မ ပျော်လိုက်တာ မောင်ရယ်"

"မောင်လည်း အရမ်းပျော်တယ်၊ ရင်တွေ တအားခုန်နေတယ်"

"ဟုတ်လား၊ ကျွန်မလည်း ရင်ဘတ်ကြီးပွင့်မတတ်ပါပဲ"

"မောင့် ရင်ခုန်သံကို နားထောင်ကြည့်စမ်းပါဦး"

ကျော်ရှင်းရဲ့ ရင်ဘတ်ဆီသို့ အိမ်စည်က နားလေးကပ်ပြီး နားထောင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာကြားလဲ"

"တဒုတ်ဒုတ်နဲ့ ရင်ခုန်သံပေါ့"

"အဲ့ဒါပဲ ကြားတာလား"

"အင်း ... အဲ့ဒါပဲပေါ့ နောက် ဘာကြားရဦးမှာလဲ"

"ဒီကောင်မလေးကို အခုပဲ လက်ထပ်ပစ်လိုက်ချင်ပြီတဲ့"

"သွား ..."

ကျော်ရှင်းရဲ့ ရင်ခွင်ကို တွန်းထုတ်သော်လည်း သူက မလွှတ်သည့်အပြင် ကျော်ရှင်း၏ ရင်ခွင်ထဲမှာ မြုပ်မတတ် ပိုက်ထွေးလိုက်ပါတော့သည်။

ထာဝရလေးစားချစ်ခင်လျက်
မိုးဇာလျှန်းဝေ

BURMESE CLASSIC .com


www.burmeseclassic.com

www.burmeseclassic.com

လုံးချင်းဝတ္ထုသစ်

# ပိုရှာကျိုး၆၀

ခဝုံခွင်း



BURMESE CLASSIC .com

www.burmeseclassic.com